# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ငြိမ်းအေးသောစိတ်ရှိ**

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း မရှိ၊ ငြိမ်သက်သော ဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၀၈၂)





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှု အခမ်းအနားတက်ရောက် အဖွင့်အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည့် စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စာပေပညာရှင်များ၊ စာရေးဆရာများ၊ စာတမ်းဖတ်ကြားသူများ၊ ဆုရစာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ဖောင်ဒေးရှင်းများ နှင့် ပူးပေါင်းပါဝင်ကြသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စာပေကိုစိတ်ပါဝင်စားကြသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး**

*စာမျက်နှာ » ၇*



**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး**

*စာမျက်နှာ » ၈*




KBZ BANK
STRENGTH OF MYANMAR

**BEST BANK IN MYANMAR**

Awarded by **World Finance** | Awarded by **Euromoney** | Awarded by **The FinanceAsia**

မြန်မာ့အလင်း

# ကမ္ဘာတည်သရွေ့

နိုင်ငံတစ်နိုင်ငံ၏ ဥပဓိရုပ်ပြည့်စုံရန်မှာ အင်္ဂါလေးရပ်နှင့် ပြည့်စုံရန် လိုအပ်ကြောင်း အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရပ်တွင် ဆိုထားသည်။ (၁) နိုင်ငံ၏ပိုင်နက်နယ်မြေ (နယ်နိမိတ်)၊ (၂) ယင်းပိုင်နက်နယ်မြေတွင် နေထိုင်သည့် လူဦးရေ( နိုင်ငံသားပြည်သူများ)၊ (၃) အုပ်ချုပ်သူအစိုးရနှင့် (၄) အချုပ်အခြာအာဏာပိုင်စိုးမှုတို့သည် နိုင်ငံတစ်နိုင်ငံ၏အင်္ဂါလေးပါးဖြစ်ပြီး ယင်းအင်္ဂါလေးပါးအနက် တစ်ပါးပါးချို့ယွင်းပါက ယင်းနိုင်ငံသည် ဥပဓိရုပ်နှင့် မပြည့်စုံ၍ နိုင်ငံမမည်တော့ချေ။

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၉၀ ကျော်ရှိနေရာ ယင်းနိုင်ငံများနှင့် ၎င်းတို့၏ ပြည်သူများမှာ ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်းများ ရှိသည်ချည်း ဖြစ်သည်။ သမိုင်းဦးကာလ ဂူအောင်းလူသားများဘဝမှသည် ယဉ်ကျေးမှုအဆင့်ဆင့်မြင့်တက်ကာ ဘာသာစကားတူရာ၊ ဓလေ့ထုံးတမ်းတူရာအလိုက် စုစည်းနေထိုင်ကြရာမှ ကျေးရွာ၊ မြို့ပြ၊ တိုင်းပြည်တို့ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။ ကမ္ဘာ့သမိုင်းကို ပြန်လှေ့လာကြည့်လျှင် လူမျိုးများနှင့် မြို့ရွာနိုင်ငံများ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ဖွံ့ဖြိုးထွန်းကားမှုများမှာ တညီတညာတည်း ညင်သာချောမွေ့စွာဖြင့် မဟုတ်။ အင်အားကြီးမားသူနှင့် အင်အားနည်းပါးသူတို့အကြား ကျူးကျော်ဖိနှိပ်မှုများ၊ ကျွန်ပြုအုပ်စိုးမှုများနှင့် ခုခံတွန်းလှန်မှုများ၊ ရန်းကန်တော်လှန်မှုများမှာ အင်ပါယာနိုင်ငံကြီးများခေတ်မှသည် ၂၀ ရာစု ခေတ်လယ်ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်ကာလအထိ ကြုံတွေ့ခဲ့ကြရခြင်း ဖြစ်သည့်အလျောက် မျက်မှောက်ကာလတွင် အမျိုးသားနိုင်ငံများ တည်ထောင်ကာ အမျိုးသားရေးစိတ်ဓာတ်များဖြင့် ခိုင်မာစွာရပ်တည်နေကြရခြင်း ဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်နှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်တစ်ရပ်တွင် “ရာဇဝင်ကြောင်းကို ပြန်ပြောင်း၍ ကြည့်ရှုမှု အမျိုးဘာသာ သာသနာတို့သည် တည်တံ့၍မနေ၊ ရောနှောပျံ့နှံ့လျက်ရှိလေသည်။ ဘယ်နိုင်ငံတွင်မှ လူမျိုးတစ်မျိုးတည်းမရှိချေ။ လူမျိုးတစ်မျိုးတွင်လည်း အမျိုးမျိုးသော ဘာသာတရားတို့ကို အားထားယုံကြည်မှု ရှိကြပြန်လေသည်။ ဥပမာအားဖြင့် အမေရိကန်နှင့် ဗြိတိသျှတို့သည် ဘာသာစကားတူ၏။ လူမျိုးတစ်မျိုးတည်း မဟုတ်ချေ” ဟူ၍ ဥဒါဟရုဏ်ထုတ်ပြကာ “လူမျိုးဆိုသည်မှာ သုခဒုက္ခအတူခံစားကြ၍ နီးနီးစပ်စပ်အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်” ဟူ၍ ဖွင့်ဆိုခဲ့သည်။ နှစ်ပရိစ္ဆေဒရှည်လျားစွာ အတူတူနေထိုင်ခြင်း၊ ဒုက္ခသုခတို့ကို ဆိုးတူကောင်းဖက်အတူရင်ဆိုင်ကာ အတူခံစားကြခြင်း၊ အကျိုးစီးပွားချင်းနီးစပ်ခြင်း၊ ထပ်တူညီခြင်း၊ မကွဲမပြား မခြားမနားသော စိတ်ထားထားရှိခြင်းတို့သည် လူမျိုးဟူသော ဝေါဟာရအတွက် အနှစ်သာရဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ဝံသာနုစိတ်ကို အလွဲသုံးစားမပြုဘဲ သို့မဟုတ် မျိုးချစ်စိတ်ကို အတိဒုက္ခရောက်အောင် အသုံးမပြုဘဲ အမြင်ကျယ်ကျယ်နှင့် သဘောကြီးစွာ ဆောင်ရွက်ရန်လည်း ဗိုလ်ချုပ်က တိုက်တွန်းခဲ့သည်။

ဗိုလ်ချုပ်ဖွင့်ဆိုခဲ့သည့် လူမျိုး၏ အဓိပ္ပာယ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို မြင့်မြင့်မားမားမြှင့်တင်ကာ မဆုတ်မနစ်ကြိုးပမ်းခဲ့ကြခြင်းဖြင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့ အချုပ်အခြာအာဏာပိုင်စိုးမှု (ဝါ) မြန်မာ့လွတ်လပ်ရေးကို နယ်ချဲ့တို့လက်မှ ပြန်လည်ရယူနိုင်ခြင်း ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ဥပဓိရုပ်ပြည့်စုံစေရန်တစ်နည်းအားဖြင့် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာ ရပ်တည်နိုင်ရန်မှာ နိုင်ငံသူ နိုင်ငံသားပြည်သူလူထု၏ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်မှုသည် အဓိကအကျဆုံး အင်အားဖြစ်သည့်အလျောက် နိုင်ငံနှင့်လူမျိုးကမ္ဘာတည်သရွေ့တည်တံ့နိုင်ရန် ထာဝရ စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် စုစုပေါင်း ဆရာအရေအတွက်




# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်ဆွေလင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန |
| (၂) | ဒေါက်တာအယ်လ်တူးမိန်းဂေါင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာ<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာ<br>ဝန်ကြီးဌာန |

# နယ်မြေလုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာနေသူများအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆန်အိတ်များထောက်ပံ့

**စစ်တွေ ဒီဇင်ဘာ ၂၀**

ပုဏ္ဏားကျွန်းမြို့နယ် အထက်သင်ပုန်းတန်းကျေးရွာ၌ နယ်မြေလုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာယာယီခိုလှုံနေကြသူများအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ထောက်ပံ့လှူဒါန်းသော ဆန်အိတ် ၇၅ အိတ်ကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန်အိတ်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးတာဝန်ခံ ဦးမောင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်လှူဒါန်းခြင်းဖြစ်ပြီး ပုဏ္ဏားကျွန်းမြို့နယ် အထက်သင်ပုန်းတန်းကျေးရွာ၌ ကျောက်စရော်ကျေးရွာ၊ ဖက်ဝမ်းကျေးရွာ၊ သပြေချောင်းကျေးရွာတို့မှ နယ်မြေလုံခြုံရေး အခြေအနေကြောင့် နေရပ်စွန့်ခွာယာယီခိုလှုံနေသူ အိမ်ထောင်စု ၇၅စု လူဦးရေ ၄၅၃ ဦးရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဗိုလ်အောင်ကျော်လမ်းနှင့် အထက(၁) ပုဇွန်တောင်တို့တွင် အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်အောင်ကျော်လမ်းနှင့် ပုဇွန်တောင်မြို့နယ်ရှိ အထက(၁) ပုဇွန်တောင်တို့တွင် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတက်ရောက်ဖွင့်လှစ်ပေးသည်။

၂၅ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို အတွင်းဝန်များရုံးအနီး ဗိုလ်အောင်ကျော် လမ်းမပေါ်တွင် တပ်ဆင်ရခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့စီမံချက်အရာရှိ ကိုသူရိန်အောင်က “ဗိုလ်အောင်ကျော်လမ်းက သမိုင်းမှာထင်ရှားတဲ့အဖြစ်အပျက်တွေများစွာဖြစ်ပျက်ခဲ့တဲ့နေရာ ဖြစ်တယ်။ ဒီလမ်းတစ်လျှောက်မှာ သမိုင်းဝင်အမွေအနှစ် အဆောက်အအုံတွေ အများကြီးရှိတယ်။ လမ်းရဲ့ ပုံစံကလည်း နဂိုမူလလက်ရာအတိုင်း မပျက်မယွင်းကျန်ရှိနေသေးတဲ့ လမ်းတစ်ခုဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီနေရာမှာ အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခဲ့တာဖြစ်ပါတယ်” ဟု ပြောကြားသည်။

ချောက်ရေနံမြေသပိတ်မှ အစပြုခဲ့သော ၁၃၀၀ ပြည့် အရေးတော်ပုံအတွင်း ရန်ကုန်တက္ကသိုလ်နှင့် ယုဒသန်ကောလိပ်အပါအဝင် ရန်ကုန်မြို့ရှိ ကျောင်းသားများသည် ၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် တွင် အတွင်းဝန်ရုံး၏ ဝင်ပေါက်များကို ဝိုင်း၍ သပိတ်တားဆန္ဒပြကြသည်။ ဆန္ဒပြကျောင်းသားများကို မြင်းစီးပုလိပ်များ အပါအဝင် ဂေါ်ရာပုလိပ်များက မြင်းနှင့် တိုက်၊ နံပါတ်တုတ်နှင့် ဝင်ရောက်ရိုက်နှက်ရာတွင် ယုဒသာန်ကျောင်းသား ကိုအောင်ကျော်အပါအဝင် ကျောင်းသားများစွာ ဒဏ်ရာရခဲ့သည်။ ကိုအောင်ကျော်သည် ဦးခေါင်းတွင် ရရှိသောဒဏ်ရာဖြင့် ရန်ကုန်တက္ကသိုလ်ဆေးရုံ၌ ဒီဇင်ဘာ ၂၂ ရက်တွင် ကွယ်လွန်ခဲ့သည်။ ကိုအောင်ကျော်ကို ဂုဏ်ပြုသောအားဖြင့် ယခင်စပတ်လမ်းကို ၁၉၅၆ ခုနှစ်တွင် ဗိုလ်အောင်ကျော်လမ်းဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။

ထို့ပြင် ၂၆ ခုမြောက် အပြာရောင်ကမ္ပည်းပြားကိုလည်း အထက (၁) ပုဇွန်တောင်တွင် တပ်ဆင်ခဲ့သည်။ အဆိုပါကျောင်းကို မူလက အက်စ် သမ်ဘာရာ ရက်ဒီးယား အထက်တန်းကျောင်းအဖြစ် တည်ဆောက်ခဲ့ပြီး ကျောင်း၏အလှူရှင်မှာ ထိုစဉ်က ထင်ရှားသော စီးပွားရေးလုပ်ငန်းရှင် ပရဟိတသမား ဒေါက်တာ အက်စ် ရာမာနာသန်း ရက်ဒီးယားဖြစ်သည်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အဆောက်အအုံဟောင်း အပါအဝင် ရန်ကုန်မြို့ရှိ အဆောက်အအုံများစွာ လှူဒါန်းခဲ့သော အလှူရှင်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ် အမှုဆောင်အဖွဲ့ဝင်လည်း ဖြစ်ခဲ့သည်။ အဆောက်အအုံကို အလှူရှင်ကိုယ်တိုင် ၁၉၁၇ ခုနှစ် မေ ၃၁ ရက်တွင် အုတ်မြစ်ချပေးခဲ့ပြီး ၁၉၁၈ ခုနှစ် ဇွန် ၂၀ ရက်တွင်ဆာမာ့ခ်ဟန်တာက ဖွင့်လှစ်ပေးခဲ့ရာ ယခုနှစ်တွင် ကျောင်း၏သက်တမ်းသည် နှစ် ၁၀၀ ရှိပြီဖြစ်သည်။ လွတ်လပ်ပြီးခေတ်တွင် ပုဇွန်တောင်အထက်တန်းကျောင်းအဖြစ် အမည်ပြောင်းလဲပြီး နောက်ပိုင်းတွင် အထက(၁) ပုဇွန်တောင်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။



ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်အောင်ကျော်လမ်းမ၌တပ်ဆင်သော ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အပြာရောင်ကမ္ပည်းပြားအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူတစ်ဦးက ဖွင့်လှစ်ပေးစဉ်။

ယနေ့ တပ်ဆင်သော အပြာရောင်ကမ္ပည်းပြားများသည် ရန်ကုန်မြို့၏ ထူးခြားသော မြို့ပြအမွေအနှစ်နေရာ နှစ်ခုကို နှစ် ၈၀ ပြည့်နှင့် နှစ် ၁၀၀ ပြည့် အမှတ်တရ တပ်ဆင်သည့် အထိမ်းအမှတ်ကမ္ပည်းပြားများဖြစ်ပြီး အဆိုပါအခမ်းအနားများသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**




မြန်မာ့ရိုးရာ ကစားနည်း ဖန်ခုန်ခြင်း ဓာတ်ပုံ-ကြည်မျိုးသက်

**"လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ် ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့လုပ်ဆောင်ကြပါစို့"**

*[ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ၂၀၁၇ ခုနှစ်အတွက် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းမှ ကောက်နုတ်ချက်]*




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

● *ရှေ့ဖုံးမှ*

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အဖွင့်အမှာစကားကို စာမျက်နှာ - ၄၊ ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စာတတ်သူတိုင်းစာဖတ်ရေးလှုပ်ရှားမှု အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုအားပေးသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှု အခမ်းအနားတွင် ကလေးမိတ်ဆွေစာကြည့်တိုက်ပြခန်းကို ကြည့်ရှုအားပေးစဉ်။**
သတင်းစဉ်

# ကျွန်မတို့က လူငယ်တွေကို စာဖတ်စေချင်တယ်။ လူငယ်တွေကို စာဖတ်စေချင်တယ်ဆိုတာ လူငယ်တွေရဲ့ကမ္ဘာကြီး ကျယ်သွားအောင်လို့ပါ

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနားတွင် ပြောကြားသည့် အဖွင့်အမှာစကား

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ကျွန်မကို ဆရာဒေါက်တာ ဖေမြင့်က ဒီအခမ်းအနားမှာ စကားပြောဖို့ ပြောတဲ့အခါမှာ အားလုံးကို စာဖတ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကျွန်မကို ဖိတ်ခေါ်ပြီး ပြောခိုင်းတယ်လို့ပဲ နားလည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက စာအုပ်တွေကို မြတ်နိုးတယ်၊ တက်တက်ကြွကြွ စာဖတ်တဲ့အလေ့အထရှိတယ်။ အဲဒီအရည်အချင်းတွေရှိရုံနဲ့ ကျွန်မအနေနဲ့ စာဖတ်ခြင်းရဲ့အကျိုးကို ပြည့်ပြည့်စုံစုံ ပြောနိုင်ပါ့မလားလို့ စဉ်းစားပါတယ်။

မနေ့ညနေတုန်းက ဆရာဖေမြင့်က ကျွန်မကို နိုင်ငံတစ်ဝန်းက စာရေးဆရာ၊ ဆရာမများနဲ့အတူ ထမင်းလက်ဆုံစားပြီး ဆွေးနွေးပြောကြားဖို့ အခွင့်အရေးပေးခဲ့ပါတယ်။ ဒီ ထမင်းစားပွဲကို မတက်ခင်ကတည်းက ကျွန်မ စဉ်းစားတယ်။ စာရေးတယ်ဆိုတာ ဘာဖြစ်လို့ရေးတာလဲ၊ ဒါနဲ့ပတ်သက်ပြီး စာရေးဆရာ၊ ဆရာမများက ဒီအဖြေကို ပေးနိုင်မှာပဲလို့ ကျွန်မ စဉ်းစားပြီး စားပွဲဝိုင်းတစ်ဝိုင်းမှာ ထိုင်တဲ့အခါ ကျွန်မမေးပါတယ်။ စာဘာဖြစ်လို့ရေးကြတာလဲလို့။ ကျွန်မ မသွားခင် စဉ်းစားတာက အကြောင်းနှစ်ခုရှာလို့ရတယ်။ စာရေးတယ်ဆိုတာ ကိုယ့်ရဲ့ခံစားမှုတွေနဲ့ အတွေ့အကြုံတွေကို မျှဝေချင်လို့ အကြောင်းတစ်ခု ဖြစ်နိုင်တယ်။ ဒုတိယတစ်ခုက ကိုယ့်ရဲ့အတွေးအခေါ်တွေနဲ့ အမြင်တွေကို သူတစ်ပါးအပေါ်မှာ လွှမ်းမိုးစေချင်လို့၊ ကိုယ်တွေးသလို တွေးစေချင်လို့၊ သူများတွေရဲ့ အတွေးအခေါ်ကို ဩဇာလွှမ်းမိုးစေချင်လို့၊ ဒီအကြောင်းနှစ်ခုပဲ ရှိနိုင်မယ်လို့ ကျွန်မစဉ်းစားတယ်။ တခြားအကြောင်းတွေကို ခြုံငုံလိုက်ရင်လည်း ဒီနှစ်ခုကိုပြန်ပြီး ရောက်လာတာပဲ။

### အကြောင်းနှစ်ခုပဲ အခြေခံအားဖြင့် ရှိနိုင်မယ်

ဥပမာ - သာမန် စာရေးရင် မိတ်ဆွေအချင်းချင်း ကိုယ့်အတွေ့အကြုံတွေကို မျှဝေတယ်။ ဘယ်သွားခဲ့တယ်၊ ဘာလုပ်ခဲ့တယ် စသည်ဖြင့် မိတ်ဆွေအချင်းချင်း နီးစပ်အောင်၊ အဆက်မပြတ်အောင်လို့။ တစ်ခါတလေကျရင် စာရေးတယ်ဆိုတာကလည်း ကိုယ့်အတွေးအခေါ် ကိုယ်ထင်သလို တခြားသူကို ထင်စေချင်လို့၊ အကြောင်းကြောင်းကြောင့် တခြားသူကို တစ်မျိုးတွေးစေချင်လို့၊ တခြားသူအတွေးတွေအပေါ်မှာ ဩဇာလွှမ်းမိုးချင်လို့၊ ဒီအကြောင်းနှစ်ခုပဲ အခြေခံအားဖြင့် ရှိနိုင်မယ်လို့ ကျွန်မယုံကြည်ပါတယ်။

### စာအုပ်တွေကိုဖတ်ခြင်းက ရှောင်လို့မရ

ကျွန်မဆွေးနွေးခဲ့တဲ့ ဆရာ၊ ဆရာမတွေကလည်း အများအားဖြင့် သဘောတူတယ်လို့ နားလည်ပါတယ်။ ရေးတဲ့သူရဲ့ စေတနာက မျှဝေချင်လို့လည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် ဩဇာလွှမ်းမိုးချင်လို့လည်း ဖြစ်နိုင်တယ်၊ ဖတ်တဲ့သူတွေဟာ ဘာကြောင့်ဖတ်ကြသလဲဆိုတာလည်း ကျွန်မတို့ စဉ်းစားစရာပါ။ အခုအခမ်းအနားမှာ ဆွေးနွေးနေတာကတော့ ရသစာပေလို့ ကျွန်မနားလည်ပါတယ်။ သုတစာပေကတော့ ကိုယ်လေ့လာခဲ့တဲ့ ဘာသာရပ်နဲ့ဆိုင်လို့ မဖြစ်မနေ လေ့လာရမယ့် စာအုပ်တွေကို ဖတ်ခြင်းက ရှောင်လို့မရပါဘူး။

ဒါကို ကျောင်းသူ ကျောင်းသားတွေသာမက လုပ်ငန်းခွင်ဝင်နေတဲ့ လူကြီးတွေလည်း မိမိတို့ရဲ့ လုပ်ငန်းခွင်မှာ ပိုမိုပြီး ထိထိရောက်ရောက် လုပ်နိုင်ဖို့အတွက် ဆက်လက်ပြီး သုတစာပေတွေကို ဖတ်ရှုလေ့လာရတာက ထူးထူးထွေထွေ ရှင်းပြနေစရာမလိုပါဘူး။ ရသစာပေကို ကိုယ့်အလုပ်ခွင်အချိန်ပြင်ပမှာ၊ ကျောင်းခန်းပြင်ပမှာ၊ ကျောင်းခန်းထဲမှာ ဒီဟာဖတ်ရမယ်ဆိုပြီး ပြဋ္ဌာန်းထားတဲ့ စာအုပ်တွေမှအပ ဝါသနာကြောင့် ဖတ်ချင်လို့ဖတ်ရှုတဲ့ဟာကို ဘာကြောင့် ဖတ်ကြသလဲဆိုတော့ ပထမဦးဆုံးက အလေ့အကျင့်ပါပဲ။ ဒါကတော့ ကိုယ့်မိသားစုအသိုင်းအဝိုင်း၊ ကိုယ့်ရဲ့ကျောင်း၊ ဆရာ ဆရာမ အသိုင်းအဝိုင်းနဲ့ ဆိုင်ပါတယ်။

### စာအုပ်ကိုမြတ်နိုးတဲ့ အတိုင်းအတာချင်းမတူ

စာဖတ်ချင်အောင်၊ စာဖတ်တတ်အောင် လေ့ကျင့်ပေးတာ အဲဒါက တစ်ခု။ လေ့ကျင့်ပေးတိုင်းလည်း အတန်းတစ်တန်းထဲမှာ ဆရာမက တစ်ပုံစံတည်း သင်တယ်။ မိသားစုတစ်စုတည်းမှာ မိဘတွေက တစ်ပုံစံတည်း ဦးဆောင်မှုပေးတယ်ဆိုပေမယ့်လည်း သားသမီးတိုင်း၊ ကျောင်းသူ၊ ကျောင်းသားတိုင်းက တစ်ပုံစံတည်း ထွက်လာတာ မဟုတ်ပါဘူး။ အားလုံးဟာ တန်းတူညီတူ စာပေဝါသနာပါကြတာ မဟုတ်ပါဘူး။ အများအားဖြင့် မိဘတွေစာဖတ်တဲ့ မိသားစုမှာဆိုရင် သားသမီးတွေ စာဖတ်တာများပါတယ်။ သို့သော်ငြားလည်း သားသမီးတွေက မိဘများ စာဖတ်လို့ သားသမီးတွေ စာဖတ်ရင် စာဖတ်နှုန်းချင်း မတူဘူး။ စာအုပ်ကို မြတ်နိုးတဲ့ အတိုင်းအတာချင်း မတူဘူး။ တချို့က ထူးထူးခြားခြားမြတ်နိုးတယ်။ တချို့က ထူးထူးခြားခြား မမြတ်နိုးဘူး။ စာဖတ်နေတဲ့အခါမှာ ထိုင်ပြီး အတူတူဖတ်နေတဲ့ ကလေးတွေကို ကြည့်လိုက်ရင် ပုံစံချင်းကမတူဘူး။ တချို့က တကယ့်ကို ဒီစာအုပ်ထဲမှာ နစ်မြုပ်နေတယ်။ ဖတ်နေတဲ့စာအုပ်ထဲမှာ သူ့အတွေးတွေ၊ သူ့နှလုံးသားတွေ၊ ဦးနှောက်တွေရော အားလုံးမြုပ်နှံပြီး ဖတ်နေတယ်ဆိုတာ သိသာပါတယ်။

တချို့က ဖတ်လိုက်၊ ဟိုကြည့်လိုက် ဒီကြည့်လိုက် ဘယ်တော့များ ဖတ်လို့ပြီးပါ့မလဲ၊ ဖတ်ချိန်မကုန်သေးဘူးလား။ အဲဒီလိုဟာတွေလည်း မြင်ရတယ်။ ဒါကတော့ ဗီဇပဲ။ ဗီဇကိုတော့ ကျွန်မတို့ လုံးဝပြောင်းလဲလို့ မရဘူး။ သို့သော်လည်း သိပ္ပံပညာရှင်တွေပြောတယ်။ DNA တောင်မှ တစ်ဘဝအတွင်းမှာ ပြောင်းသွားနိုင်တယ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

တဲ့။ ကိုယ့်ရဲ့ပတ်ဝန်းကျင်ရဲ့ အနေအထားအရ၊ ကိုယ့်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုအရ ဗီဇကိုတောင် ပြောင်းလို့ရတယ်ဆိုတော့ ဒါ ဗီဇပဲ၊ ဖတ်တဲ့လူက ဖတ်တယ်၊ မဖတ်တဲ့လူက မဖတ်ဘူးဆိုပြီးတော့ အဲဒီအဖြေကတော့ မလုံလောက်ဘူးလို့ ထင်ပါတယ်။ လေ့ကျင့်မှုလည်းရှိမယ်၊ ဗီဇလည်းရှိတယ်၊ ဗီဇကိုလည်း အတိုင်းအတာတစ်ခုအထိ ကိုယ်ကနေပြီး ပြုပြင်ပေးလို့ရှိရင် ပြုပြင်ပေးလို့ ရပါတယ်။

ဒီတော့ စာဖတ်တဲ့ ဗီဇရှင်သန်အောင်၊ အားသန်အောင်၊ ဘာဖြစ်လို့လုပ်ဖို့လိုသလဲဆိုတာ အဲဒါကို ကျွန်မတို့ မေးရမယ်။ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်မေးရတာပေါ့။ ကျွန်မ ဘာဖြစ်လို့ စာအုပ်တွေကို မြတ်နိုးသလဲ၊ ဘာဖြစ်လို့ စာဖတ်ဖို့ စိတ်အားထက်သန်သလဲဆိုတော့ ပြောရမယ်ဆိုရင် ကျွန်မအတွက် အကျိုးရှိတယ်လို့ ကျွန်မမြင်လို့ပဲ။ အကျိုးရှိတယ်ဆိုတာဟာ ဗဟုသုတရတာကလည်း တစ်ဖက်ပေါ့။ ဒါကတော့ လက်တွေ့ကျကျဆိုပါတော့။

### ပုဂ္ဂိုလ်များအားလုံးနဲ့ဆိုင်တဲ့ ကမ္ဘာကြီးဖြစ်သွား

ဒါပေမယ့် စာအုပ်တွေဖတ်တဲ့အခါကျရင် ကျွန်မ စိတ်ချမ်းသာမှုရတယ်။ ကျွန်မစိတ်ထဲမှာ ကျေနပ်မှုရတယ်။ ကျွန်မရဲ့ကမ္ဘာကြီးဟာ ပိုပိုပြီးကျယ်သွားသလိုပဲ။ ကျွန်မရဲ့ကမ္ဘာကြီးဟာ ကျွန်မ တစ်ယောက်တည်းနဲ့ဆိုင်တဲ့ဟာ မဟုတ်တော့ဘူး။ တကယ့်ကို နေရာအရပ်ရပ်မှာရှိတဲ့ ပုဂ္ဂိုလ်များအားလုံးနဲ့ဆိုင်တဲ့ ကမ္ဘာကြီးဖြစ်သွားတယ်လို့ ကျွန်မခံစားရတယ်။ အဲဒါနဲ့ ပတ်သက်လို့ ကျွန်မ သိပ်မကြာခင်ကာလတုန်းက ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသူ ကျောင်းသားများနဲ့ စာဖတ်ခြင်းကိစ္စ၊ ရသစာပေနဲ့ပတ်သက်လို့ ဆွေးနွေးရာမှာ အဲဒီမှာ အဖြစ်အပျက်လေးတစ်ခုကို ကျွန်မ စိတ်ဝင်စားတယ်။ အဲဒါက ဘာလဲဆိုတော့ တချို့ဒီဆွေးနွေးပွဲကို နားထောင်တဲ့ ပရိသတ်ထဲက တချို့မှတ်မိချင် မှတ်မိပါလိမ့်မယ်။

လူငယ်တော်တော်များများ ဖတ်ဖူးတဲ့ စာအုပ်တစ်အုပ်က အမေရိကန် စာရေးဆရာတစ်ယောက် ရေးထားတဲ့ “The Catcher in the Rye” ကို မြန်မာလိုပြန်ထားတာပါ - လေလွင့်သူ ဆိုတဲ့စာအုပ်။ အဲဒါကို ပထမပြောတဲ့ လူငယ်သုံးယောက်လောက်က တက်တက်ကြွကြွနဲ့ ဒီဟာကို သူတို့ဖတ်ထားတဲ့အကြောင်းကိုပြောတော့ နောက်ပိုင်းမှာ လေးငါးယောက်မြောက်လို့ ထင်ပါတယ်၊ အဲဒီလူငယ်လေးက သူလုံးဝမကြိုက်ဘူးလို့ ပြောတယ်။ အဲဒီလို မကြိုက်ဘူးလို့ ပြောတော့ တချို့က ဩဘာပေးတယ်။ အဲဒီတော့ ကျွန်မက နည်းနည်း ရယ်ချင်တယ်။ ဘာဖြစ်လို့လဲဆိုရင် အားလုံးက ကြိုက်ပါတယ် ပြောပြီးမှ သူတစ်ယောက်တည်းက မကြိုက်ပါဘူးလို့ ပြောတာကို သဘောကျလို့ အဲဒါကို ဩဘာပေးတာလား၊ သူတို့ကိုယ်တိုင် မကြိုက်ပေမယ့် အရင်တုန်းကတော့ တခြားလူတွေက ကြိုက်နေတော့ မကြိုက်ဘူးဆိုတဲ့ဘက်က မရပ်တည်ရဲလို့၊ အခုက ဒီတစ်ယောက်က ဒီလိုမကြိုက်ဘူးဆိုပြီး ပြောတာကို သဘောကျလို့ ဩဘာပေးတာလား မသိဘူး။ ဩဘာပေးကြတယ်။ အဲဒီတော့ မကြိုက်တာလည်း သူ့မှာ မကြိုက်ပိုင်ခွင့်ရှိပါတယ်။

### စာဖတ်ခြင်းရဲ့အကျိုးကျေးဇူး

ဘာဖြစ်လို့ မကြိုက်သလဲဆိုတာကို ဒီလူငယ်ရှင်းပြတာက ဘယ်လိုလဲဆိုတော့ သူသိတဲ့ဘဝနဲ့ လုံးဝမတူလို့ပေါ့။ သူတို့ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနဲ့ လုံးဝမတူတဲ့ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုက အတွေ့အကြုံတွေမို့လို့ သူမကြိုက်ဘူးဆိုတော့ အဲဒါကျတော့ ကျွန်မ သိပ်သဘောမတူဘူး။ ဘာဖြစ်လို့လဲဆိုတော့ စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးတစ်ခုဟာ ကိုယ်နဲ့မတူတဲ့၊ ကိုယ့်ပတ်ဝန်းကျင်နဲ့မတူတဲ့ ပတ်ဝန်းကျင်တွေအကြောင်း ကိုယ်သိလာရတာ၊ ကိုယ့်လို လူတိုင်းမစဉ်းစားဘူးဆိုတာကို ကိုယ်နားလည်လာရတာ။ လောကကြီးမှာ၊ ဒီကမ္ဘာကြီးမှာဆိုရင် ယဉ်ကျေးမှု၊ အတွေးအခေါ်၊ ထုံးတမ်းစဉ်လာ အမျိုးမျိုးရှိကြပါတယ်။ အဲဒီအမျိုးမျိုးတွေဟာ မတူဘူး။ မတူကွဲပြားမှုတွေဟာ ကြိုက်တာမကြိုက်တာ တစ်မျိုးပေါ့။ ကိုယ်ကြိုက်တဲ့ဟာကို ကြိုက်မယ်၊ မကြိုက်တဲ့ဟာကို မကြိုက်ဘူး။ ဒါပေမယ့် မတူလို့၊ ကိုယ်သိတဲ့ ပတ်ဝန်းကျင်နဲ့ ကွာခြားတဲ့ ပတ်ဝန်းကျင်ကို ရောင်ပြန်ဟပ်တဲ့ စာပေမို့လို့ မနှစ်သက်ဘူးဆိုတာက ကျွန်မအနေနဲ့ လက်ခံတဲ့အမြင်တစ်ခု မဟုတ်ပါဘူး။

### လူငယ်တွေကို စာဖတ်စေချင်တယ်

ကျွန်မတို့က လူငယ်တွေကို စာဖတ်စေချင်တယ်။ လူငယ်တွေကို စာဖတ်စေချင်တယ်ဆိုတာ လူငယ်တွေရဲ့ကမ္ဘာကြီး ကျယ်ဝန်းသွားအောင်လို့ပါ။ ကျွန်မ စောစောက ပြောသလို ကျွန်မအတွက် စာဖတ်ခြင်းဟာ ကျွန်မရဲ့ကမ္ဘာကြီး ကျယ်ဝန်းသွားသလိုပဲ။ ကျွန်မတစ်ဦးတည်းရဲ့ ဦးနှောက်အကြောင်းသာ ကျွန်မ နားလည်တာ မဟုတ်ဘူး။ တခြားလူတွေရဲ့ ဦးနှောက်အကြောင်း။ နောက်ပြီး ကျွန်မတစ်ယောက်တည်းရဲ့နှလုံးသားတင် မကဘူး၊ တခြားသူတွေရဲ့ နှလုံးသားအမြင်အကြောင်းကို အများကြီး ရသစာပေက နားလည်စေတယ်။ အဲဒီလို ခံစားမှုနဲ့ ကျွန်မက စာဖတ်တယ်။

စာဖတ်တဲ့အခါ အကြမ်းဖျင်းအားဖြင့် ပြောမယ်ဆိုရင် ရသစာပေကို ဒီစာကို ဖတ်လို့၊ အရေးအသားကို ကြိုက်လို့ ဒီစာအုပ်ကို ချလို့မရတာမျိုးတွေရှိတယ်။ ရေးပုံရေးနည်း၊ သူ့ရဲ့ အတွေးအခေါ်တွေ၊ သူမြင်ရတဲ့ကိစ္စတွေ၊ သူခံစားရတဲ့ အတွေ့အကြုံတွေကို သူသရုပ်ဖော်နည်းပေါ့၊ ရေးတတ်တာ၊ ရေးပုံလှပတာ၊ အဆင့်ရှိတာ အဲဒါကြောင့် ဒီစာအုပ်ကို မချနိုင်အောင်လို့ ဖတ်ရတာမျိုးတွေလည်း ရှိတယ်။

### စာအုပ်တွေဖတ်တဲ့အခါ ဗဟုသုတတွေရ

တစ်ခါတလေကျ အရေးအသား သိပ်မကောင်းပေမယ့် ဇာတ်လမ်းက အင်မတန်မှ စိတ်ဝင်စားစရာ ကောင်းတယ်။ ဘာဖြစ်တော့မလဲ ၊ ဘာဖြစ်တော့မလဲဆိုပြီး ဥပမာ စုံထောက်ဝတ္ထုတွေဆိုရင် ကျွန်မ အလေ့အကျင့်က စောစောစီးစီးကတည်းက ဒီလူပဲဖြစ်ရမယ်လို့ သတ်မှတ်ပြီး မှန်သလားဆိုပြီး ကြည့်ချင်တာပါ။ အဲဒီဟာကို မြန်မြန်ဖတ်ပြီး ဇာတ်လမ်းကို သိချင်လို့ အဲဒါက တစ်မျိုးပါ။ တစ်ခါတလေကျတော့လည်း ဒီလို စာအုပ်တွေဖတ်တဲ့အခါကျရင် သိပ်စိတ်ဝင်စားစရာကောင်းတဲ့ ဗဟုသုတတွေရတယ်။ ရေးသားပုံကလည်း ဒီလောက်ကြီး ကောင်းချင်မှ ကောင်းမယ်။ ကိုယ့်အတွက် ဆွဲဆောင်မှု ဒီလောက်ရှိချင်မှရှိမယ်။ ဇာတ်လမ်းကလည်း ဒီလောက်စိတ်ဝင်စားစရာကောင်းချင်မှ ကောင်းမယ်။ ဒါပေမယ့် ဒီစာအုပ်ကိုဖတ်ခြင်းအားဖြင့် ကိုယ်မသိတဲ့ ကိစ္စတွေအကြောင်း၊ ဥပမာဆိုရင် ကိုယ်တစ်ခါမှ မဖတ်ဖူးတဲ့ နိုင်ငံတစ်ခုက စာရေးဆရာတွေရဲ့ စာအုပ်ဖတ်လိုက်တယ်ဆိုရင် တစ်ခါမှ ဒီဟာကိုမသိခဲ့ဘူး။ သူတို့ရဲ့ ယဉ်ကျေးမှုက ဒီလိုပါလား၊ သူတို့နိုင်ငံရဲ့ သမိုင်းကြောင်းက ဒီလိုပါလား၊ သူတို့အမြင်တွေက ဒီလိုပါလားဆိုပြီး အဲဒါကျတော့ သုတနဲ့ ဆက်နွှယ်သွားတာပေါ့။ သုတပေးတဲ့ ရသစာပေဖြစ်လို့ ဖတ်တာလည်း ရှိပါတယ်။ အကောင်းဆုံးက သုံးခုစလုံးပါတဲ့ဟာပါ။ အရေးအသားကောင်းလို့လည်း ဖတ်ချင်စရာကောင်းတယ်။ ဇာတ်လမ်းကကောင်းလို့လည်း ဆက်ပြီး စိတ်ဝင်စားစွာ ဖတ်လို့ကောင်းတယ်။ နောက်ပြီး သုတလည်း အများကြီး ရတယ်။ နောက်ဆုံး ကိုယ့်ကမ္ဘာကြီးက သိပ်ကျယ်သွားတယ်။

*စာမျက်နှာ ၅ သို့*

❒ **လူတိုင်းလူတိုင်း တစ်ယောက်အမြင်နဲ့ တစ်ယောက်မတူဘူး။ အကျိုးရှိသလား၊ မရှိသလားပေါ့။ ကျွန်မက ဒီမှာလာပြီးတော့ စာဖတ်ပါလို့ ဆော်ဩခြင်းဟာ အကျိုးရှိသလားဆိုတာ ကျွန်မအနေနဲ့ သုံးသပ်ဖို့တော့ တာဝန်ရှိတယ်။ ပြီးတော့ တချို့က ပြောတယ်၊ စာအုပ်ကောင်းတွေဖတ်မှ အကျိုးရှိတာ၊ မကောင်းတဲ့စာအုပ်တွေဖတ်ရင် အကျိုးရှိတာ မဟုတ်ဘူးဆိုပြီး ပြောမယ်။ ကောင်း၊ မကောင်း သိဖို့ဆိုတာလည်း ဖတ်မှသိတာပါ။**

*စာမျက်နှာ ၄ မှ*

မကြာခင်က ဆရာဒေါက်တာဖေမြင့်ရဲ့ အစီအစဉ်အရ ကျွန်မတို့ရဲ့သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များနဲ့ တွေ့တဲ့အခါ ကျွန်မက ဆရာကြီး ဦးအုန်းကြိုင်ကို မေးတယ်။ သတင်းဆိုတာ ဘာအတွက်လဲ။ ကျွန်မက ဘာအတွက်လဲဆိုတာကို မေးတာ သိပ်ဝါသနာပါတယ်။ ငယ်ငယ်ကတည်းက တစ်ချိန်လုံး ဘာကြောင့်လဲ၊ ဘာအတွက်လဲဆိုတာ ကလေးဘဝကတည်းက လူကြီးတွေကို မေးခဲ့တာပေါ့။ ဒါက ဘာကြောင့် ဖြစ်ရတာလဲ၊ ဒါက ဘာဖြစ်လို့ ဒီလိုခေါ်ရတာလဲ၊ ဒီဟာက ဘာကြောင့် ဒီလိုယုံကြည်ရတာလဲ စသဖြင့်ပေါ့။

**အနုပညာ စိတ်ခံစားမှုသက်သက်နဲ့ သင်ခန်းစာပေးဖို့လည်းမဟုတ်**

ကျွန်မက ဆရာကြီး ဦးအုန်းကြိုင်ကို မေးတယ်။ သတင်းဆိုတာ ဘာအတွက်လဲမေးတယ်။ ကျွန်မတို့ ဆွေးနွေးရင်း နောက်ဆုံးခြုံငုံပြီး ဆရာကြီးပြောတာက ကျိုးရှိမှန်ကန် သူခံသာတဲ့စကားနဲ့ သူမခံသာတဲ့စကား ဒီအပေါ်မှာ အခြေခံပြီး သတင်းတွေဟာ ရေးသင့် မရေးသင့်၊ ထုတ်သင့် မထုတ်သင့်၊ တန်ဖိုးရှိ မရှိကို ဆုံးဖြတ်ရတယ်လို့ ဆရာကြီးက ဒီလိုပြောပါတယ်။ ကျွန်မလည်း ဒါကို သဘောတူတယ်။ သတင်းပဲမဟုတ်ဘူး၊ စာပေဆိုတာလဲ ဒီလိုပဲ။ ကျိုးရှိ မှန်ကန် သူခံသာတဲ့စကား၊ သူမခံသာတဲ့စကားဆိုတော့ တချို့ကတော့ပြောမယ်၊ အများကြီး အငြင်းအခုံဖြစ်ခဲ့တဲ့ ကိစ္စပေါ့။ အနုပညာဆိုတာ အနုပညာ စိတ်ခံစားမှုသက်သက်နဲ့ သင်ခန်းစာပေးဖို့လည်းမဟုတ်ဘူး၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အသိုင်းအဝိုင်းကို ပိုကောင်းအောင်လုပ်ဖို့လည်း မဟုတ်ဘူး၊ ပိုပြီးဆိုးအောင်လုပ်ဖို့လည်း မဟုတ်ဘူး၊ အနုပညာစိတ်သက်သက်နဲ့ပဲဆိုပြီး တချို့က ပြောကြတယ်။

အဲဒီလိုဆိုရင် ကျိုးရှိမှန်ကန် သူခံသာတာတွေ၊ မခံသာတာတွေ ဘာမှမပါဘူးပေ့ါ။ ကိုယ်ရေးချင်တာ ကိုယ်ရေးလိုက်မယ်၊ ကိုယ်ရေးသင့်တယ်ထင်လို့ ကိုယ်ရေးတယ်ဆိုပြီး ဒီလို အမြင်မျိုးကလည်း ရှိတယ်။ ဒါပေမယ့် အကျိုးရှိတယ်ဆိုတာက ရသစာပေဆိုတာ မှန်ကန်တယ်ဆိုတဲ့ကိစ္စကို အမြဲပြောလို့မရဘူး။ ဒဏ္ဍာရီတွေ၊ တချို့မဖြစ်နိုင်တဲ့အကြောင်းလေးတွေ ရေးတယ်ဆိုရင် ဒါပေမယ့် လူတိုင်းက သိတာပဲ။ ဥပမာ မြင်းပျံကြီးဆိုတာ တကယ်က ရှိတာမဟုတ်ဘူး။ ကလေးပုံပြင်ထဲမှာ မြင်းပျံကြီးကို အခြေခံပြီး ပုံဝတ္ထုဖွဲ့ထားတယ်ဆိုရင် ကလေးတွေက သူရေးတာဖတ်ပြီး စာဖတ်ချင်တဲ့စိတ် ဖြစ်သွားတယ်ဆိုရင် ဒါက အမှားမဟုတ်ပါဘူး။ အကျိုးတော့ရှိတာပေ့ါ။

**ဆုံးမတယ်ဆိုတာလည်း တစ်ခါတလေ ဆူရတာနဲ့ သိပ်ပြီးမကွာ**

သူခံသာတဲ့စကားနဲ့ သူမခံသာတဲ့စကားဆိုတော့ အဲဒီအပိုင်းက အများကြီး ဆွေးနွေးစရာ ဖြစ်ပါတယ်။ သတင်းဘက်ကပဲဖြစ်ဖြစ် ရသစာပေဘက်ကပဲဖြစ်ဖြစ်။ ခံသာတာ မခံသာတာကို ထည့်ပြီးတော့ တွက်ဖို့လိုသလား။ ခံသာသည်ဖြစ်စေ၊ မခံသာသည်ဖြစ်စေ ရေးသင့်ရေးထိုက်လို့ ရေးတယ်ဆိုပြီးတော့ အဲဒါက ဘယ်သူက ဆုံးဖြတ်သလဲ။ မသိဘူးပေ့ါ။ မိဘဆရာတွေဘက်က ကြည့်တယ်ဆိုရင် ဆုံးမစကားပေ့ါ။ ဆုံးမတယ်ဆိုတာလည်း တစ်ခါတလေ ဆူရတာနဲ့ သိပ်ပြီး မကွာပါဘူး။ ဆူရတယ်၊ ကြိမ်းရတယ်ဆိုရင် မခံသာပေမယ့်လည်း အကျိုးရှိလို့၊ မှန်ကန်လို့ လုပ်တယ်လို့ ဒီလိုပြောလို့ရပါတယ်။

**ကောင်း၊ မကောင်းသိဖို့ ဆိုတာလည်း ဖတ်မှသိတာပါ**

ရသစာပေနဲ့ ပတ်သက်လို့တော့ အဲဒီအပိုင်းကို ကျွန်မ မဆွေးနွေးချင်ဘူး။ လူတိုင်း လူတိုင်း တစ်ယောက်အမြင်နဲ့ တစ်ယောက်မတူဘူး။ အကျိုးရှိသလား၊ မရှိသလားပေ့ါ။ ကျွန်မက ဒီမှာလာပြီးတော့ စာဖတ်ပါလို့ ဆော်သြခြင်းဟာ အကျိုးရှိသလားဆိုတာ ကျွန်မအနေနဲ့ သုံးသပ်ဖို့တော့ တာဝန်ရှိတယ်။ ပြီးတော့ တချို့ကပြောတယ်၊ စာအုပ်ကောင်းတွေဖတ်မှ အကျိုးရှိတာ၊ မကောင်းတဲ့ စာအုပ်တွေဖတ်ရင် အကျိုးရှိတာမဟုတ်ဘူးဆိုပြီးပြောမယ်။ ကောင်း၊ မကောင်းသိဖို့ ဆိုတာလည်း ဖတ်မှသိတာပါ။ စာများများဖတ်မှ ဘယ်စာအုပ်တွေက ကောင်းတယ်။ ဘယ်စာအုပ်တွေက မကောင်းဘူး။ ဘယ်စာအုပ်တွေက တန်ဖိုးရှိတယ်။ ဘယ်စာအုပ်တွေက တန်ဖိုးမရှိဘူးဆိုတာ များများဖတ်မှ သိမှာပါ။ များများ မဖတ်ဘဲနဲ့ မသိဘူး။ နောက်ပြီး လေ့လာရပါမယ်။

**ကိုယ်ကိုယ်တိုင် သင်ယူရမှာပါ**

စာအုပ်တွေ လေ့လာပြီး စာအုပ်တွေနဲ့ ပတ်သက်လို့ သုံးသပ်ချက်၊ ဝေဖန်ချက်တွေကို စာရေးဆရာကြီးများ ရေးကြတယ်။ အဲဒီဝေဖန်ချက်၊ သုံးသပ်ချက်တွေကို ဖတ်ပြီးတော့ ဒီစာအုပ်ကို ဖတ်ချင်တဲ့စိတ်၊ မဖတ်ချင်တဲ့စိတ်တွေ ဖြစ်ကြတယ်။ ဒီမှာလည်း တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းမတူကြဘူး။ စာအုပ်တွေ ဝေဖန်တဲ့အခါမှာ တစ်ယောက်က သိပ်ကောင်းပါတယ်လို့ ပြောပြီး နောက်တစ်ယောက်က လုံးဝမကောင်းပါဘူးလို့ ပြောရင်လည်း ပြောတာပဲ။ နောက်ဆုံးကျတော့ ကိုယ့်ဘာသာကိုယ် ဝေဖန်တတ်အောင်၊ ဆုံးဖြတ်တတ်အောင် ကိုယ်ဖတ်မှပဲ ရမှာပါ။ ဒါကြောင့် စာအုပ်ဖတ်ခြင်းဟာ တန်ဖိုးဘယ်လောက်ရှိသလဲ၊ မရှိသလဲဆိုတာကို ကျွန်မ ပြောလို့လည်းမရဘူး။ ကိုယ်ကိုယ်တိုင် သင်ယူရမှာပါပဲ။

ကျွန်မကတော့ ကျွန်မအတွက် တန်ဖိုးရှိတယ်လို့ ပြောချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စောစောကပြောသလို ကမ္ဘာကြီးက ကျယ်သွားတယ်။ နောက်တစ်ခုက ကိုယ့်ရဲ့အတွင်းအင်အားကို ခိုင်မာလာအောင်၊ တိုးတက်လာအောင် စာဖတ်ခြင်းဟာ အများကြီးအထောက်အကူဖြစ်ပါတယ်။

ကျွန်မတို့ အခုခေတ်မှာဆိုရင် မူးယစ်ဆေးဝါး မသုံးစွဲဖို့ လူငယ်တွေကို အမြဲပဲ တိုက်တွန်းတယ်။ ကိုယ့်ဘဝပျက်မယ် စသဖြင့်ပေ့ါ။ ဒါပေမယ့် မူးယစ်ဆေးဝါးပဲဖြစ်ဖြစ်၊ အရက်သေစာပဲဖြစ်ဖြစ်၊ ဆေးလိပ်သောက်တာပဲဖြစ်ဖြစ်၊ ကွမ်းဝါးတာပဲဖြစ်ဖြစ် အဲဒီအလေ့အကျင့်တွေကို ကျွန်မ မကြိုက်တဲ့ အကြောင်းအရင်းတစ်ခုက ဘာလဲဆိုတော့ ပြင်ပအရာတွေကို အားကိုးပြီး ကိုယ့်စိတ်ရဲ့ အင်အားကို ရှာတာ ဒီလို ကျွန်မမြင်တယ်။ အရက်ကို အားကိုးတယ်ဆိုရင် အားလုံးသိတဲ့အတိုင်းပဲ အရက်ကြိုက်တဲ့သူက အရက်ကို စိတ်ချမ်းသာလို့ သောက်တာရှိတယ်။ စိတ်ဆင်းရဲလို့ သောက်တာလည်းရှိတယ်။ မိဘနဲ့ရန်ဖြစ်လို့ သောက်တာလည်း ရှိတယ်။ တစ်ခါတလေ စာမေးပွဲအောင်လို့ ပျော်လို့ သောက်တာတွေရှိတယ်။ အမျိုးမျိုးပဲ။ သောက်ချင်တော့သောက်ရမယ့် အကြောင်းအရာတွေက အများကြီးပါပဲ။ ဆေးလိပ်သောက်တယ်ဆိုရင်လည်း ဒါပြင်ပအရာတစ်ခုကို အားကိုးသွားတယ်။ ဆေးလိပ်မသောက်ရရင် မနေနိုင်ဘူး။

**ဆေးလိပ်သောက်တယ်ဆိုရင် ပိုက်ဆံကို မီးရှို့တာနဲ့ အတူတူပဲ**

ကျွန်မတို့ နိုင်ငံရေးလှုပ်ရှားခဲ့ရတဲ့ အချိန်ကာလမှာဆိုရင် ကျွန်မတို့ ရဲဘော်ရဲဘက်တွေ တော်တော်များများဟာ အကျဉ်းကျတဲ့ဘဝကို ဖြတ်သန်းခဲ့ရပါတယ်။ အဲဒီအကျဉ်းကျတဲ့အခါမှာ ကွမ်းမစားရလို့၊ ဆေးလိပ်မသောက်ရလို့ စိတ်ဒုက္ခရောက်ရတဲ့သူတွေက အများကြီး၊ အဲဒီတော့ ကျွန်မက ကိုယ့်စိတ်ဒုက္ခကို ရှာခဲ့တာပဲလို့။ ဘာလို့အစတုန်းက စသောက်ခဲ့လဲ။ ကျန်းမာရေးအတွက်လည်း မကောင်းဘူး။ ပိုက်ဆံလည်းကုန်တယ်။ ကျွန်မပြောတယ်။ ဆေးလိပ်သောက်မယ့်အစား ဒီဆေးလိပ်ဖိုး ပိုက်ဆံတွေကို မီးရှို့လိုက်ပါလား။ ဘာလို့လဲဆိုတော့ အတူတူပဲ။ ဒါပေမယ့် ကျန်းမာရေးကို မထိခိုက်ဘူး။ ဆေးလိပ်အတွက် ဒီပိုက်ဆံနဲ့ ဆေးလိပ်ဝယ်တယ်။ ပြီးတော့ ဆေးလိပ်သောက်တယ်ဆိုရင် ဒီပိုက်ဆံကို မီးရှို့တာနဲ့ အတူတူပဲ။ ဒါထက်ပိုဆိုးတာက ကိုယ့်ကျန်းမာရေးလည်း ထိခိုက်တယ်။ ကိုယ့် ပတ်ဝန်းကျင်က သူတွေရဲ့ ကျန်းမာရေးလည်း ထိခိုက်တယ်။ အဲဒီဟာတွေကို ကျွန်မ မကြိုက်တာပါ။ ပြင်ပက မလိုအပ်တဲ့ အရာတွေကို ကိုယ့်ကိုယ်ကိုယ် အားကိုးအောင် ကိုယ်လုပ်ယူတာ။ သူများက လုပ်ယူလို့လည်း မဟုတ်ဘူး။ ကိုယ့်ဟာကိုယ် ဒီဟာကို စွဲသွားအောင်လုပ်တယ်။ ကိုယ့်ဘာသာကိုယ် ဒီစွဲသွားခြင်းကြောင့် စိတ်ဒုက္ခရောက်အောင်လုပ်တယ်။ ဒါမသောက်ရရင်၊ ဒါမစားရရင် မနေနိုင်ဘူးဆိုတဲ့ အခြေအနေဖြစ်အောင်လုပ်တယ်။

စာအုပ်ကျတော့ စာအုပ်သိပ်စွဲသွားတဲ့သူတွေက မှန်ပါတယ်၊ စာအုပ်ဖတ်ချင်တယ်။ စာအုပ်မရှိတဲ့အခါကျရင် စာအုပ်ကို တမ်းတတယ်။ ဒါပေမယ့် အဲဒါကဘာလဲဆိုတော့ စာအုပ်မြတ်နိုးသူတွေက စာအုပ်မရှိတဲ့အခါကျရင် အရင်ကိုယ်ဖတ်ခဲ့တဲ့ စာအုပ်တွေအကြောင်း ပြန်စဉ်းစားပြီးတော့ အားပြန်ယူလို့ရတယ်။ ဆေးလိပ်သောက်ခဲ့တဲ့သူဟာ အရင်တုန်းကသောက်ခဲ့တဲ့ ဆေးလိပ်ထောင်ပေါင်းများစွာကို စဉ်းစားပြီး တင်းတိမ်မှာမဟုတ်ဘူး။ ဒီဆေးလိပ်လေး အခုချက်ချင်းလက်ငင်း ဆေးလိပ်တစ်လိပ်သောက်လိုက်ရမှ သူ့စိတ်ထဲမှာ ကျေနပ်သွားမှာ။ ဒါပေမယ့် စာအုပ်ဖတ်တဲ့သူတွေ၊ စာအုပ်တွေ အများကြီးဖတ်ထားပြီး စာအုပ်မြတ်နိုးသူတွေက အချိန်မရွေး ကိုယ့်မှာအဖော်ရှိနေတယ်။ ဟိုးအရင်တုန်းက ဖတ်ခဲ့တဲ့ စာအုပ်ပေါင်းမြောက်မြားစွာဟာ ကိုယ်တစ်ယောက်တည်းရှိတဲ့အချိန်မှာ ကိုယ့်ရဲ့များစွာသော အဖော်တွေပဲ။ ရိုးရိုးအဖော်တွေတောင် မဟုတ်ဘူး။ ကိုယ့်ကို အားပေးမယ့် အဖော်တွေ၊ အဲဒီစာအုပ်တွေထဲမှာ ဖတ်ခဲ့ရတဲ့၊ သိခဲ့ရတဲ့ အတွေးအခေါ်တွေနဲ့ဘဝကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတာကို အမျိုးမျိုး ကိုယ့်အတွက် အကြံဉာဏ်တွေရတယ်။ ကိုယ့်ဘေးကနေပြီး ဒီလိုလုပ်ရင်၊ ဒီလိုဖြစ်နိုင်တယ်လို့ ပြောနေတဲ့မိတ်ဆွေတွေလိုပဲ။ ဒါကြောင့် စာဖတ်ပါ။ စာဖတ်ပါဆိုတာ ကျွန်မကတော့ နံပါတ်တစ်က ကိုယ့်အတွက် အကျိုးအများကြီးရှိတယ်။ ဗဟုသုတရတယ်ဆိုတာက သက်သက်ပေ့ါ။ အဲဒါအပြင် ကိုယ့်ရဲ့စိတ်ခါတ်ကို ခိုင်ခိုင်မာမာနဲ့ ကိုယ့်ကိုယ်ကိုယ် အားကိုးနိုင်စွမ်းကို စာများများ ဖတ်ခြင်း၊ သင့်တော် တဲ့စာပေတွေပေ့ါ။ ဒါပေမယ့် စောစောက ပြောသလို သင့်တော်တာ မသင့်တော်တာ စာများများဖတ်မှပဲ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်နိုင်မှာပါ။

**ငယ်ငယ်ကတည်းက စာအုပ်တွေကို ချစ်မြတ်နိုးတဲ့စိတ်တွေ သန္ဓေတည်သွားရင် တစ်သက်လုံး စာဖတ်ခြင်းဟာ ကိုယ့်အတွက် အကျိုးပြုနိုင်သလို ကိုယ့်ပတ်ဝန်းကျင်အတွက် အကျိုးဖြစ်အောင်လည်း သုံးတတ်သွားကြမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြောချင်တာက ဝါသနာအရ စာဖတ်ပါ၊ စာဖတ်ခြင်းဆိုတာ ဆေးလိပ်သောက်တာထက် အများကြီးပိုကောင်းပါတယ်။ နောက်ပြီး ဆေးလိပ်က တစ်ခါသောက်ပြီးရင် ကုန်သွားရော။ စာအုပ်တစ်အုပ်က ဝယ်ထားပြီးရင် တစ်သက်ထားချင်ရင်လည်း ထားလို့ရတယ်။**

**စာအုပ်ကောင်းတွေဖတ်အောင် အလေ့အကျင့်လုပ်ပေး**

ဒီဆုံးဖြတ်နိုင်တဲ့ အခြေအနေမရောက်ခင် ကလေးသူငယ်တွေကျတော့ မိဘဆရာများက ကူညီပေးရမယ်။ ဖတ်သင့်တဲ့ စာအုပ်တွေကို ငယ်ငယ်ကတည်းကနေ စာအုပ်ကောင်းတွေဖတ်အောင် အလေ့အကျင့်လုပ်ပေးရင် ကြီးလာတဲ့အခါ ကိုယ့်ဘာသာကိုယ်ရွေးတတ်လာမယ်။ ဒီစာအုပ်တွေက အကျိုးရှိတယ်။ ဒီစာအုပ်တွေက အကျိုးမရှိဘူး။ နောက် ဘယ်စာအုပ်တွေ၊ ဘယ်စာရေး ဆရာရေးတဲ့ စာအုပ်တွေဆိုရင် အနှစ်သာရပိုပြီးရှိတယ်။ ဘယ်စာရေး ဆရာ၊ ဆရာမတွေကျတော့ သူတို့စာအုပ်တွေက ယှဉ်ကြည့်ရင် အနှစ်သာရ နည်းတယ်ဆိုတာ ပထမပိုင်းမှာ လူကြီးတွေရဲ့သွန်သင်ဆုံးမမှုအရ ဒီအတွေးတွေက ဝင်လာတာပဲ။

**အတွေးအခေါ်က အမြဲပဲ ကိုယ်နဲ့ရှိနေ**

နောက်ကျတော့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်နိုင်တဲ့ အခြေအနေ ရောက်လာတယ်။ အဲဒီ အခြေအနေရောက်လာတဲ့အခါကျတော့ တစ်ယောက်နဲ့တစ်ယောက်လည်း အမြင်ချင်းတူချင်မှတူမှာ။ အမြင်ချင်းမတူတာကိုက စာအုပ်များရဲ့ကွာခြားမှုရဲ့ အကျိုးဆက်တစ်ခုကိုက ကျွန်မတို့အတွက် အများကြီးတန်ဖိုးရှိပါတယ်။ မတူတဲ့အမြင်တွေ။ ဒီစာအုပ်တစ်အုပ်ဖတ်လိုက်ခြင်းအားဖြင့် ကိုယ့်အမြင်တွေ ဘယ်လောက်ပြောင်းသွားသလဲ။ စာအုပ်ဖတ်တယ်ဆိုတာ တချို့ကနေ ဇာတ်လမ်းကိုပဲဖတ်ပြီး တခြား ဘာမှသိပ်မစဉ်းစားတော့ဘူး။ ဒါပေမယ့် စာအုပ်တွေရဲ့အဓိက အနှစ်သာရက အတွေးအခေါ်ပဲ။ အရေးအသားကောင်းမွန်တာလည်း အရေးကြီးပါတယ်။ ဒါပေမယ့် အတွေးအခေါ်က အမြဲပဲ ကိုယ်နဲ့ရှိနေတာပေ့ါ။ ကိုယ့်ရဲ့ ဘဝအပေါ်မှာ အများကြီး ဩဇာလွှမ်းမိုးနိုင်တယ်။ တချို့စာရေးဆရာတွေလည်း ဒါကိုပဲဦးတည်တာပဲ။ ကျွန်မ ခုနကပြောသလိုပဲ စာရေးတာ ဘာဖြစ်လို့ရေးသလဲ။ မျှဝေချင်လို့ရေးတယ်။ တချို့ကျလည်း တခြားသူတွေကို ဒီလိုဒီလို တွေးစေချင်တယ်ဆိုတဲ့ ဩဇာလွှမ်းမိုးချင်တဲ့စိတ်နဲ့ ရေးတာတွေလည်း ရှိပါတယ်။ ဒါကတော့ သုတစာပေမှာလည်းရှိတယ်။ ရသစာပေမှာလည်း ရှိတယ်။ အခုကျွန်မတို့ ပြောနေတာကတော့ ရသစာပေအကြောင်းပါ။

**အမြင်ချင်းမတူတာကို ယဉ်ယဉ်ကျေးကျေးနဲ့ ဆွေးနွေးနိုင်**

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် ကလေးများ ငယ်ငယ်ကတည်းကနေစပြီး စာဖတ်ဖို့အတွက် မိဘတွေက အားပေးကြပါ။ နောက်ပြီးတော့ ဖတ်တဲ့စာတွေကို ဆွေးနွေးတဲ့ အလေ့အကျင့်လည်း လုပ်ပေးပါ။ ကျွန်မတို့ စာဖတ်ဝိုင်းလုပ်တယ်ဆိုတာဒါပါပဲ။ ကိုယ်ဖတ်ထားတဲ့စာကို ကိုယ်သုံးသပ်နိုင်အောင်လို့၊ ဆွေးနွေးတတ်အောင်လို့ တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းမတူတာကို ယဉ်ယဉ်ကျေးကျေးနဲ့ ဆွေးနွေးနိုင်အောင်လို့ ဖြစ်ပါတယ်။

ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့ စိတ်ခါတ်မဟုတ်ဘူး။ ငယ်ငယ်ကတည်းက စာအုပ်တစ်အုပ် ဖတ်လိုက်တဲ့အခါကျရင် ကလေးငါးယောက်က စာအုပ်တစ်အုပ်ဖတ်တယ်၊ သူတို့အတွေးက ငါးမျိုးထွက်လာတယ်။ အဲဒီကတည်းက သြော်-တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ မတူပေမယ့်လည်း ဟိုလူက မှားတယ်၊ ငါ့လူက မှန်တယ်။ ဟိုလူက သာတယ်။ ငါက ညံ့တယ်။ ဒီလို ဟာမျိုးလည်း မဟုတ်ဘူး။ သူ့အတွေးနဲ့သူ့အတွေး အားလုံးပေါင်းလိုက်တဲ့အခါ ပိုပြီး အတွေးပေါင်းစုံသွားလို့ ပိုပြီးပြည့်စုံတယ်ဆိုတဲ့ စိတ်ခါတ်တွေကိုလည်း ဖြစ်စေလို့ စာဖတ်ဝိုင်းတွေကို ကျွန်မတို့ အားပေးတာဖြစ်ပါတယ်။

**ရွှေ့လျားစာကြည့်တိုက်တွေကို စလုပ်**

ဒါကြောင့်လည်း စာကြည့်တိုက်တွေကို အားပေးတာဖြစ်ပါတယ်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကနေပြီး ရွှေ့လျားစာကြည့်တိုက်စပြီး လုပ်တယ်ဆိုတာလည်း ဒီရည်ရွယ်ချက်နဲ့ပါ။ ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားများဟာ စာမဖတ်ချင်လို့ မဟုတ်ဘူး။ စာမဖတ်နိုင်လို့၊ စာအုပ်မရှိလို့၊ ဖတ်နိုင်တဲ့အခွင့်အရေးမရှိလို့ မဖတ်တာများတယ်လို့ ကျွန်မက အဲဒီယုံကြည်ချက်နဲ့ ရွှေ့လျားစာကြည့်တိုက်တွေကို စလုပ်တာပါ။ တချို့က သိပ်ပြီးတော့ သဘောမတူဘူး။ ဒါပေမယ့် အင်မတန်မှ ထိရောက်ပါတယ်။

ဘယ်လိုစာကြည့်တိုက်ပဲဖြစ်ဖြစ် ကျွန်မတို့စပြီး ထူထောင်ရင် တလေးတစား လုပ်ဖို့ လိုပါတယ်။ ဥပမာ - ကျွန်မ ခဏခဏ ပြောပါတယ်။ တချို့မြို့နယ်တွေမှာ စာကြည့်တိုက်၊ မြို့ထဲက စာကြည့်တိုက်တွေ သွားကြည့်လိုက်ရင် ဘယ်သူမှ မလိုချင်တဲ့ စာအုပ်အဟောင်းကြီးတွေ၊ မဂ္ဂဇင်းအစုတ်ကြီးတွေ၊ တစ်ခါတလေ ဟိုကျောင်းစာအုပ်အနွမ်းကြီးတွေကို အိမ်မှာမထားချင်လို နေရာယူတယ်ဆိုပြီး ပေးထားတဲ့ဟာတွေ ဘယ်သူက ဖတ်ချင်မှာလဲ။ စာဖတ်ချင်တဲ့စိတ်ဖြစ်အောင် ဒီလိုဟာမျိုးတွေက မလှုံ့ဆော်ဘူး။

ကျွန်မတို့ ရွှေ့လျားစာကြည့်တိုက်မှာဆိုရင် အထူးသဖြင့် ကလေးတွေဖတ်ချင်တဲ့ စာအုပ်မျိုးကို ကျွန်မတို့ အများကြီးထည့်ပါတယ်။ ရုပ်ပုံလေးတွေ အများကြီးနဲ့ အရောင်တွေက လှလှပပ တောက်တောက်ပပ ဖတ်ချင်အောင် ဒီစာအုပ်လေးတွေ ဖွင့်ကြည့်ချင်အောင်လို့၊ အဖုံးကို ကြည့်တာနဲ့ ဒီစာအုပ်ကို ဖွင့်ပြီး ဒီစာအုပ်လေးကို စမ်းကြည့်ချင်အောင်၊ မြည်းကြည့်ချင်အောင်လို့ အဲဒီပုံစံနဲ့ ကျွန်မတို့လုပ်ပါတယ်။

**ဆေးလိပ်သောက်တာထက် အများကြီးပိုကောင်း**

ငယ်ငယ်ကတည်းက စာအုပ်တွေကို ချစ်မြတ်နိုးတဲ့စိတ်တွေ သန္ဓေတည်သွားရင် တစ်သက်လုံး စာဖတ်ခြင်းဟာ ကိုယ့်အတွက် အကျိုးပြုနိုင်သလို ကိုယ့်ပတ်ဝန်းကျင်အတွက် အကျိုးဖြစ်အောင်လည်း သုံးတတ်သွားကြမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြောချင်တာက ဝါသနာအရ စာဖတ်ပါ၊ စာဖတ်ခြင်းဆိုတာ ဆေးလိပ်သောက်တာထက် အများကြီးပိုကောင်းပါတယ်။ နောက်ပြီး ဆေးလိပ်က တစ်ခါသောက်ပြီးရင် ကုန်သွားရော။ စာအုပ်တစ်အုပ်က ဝယ်ထားပြီးရင် တစ်သက်ထားချင်ရင်လည်း ထားလို့ရတယ်။ ဒါကို ကောင်းကောင်းမွန်မွန် ထားရင်ပေ့ါ။ ဆေးလိပ်တို့၊ အရက်တို့အပေါ်မှာ ပိုက်ဆံကုန်ခံမယ့်အစား စာအုပ်ကောင်းတွေဝယ်ပါ။ ဒါမှမဟုတ် တခြားသူတွေအတွက် ဝယ်ပြီးလှူပေးပါ။ ကိုယ်ကိုယ်တိုင် မဖတ်ချင်ရင်တောင်မှ ကိုယ်ကိုယ်တိုင်ဖတ်ဖို့ အချိန်မရှိဘူးပဲဆိုဆို၊ တခြားအကြောင်းကြောင်းကြောင့် မဖတ်ချင်ဘူးဆိုရင်တောင်မှ စာကြည့်တိုက်တွေ၊ ကျောင်းစာကြည့်တိုက်တွေ၊ မြို့နယ်စာကြည့်တိုက်တွေကိုလှူပါ။ စာအုပ်ကောင်းတွေကို လှူပါ။ မဖတ်ချင်တဲ့စာအုပ်၊ ကိုယ်မလိုချင်တဲ့ စာအုပ်တွေ၊ အိမ်ရှင်းတဲ့အနေနဲ့ပေးချင်တဲ့ စိတ်ခါတ်နဲ့ လှူတာက သိပ်ပြီးသန့်တဲ့ အလှူမဟုတ်ဘူးလို့ ကျွန်မကတော့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ လူငယ်တွေ စာအုပ်ချစ်မြတ်နိုးအောင်၊ စာဖတ်တတ်အောင်၊ စာဖတ်တဲ့ဝါသနာရှင်သန်အောင် အားလုံးဝိုင်းဝန်းပြီး ကူညီပေးကြပါလို့ ကျွန်မအနေနဲ့ ဆော်သြရင်း၊ မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

# လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

ဦးအောင်(ရွှေပေါက်ကံ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နယ်ချဲ့လက်အောက်ဘဝမှ လွတ်မြောက်ကာ အချုပ်အခြာအာဏာ ပြန်လည်ရရှိခဲ့သည်မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၇၁)နှစ် ပြည့်မြောက်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ် နှစ်ဆန်းကာလ မင်္ဂလာအခါသမယတွင် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကြောင်းကို ပြန်ပြောင်းသုံးသပ်ကြည့်သင့်ပေသည်။ ထိုသို့သုံးသပ်ကြည့်ပါက အောက်ပါမည်သည့်အခါမှ မေ့ပျောက်နိုင်ဖွယ်ရာမရှိဘဲ အစဉ်ထာဝရအမှတ်ရနေရမည့် ဖြစ်ရပ်များနှင့် သင်ခန်းစာယူစရာ၊ အတုယူဖွယ်ရာဖြစ်ရပ်များကို တွေ့ရှိကြရပေလိမ့်မည်။

**ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့်**

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကတည်းကပင် ကမ္ဘာ့အလယ်တွင် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်း၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်ယဉ်ကျေးမှုဖြင့် ခံ့ညားထည်ဝါစွာ ရပ်တည်ခဲ့သောနိုင်ငံဖြစ်သည်။

သက်တမ်းအားဖြင့် နှစ်သန်း ၄၀ ခန့်ရှိသော လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများကို မြန်မာ့မြေ မြန်မာနိုင်ငံအလယ်ပိုင်း(ပုံတောင်ဒေသ)တွင် တွေ့ရှိထားသည်ဖြစ်ရာ ထိုပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများအရ ထိုအချိန်ကာလကပင် မြန်မာနိုင်ငံ၌ လူများနေထိုင်ခဲ့သည်ဆိုသည်ကို ကမ္ဘာ့သုတေသီပညာရှင်များ လက်ခံအတည်ပြုထားကြပြီးဖြစ်သည်

**တစ်အူထုံ့ဆင်းသွေးသားအရင်းများ**

ထို့ကြောင့် မြန်မာ့အနွယ်(မြန်မာဟူသောဝေါဟာရသည် တိုင်းရင်းသားလူမျိုးအားလုံးကို လွှမ်းခြုံခေါ်ဝေါ်ထားခြင်းဖြစ်သည်)တို့သည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ စဉ့်ခေတ် စသည်ဖြင့် အဆင့်ဆင့်ပြောင်းလဲကာ ဤမြန်မာ့မြေပေါ်တွင်ပင် ရှင်သန်ပေါက်ဖွားခဲ့သူများဖြစ်သဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်အူထုံ့ဆင်း သွေးသားအရင်းများဖြစ်ကြပြီး ရှေးနှစ်ပေါင်းများစွာကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကာ အေးအတူ၊ ပူအမျှ အတူတကွ ဥမကွဲသိုက်မပျက်၊ စည်းလုံးညီညွတ်စွာဖြင့် တစ်ဦးအပေါ်တစ်ဦး ရိုင်းပင်းချစ်ကြည်၊ လေးစားခင်မင်တွယ်တာ နေထိုင်လာခဲ့ကြသူများဖြစ်သဖြင့် မိမိတို့၏လွတ်လပ်ရေး ထပ်မံမဆုံးရှုံးသွားအောင်နှင့် အချုပ်အခြာအာဏာ အစဉ်ထာဝရ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံး၏ မွေးရာပါတာဝန်ဖြစ်သည်။

**ထူးခြားသည့် ဝိသေသလက္ခဏာ**

မြန်မာနိုင်ငံရှိ မိမိတို့လူမျိုးစုပေါင်း ၁၀၀ ကျော်သည် တစ်မျိုးနွယ်နှင့်တစ်မျိုးနွယ် ပဋိပက္ခအသွင်မျိုး မရှိကြဘဲ ဒေသတစ်ခုတွင် မျိုးနွယ်စုအများအပြား ပေါင်းစည်းနေထိုင်ခဲ့ကြသည့် နှစ်ပေါင်းထောင်ချီသော သမိုင်းကြောင်းမှာ ထူးခြားသော ဝိသေသလက္ခဏာကို ဆောင်နေပေသည်။ တိုင်းရင်းသားမျိုးနွယ်တိုင်းတွင် ထူးခြားသည့် ကိုယ့်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ရှိကြသော်လည်း ၎င်းတို့သည် သီးခြားထီးတည်း ရပ်တည်မနေဘဲ ကူးလူးဆက်နွှယ် ပေါင်းစပ်ဖြစ်ထွန်းလာခဲ့ကြသည့်အလျောက် အခြေခံအားဖြင့် တူညီကြသည့်အတွက် မျိုးနွယ်တစ်စုနှင့်တစ်စု အတူပေါင်းစည်းယှက်နွှယ် နေထိုင်ခဲ့ကြခြင်းဖြစ်သည်။ ဤသည်တို့မှာ ထူးခြားသည့် ဝိသေသလက္ခဏာတစ်ရပ်ပင်ဖြစ်သည်။

**မတရားစစ်ပြုခံရမှု**

မြန်မာနိုင်ငံကို သိမ်းပိုက်ကျွန်ပြုရန် ရာစုနှစ်ချီ၍ မဟာဗျူဟာချ စီမံထားသော ဗြိတိသျှကိုလိုနီနယ်ချဲ့တို့၏ မတရားစစ်ပြုမှုကို မြန်မာနိုင်ငံသည် ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ်ဖြင့် သုံးကြိမ်ခံခဲ့ရသည်။ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲသည် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့ရာ ၁၄ ရက်ခန့်သာ ကြာသည်။ နယ်ချဲ့ဗြိတိသျှတို့သည် ထိုနှစ် နိုဝင်ဘာ ၂၈ ရက်နေ့တွင် ထိုစဉ်က အချုပ်အခြာအာဏာ တည်ရာ မန္တလေးနေပြည်တော်ကို သိမ်းပိုက်ရရှိသွားပြီး မြန်မာဘုရင် သီပေါမင်းနှင့် မိဖုရား စုဖုရားလတ်တို့ကို ဖမ်းဆီးခဲ့ကြသည်။ နိုဝင်ဘာ ၂၉ ရက်နေ့တွင် သီပေါမင်းပါတော်မူပြီး မြန်မာ့အချုပ်အခြာအာဏာလည်းဆုံးရှုံးကာ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှစ၍ မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည်။ နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၂၀ ကြာ နေခဲ့ရသည်။

ဤဖြစ်ရပ်ကိုကြည့်ခြင်းအားဖြင့် မိမိတို့၏လွတ်လပ်ရေး ဆုံးရှုံးခဲ့ခြင်းမှာ ရက်သတ္တနှစ်ပတ်အတွင်း ရက်ပိုင်းကာလ၌ပင် အရေးနိမ့်သွားခဲ့ရာမှ စခဲ့သော်လည်း ထိုဆုံးရှုံးသွားသည့်လွတ်လပ်ရေးကို ပြန်လည်ရရှိရန်အတွက် နှစ်ပေါင်း ၁၀၀ ကျော် ခက်ခက်ခဲခဲ ရုန်းကန်တော်လှန် တိုက်ပွဲဝင်ခဲ့ရသည်ဆိုသည်ကို သုံးသပ်တွေ့ရှိရပေသည်။ ယင်းဖြစ်ရပ်ကို ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး မေ့မထားသင့်ကြပေ။

**တိုင်းရင်းသားလူမျိုးတို့၏ နယ်ချဲ့ဆန့်ကျင်မှုများ**

ထိုသို့ တိုင်းတစ်ပါး၏ မတရားကျူးကျော်သိမ်းပိုက်မှုကို ခံခဲ့ရသော်လည်း မိမိတို့ တိုင်းရင်းသားလူမျိုးတို့သည် မတရားစစ်ပြုခံရမှု သုံးကြိမ်အတွင်းမှာသာမက ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲမတိုင်မီ ကာလကတည်းကပင် မြန်မာ့မြေပေါ်သို့ ကျူးကျော်ဝင်ရောက်လာသော နယ်ချဲ့တို့အား တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ သတ္တိပြောင်မြောက်စွာ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ဗမာမျိုးချစ်ခေါင်းဆောင်များနှင့်အတူ အရေးကြီးက သွေးနီးကြသည်ဆိုသည့်စကားအတိုင်း ပူးပေါင်းပါဝင် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်ကို တွေ့ရပေသည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမတိုင်မီကာလကတည်းကပင် နယ်ချဲ့တို့သည် မြန်မာ့အချုပ်အခြာအာဏာကို ထိပါးပြီး လက်နက်အားကိုးဖြင့် မြန်မာပိုင်နယ်မြေများဆီသို့ ချင်းနင်းဝင်ရောက်ခဲ့ကြသည်။ အရင်းရှင်နယ်ချဲ့၏ ရှေ့တော်ပြေး အီတလီနိုင်ငံသားကုန်သည် နီကိုလိုဒီကွန်တီဆိုသူသည် ခရစ်နှစ် ၁၄၂၀ ပြည့်နှစ်တွင်လည်းကောင်း၊ ကုန်သည်ကြီး စတက်ဖာနီသည် ၁၄၉၆ ခုနှစ်တွင်လည်းကောင်း မြန်မာနိုင်ငံ ပဲခူးမြို့သို့ လာရောက်အကဲခတ်သွားခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံသို့ ကိုလိုနီနယ်ချဲ့၏ ခြေရာလက်ရာများကို ဦးစွာသယ်ဆောင်လာသူများကား ပေါ်တူဂီလူမျိုး ငဇင်ကာ(ခေါ်)ဖိလစ်ဒီဘရစ်တိုဖြစ်သည်။ နယ်ချဲ့လက်ပါးစေ ငဇင်ကာသည် သန်လျင်တွင်နေထိုင်၍ ရန်ကုန်နှင့် ပုသိမ်အပါအဝင် ဒေသအများအပြား၏ ကူးသန်းရောင်းဝယ်ရေးကို ထိန်းချုပ်ထားခဲ့သည်။ မြန်မာ့ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများကို အတင်းအကျပ် ဗရင်ဂျီဘာသာသို့ သွတ်သွင်းကာ ကျောင်းကန်ဘုရား၊ စေတီပုထိုးများကို ဖျက်ဆီးသည့်အပြင် ဘုရားဌာပနာတိုက်များမှ ရတနာပစ္စည်းများကို ထုတ်ယူသည်။ မြန်မာတိုင်းရင်းသား သမီးပျိုများကို အတင်းအဓမ္မ အနိုင်ကျင့်စော်ကားဖျက်ဆီးသည်။ ၎င်း၏ စော်ကားရမ်းကားမှုများကို မြန်မာတိုင်းရင်းသား ရဟန်းရှင်လူများ ခံခဲ့ကြရသည်။

အရင်းရှင်နယ်ချဲ့တို့သည် ၁၇၉၇ ခုနှစ်မှစ၍ ရခိုင်ဒေသ၌ နယ်စပ်ပြဿနာကို အကြောင်းပြုပြီး ကျူးကျော်လာသောကြောင့် မြန်မာဘုရင် ဘိုးတော်ဘုရား(ဗဒုံမင်း)၏ တပ်များနှင့်အတူ ဒေသခံတိုင်းရင်းသားများ ပူးပေါင်းပြီး နယ်ချဲ့တပ်များအား တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ရခိုင်တော်လှန်ရေးသမားများဖြစ်ကြသော ဦးသံဒီ၊ မီဇာ (MIZA)တို့ ခေါင်းဆောင်သော နယ်ချဲ့ဆန့်ကျင်သူများသည် ဟားဘမ်းဒေသ၌ အခိုင်အမာနေရာယူ၍ နယ်ချဲ့တို့အား ရှုပ်ရှုပ်ချွံချွံ ပြင်းထန်စွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ၁၈၁၄ ခုနှစ် အောက်တိုဘာလတွင် ရခိုင်တော်လှန်ရေးခေါင်းဆောင် မီဇာအား နယ်ချဲ့တို့က ဖမ်းဆီးရမိပြီး ခေါင်းဖြတ်ကွပ်မျက်လိုက်ကြသည်။ ထို့အပြင် ၁၈၁၇ ခုနှစ် ဩဂုတ်လတွင် နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ချရီပို(Charipo) နှင့် ၎င်း၏နောက်လိုက်တော်လှန်ရေးအင်အားစု ရခိုင်တိုင်းရင်းသား ၉၆ ဦးကို နယ်ချဲ့တို့က ဖမ်းဆီးပြီး ကွပ်မျက်သတ်ဖြတ်ခဲ့ကြသည်။

ထို့အပြင် ကချင်မြေ၏ မိုးကောင်းဒေသမှ တောင်ဇာဗိုလ်နေမျိုးသိန်းရာဇာဘွဲ့ခံ နိုင်ရာခိုင်ဦးဆောင်သော ကချင်ဂျိန်းဖော ရဲမက်တော် ၁၀၀၀ ခန့်သည်လည်းကောင်း၊ ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်မှစ၍ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် ပန်းဝါဒေသကို စိုးမိုးထားသော နယ်ချဲ့ဗြိတိသျှတပ်များအား ရှမ်းစော်ဘွား မြို့စားနယ်စားများ၊ မင်းညီမင်းသားများ ဦးဆောင်သော ရှမ်းသွေးသောက်များကလည်း တောတောင်လျှိုမြောင် အထပ်ထပ်ကို ဖြတ်ကျော်၍ ပန်းဝါဒေသသို့ ချီတက်ပြီး စစ်သူကြီးမဟာဗန္ဓုလ၏ တပ်များနှင့်အတူ ၁၈၂၄ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ပြင်းထန်စွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြသဖြင့် ၁၈၂၄ ခုနှစ် မေလ ၁၇ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် ဗြိတိသျှတို့ ပန်းဝါမြေကို လက်လွှတ်ခဲ့ရသည်။

၁၈၂၅ ခုနှစ် မတ်လ ၈ ရက်တွင် ဗိုလ်လန် ဦးဆောင်သော ကရင်တိုင်းရင်းသားတို့ကလည်း မဟာဗန္ဓုလ၏ တပ်များနှင့်အတူ ဓနုဖြူခံတပ်တွင် လည်းကောင်း၊ ရှမ်းမျိုးချစ်တပ်များကလည်း ဗိုလ်ချုပ်မဟာနေမျိုးတပ်များနှင့် အတူ ၁၈၂၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် ပြည်မြို့အနီး ဝက်ထီးကန်၌ လည်းကောင်း ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြသည်။ ယင်းတိုက်ပွဲတွင် အမိနိုင်ငံတော်အတွက် ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝစွာဖြင့် ရှမ်းအမျိုးသမီးဗိုလ်မှူးသုံးဦးလည်း ပါဝင်တိုက်ခိုက်ခဲ့သည်။ ထိုပျိုမျစ်လှပသော လူကုံထံအမျိုးသမီးသုံးဦးသည် စစ်ဝတ်တန်ဆာများဝတ်ဆင်၍ စစ်သည်တော်များအကြားတွင် မြင်းများစီးကာ အားပေးစကားပြောကြားလျက်ရှိသည်ဟု Narrative of the Burmese Wars စာအုပ်တွင် မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

ပန်းဝါတိုက်ပွဲနှင့်ပတ်သက်၍ နယ်ချဲ့ဗြိတိသျှတို့၏ ပန်းဝါစစ်မျက်နှာဒေသမှူး ဗိုလ်မှူးကြီးဘိုဝင်းက အိန္ဒိယရှိ ဘုရင်ခံချုပ်ထံသို့ အစီရင်ခံရာတွင် “ရှမ်းတပ်များကလည်း သူရသတ္တိရှိသောလူမျိုး၏ဂုဏ်ကို အသက်နှင့်လဲ၍ ကာကွယ်ပေးကြသည်။ ရှမ်းတပ်များမှာ တိုက်ရည်ခိုက်ရည်ပြည့်ဝသည့် စစ်သည်များကဲ့သို့ တိုက်ခိုက်နိုင်ကြသည်။ လက်ထဲတွင် ဓားကိုင်ထားသော ဆံပင်ဖြူနေသည့် ရှမ်းစော်ဘွားများကလည်း သူတို့၏တပ်များကို မြင့်မြတ်သောစံနမူနာပြသောအားဖြင့် စစ်ရေးစစ်ရာအရ များစွာသာလွန်သော ကျွန်ုပ်တို့အား တည်ငြိမ်စွာရင်ဆိုင်ကြခြင်းဖြင့် အသက်ကိုစတေးကြသည်” ဟူ၍ ထည့်သွင်းအစီရင်ခံခဲ့သည်။

၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲတွင်လည်း အရှေ့ရိုးမတောင်တန်းမှ ကရင်တိုင်းရင်းသားခေါင်းဆောင် ပဗ္ဗတသိုဟန်ဘွားဘွဲ့ခံ စော်ဘွားကြီးအိုင်သယောင် ဦးဆောင်သော ကရင် ဂေခို၊ ဂေဘားတိုင်းရင်းသားများက ရရာလက်နက်စွဲကိုင်ပြီး ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ခဲ့ကြသည်မှာ သမိုင်းအထောက်အထား အထင်အရှားရှိပေသည်။

ဤသည်တို့မှာ တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းအကျဉ်းမျှသာဖြစ်သည်။ ဤမျှလောက်ဖြင့်ပင် မျိုးဆက်သစ်လူငယ်များအနေဖြင့် ၎င်းတို့ကိုအတုယူ၍ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်နှင့် သတ္တိဗျတ္တိစသည်တို့ ဖြစ်ထွန်းပေါ်ပေါက်ကာ နိုင်ငံတော်ကာကွယ်ရေး၊ တည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်လာစေရန် ရည်သန်၍ ရေးသားဖော်ပြလိုက်ရခြင်းဖြစ်ပေသည်။ အင်္ဂလိပ်-မြန်မာ စစ်ပွဲသုံးပွဲကာလအတွင်းမှာပင် နယ်ချဲ့ဆန့်ကျင်သူ တိုင်းရင်းသားလူမျိုး အများအပြား ရှိပေသေးသည်။

**ဗြိတိသျှလက်အောက် ရောက်ရှိပြီးနောက်**

မိမိတို့နိုင်ငံ သိမ်းပိုက်ခံရလေပြီဟု သိလျှင်သိချင်း မြန်မာ့တပ်မတော်နှင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားမှန်သမျှသည် သူ့ကျွန်အဖြစ် နွံနစ်မခံကြဘဲ နယ်ချဲ့တို့အား လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။ ဆီးဘန်းနီဆရာတော်ကလည်း “ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့် သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ် ဖြစ်လာရလေ တို့တစ်တွေသည် သေသော်မှတည့် ဩော်-ကောင်း၏” ဟု သူ့ကျွန်မခံ ဇာတိသွေးမာန်တက်ကြွစေရန် ကဗျာရေးသား နှိုးဆော်ပေးခဲ့သည်။

ထို့နောက် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေခေတ်၊ ဆရာစံအရေးတော်ပုံခေတ်၊ တို့ဗမာအစည်းအရုံးခေတ်၊ ၁၃၀၀ပြည့်အရေးတော်ပုံ၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးခေတ်၊ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော လွတ်လပ်ရေးတိုက်ပွဲခေတ်စသည်ဖြင့် ခေတ်ဆက်ဆက်တွင် တိုင်းရင်းသားအားလုံးတို့သည် မြန်မာတစ်မျိုးသားလုံး၏ ရန်သူဖြစ်သော ဗြိတိသျှတို့အား တစ်မျိုးသားလုံး အုံကြွလှုပ်ရှားကာ လက်နက်ကိုင်တိုက်ပွဲများနှင့် နိုင်ငံရေးတိုက်ပွဲများကို ကလေးသူငယ်၊ လူငယ်လူရွယ်၊ ယောက်ျားမိန်းမ၊ ရဟန်းရှင်လူမကျန် ကျရာအခန်းကဏ္ဍမှပါဝင်၍ သွေး၊ ချွေး၊ အသက်တို့နှင့်လဲကာ မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက် စည်းလုံးညီညွတ်စွာ လက်ဆင့်ကမ်း တိုက်ပွဲဝင်ခဲ့ကြသည်။

**လွတ်လပ်ရေးပြန်လည်ရရှိခြင်း**

ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာတိုင်းရင်းသားတို့၏ စုစည်းညီညွတ်မှုကို ရင်ဆိုင်တွန်းလှန်နိုင်စွမ်းမရှိတော့၍ မလွဲမသွေ လွတ်လပ်ရေးပေးရခါနီးတွင် တောင်ပေါ်မြေပြန့်ခွဲခြားပြီး လွတ်လပ်ရေးပေးရန် စီမံဆောင်ရွက်ကြသည်။ ထိုစီမံကိန်းကိုလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ဖြင့် ဖြိုခွင်းပြီး တစ်ခုတည်းသော အမိမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကို အရယူခဲ့ကြသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နှစ် ၁၀၀ ကျော် လက်လွှတ်ခဲ့ကြရသော မြန်မာ့လွတ်လပ်ရေးသည် မြန်မာတို့လက်သို့ ပြန်လည်ရောက်ရှိခဲ့ပေသည်။

တိုင်းရင်းသားအပေါင်းတို့သည် အရေးကြုံသည့်အခါ သွေးချင်းဆုံ၍ ပြည်နယ်၊ ပြည်မ၊ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တစ်သွေးတစ်သား၊ တစည်းတလုံး၊ တညီတညွတ်တည်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ တိုက်ပွဲဝင်ခဲ့ကြသောကြောင့် ‘မြန်မာ့လွတ်လပ်ရေး’ ကို ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်ပေသည်။

**လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး**

လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်အဖြစ်သည် ကျွန်ုပ်တို့အတွက် ရင်နင့်စရာ မဖြေသာသော ဥဒါန်းမကျေနိုင်သည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။ နယ်ချဲ့လက်အောက် ကျွန်ဘဝအတွေ့အကြုံများကား အလွန်ခါးသီးသောအတွေ့အကြုံများ ဖြစ်သည်။ အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်မှု သွေးစုပ်ခြယ်လှယ်မှုများကို ခံခဲ့ကြရသည်။ ထိုအဖြစ်အပျက်များကား တိုင်းရင်းသားလူမျိုးအားလုံးအတွက် လုံးဝမေ့မရသော အစဉ်အမှတ်ရနေရမည့်အဖြစ်အပျက်များပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေး သမိုင်းစဉ်တစ်လျှောက်လုံးတွင် တိုင်းရင်းသားတို့၏ စုစည်းညီညွတ်သောစွမ်းအားဖြင့် အမိမြေအတွက် တိုက်ပွဲဝင်ခဲ့သည်မှာ သမိုင်းမော်ကွန်း အထင်အရှားရှိခဲ့သည်။ တိုင်းရင်းသားတို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့သည် မိမိတို့၏ သားစဉ်မြေးဆက်တစ်လျှောက် သူ့ကျွန်ဘဝ နွံမနစ်ရလေအောင်၊ ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံတော်ဟူ၍ ကမ္ဘာတည်သရွေ့ဝင့်ထည်နေလေအောင် အသက်၊ သွေး၊ ချွေးများကို တောင်ပုံရာပုံအရင်းပြုကာ မွန်မြတ်စွာ ပေးအပ်ခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြည်ထောင်စုသားများအနေဖြင့် မိမိတို့၏ သည်းပွတ်နှလုံးပမာ တန်ဖိုးထားပြီး မိမိတို့ခေတ်တွင်သာမက သားစဉ်မြေးဆက် တည်တံ့ခိုင်မြဲနေပြီး မည်သည့်အခါမျှ ပြန်လည်လက်လွှတ်ဆုံးရှုံးမသွားရလေအောင် စည်းလုံးညီညွတ်သော စွမ်းအားဖြင့် ကာကွယ်စောင့်ရှောက် ထိန်းသိမ်း သွားကြရပေမည်။ ပြန်လည်လက်လွှတ်ဆုံးရှုံးသွားပါက သူ့ကျွန်ဘဝ ပြန်ရောက်သွားမှာပင် ဖြစ်သည်။

**အမျိုးသားရေးလုပ်ငန်းစဉ်များ အောင်မြင်ရေး**

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် နိုင်ငံတော်ကချမှတ်ပေးထားသော အမျိုးသားရေး ဦးတည်ချက်(၅)ရပ်ပါ လုပ်ငန်းစဉ်များ ပေါက်မြောက်အောင်မြင်အောင် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သွေးစည်းညီညွတ်စွာဖြင့် ကျရာအခန်းကဏ္ဍမှပါဝင်၍ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ပေသည်။

ဤနေရာတွင် အလျဉ်းသင့်၍ အင်းဝခေတ်တွင် ထင်ရှားသည့် ပေလေးပင်ရှင်လေးပါး အပါအဝင် ပုဂ္ဂိုလ်ကျော်တစ်ဦးဖြစ်သော

**မိမိတို့၏ သားစဉ်မြေးဆက်တစ်လျှောက် သူ့ကျွန်ဘဝ နွံမနစ်ရလေအောင်၊ ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံတော်ဟူ၍ ကမ္ဘာတည်သရွေ့ဝင့်ထည်နေလေအောင် အသက်၊ သွေး၊ ချွေးများကို တောင်ပုံရာပုံအရင်းပြုကာ မွန်မြတ်စွာ ပေးအပ်ခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြည်ထောင်စုသားများအနေဖြင့် မိမိတို့၏ သည်းပွတ်နှလုံးပမာ တန်ဖိုးထားပြီး မိမိတို့ခေတ်တွင်သာမက သားစဉ်မြေးဆက် တည်တံ့ခိုင်မြဲနေပြီး မည်သည့်အခါမျှ ပြန်လည်လက်လွှတ်ဆုံးရှုံး မသွားရလေအောင် စည်းလုံးညီညွတ်သော စွမ်းအားဖြင့် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြရပေမည်။**

*စာမျက်နှာ ၁၀ သို့*

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မိုင်းတုံ မဲဆန္ဒနယ်မှ ဦးအောင်ကျော်မိုး(ခ) ဦးကျော်ဦး၏ **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပြည်နယ်၊ တိုင်းများတွင် ရုံးခွဲများ ဖွင့်လှစ်မှုအခြေအနေ၊ ရာထူးအလိုက်၊ လူမျိုးအလိုက်ဝန်ထမ်းများခန့်ထားမှုအခြေအနေနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များ၊ ရုံးခွဲများ မဖွင့်နိုင်သေးသည့် ပြည်နယ်၊ တိုင်းများအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်တွင် စတင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနတို့ဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် အရာထမ်း ၃၇၀၊ အမှုထမ်း ၇၆၁ ဦး စုစုပေါင်း ၁၁၃၁ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

## တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများတွင် တာဝန်ထမ်းဆောင်ရန် ဒေသခံတိုင်းရင်းသားများကို ဦးစားပေးရွေးချယ်ခန့်ထားလျက်ရှိ

တိုင်းရင်းသားရေးရာကိစ္စများ ပိုမိုဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများကို တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များတွင် အားလုံး ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး တို့တွင် အဆောက်အအုံသစ် ဆောက်လုပ်ဖွင့်လှစ်ခဲ့ပြီး ကျန်တိုင်းဒေသကြီး၊ ပြည်နယ် များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့က နေရာချထားပေးသည့် နေရာတွင် ရုံးခန်းများဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိဝန်ကြီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများတွင် တာဝန်ထမ်းဆောင်ရန် ဒေသခံတိုင်းရင်းသားများကို ဦးစားပေးရွေးချယ်ခန့်ထားလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုးမောက် မဲဆန္ဒနယ်မှ ဦးဝင်းအောင်၏ **အခြေခံပညာအထက်တန်းအဆင့် အသစ်ပြဋ္ဌာန်းမည့် (KG+12) သင်ရိုးဖြင့် ဒသမတန်း၊ ကောဒသမတန်း၊ ဒွါဒသမတန်းများ၏ သင်္ချာနှင့် သိပ္ပံဘာသာရပ်များ သင်ကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူမှုရလဒ် မြင့်မားစေရေးနှင့် သင်ယူမှုရလဒ်အရသိရှိခြင်း၊ နားလည်ခြင်းနှင့် အသုံးချခြင်းအဆင့်အထိ ရောက်ရှိနိုင်ရန် ကျောင်းသုံးစာအုပ်များကို မြန်မာဘာသာဖြင့် ပြုစုသင်ကြားရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆင့်မြင့်ပညာရပ်များကို ဆက်လက်ဆည်းပူးရာတွင် နိုင်ငံတကာအဆင့်မီ သင်ယူလေ့လာနိုင်ရန်နှင့် သင်္ချာနှင့် သိပ္ပံဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို အချိန်နှင့်တစ်ပြေးညီ သိရှိလေ့လာနိုင်ရန်အတွက် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ပြုစုရေးသားထားသော စာအုပ်စာတမ်းများ၊ Internet Websites များကို လေ့လာခြင်းက ပို၍ အကျိုးကျေးဇူး ဖြစ်ထွန်းနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေအနေအရ နိုင်ငံခြားဘာသာစကားဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများကို ချက်ချင်း ဘာသာပြန်ဆိုနိုင်သည့် အခြေအနေမရှိသေးသောကြောင့် မူရင်းဘာသာစကား (အထူးသဖြင့် အင်္ဂလိပ်ဘာသာစကား) ဖြင့် ရေးသားထားသော စာအုပ်များကိုသာ ဦးစားပေး လေ့လာသင်ယူလေ့ကျင့်ရမည်ဖြစ်ပါကြောင်း။

## စာသင်ခန်းတွင်း သင်ကြားသင်ယူလေ့ကျင့်မှုတွင် မြန်မာဘာသာစကားကိုလည်း တွဲဖက်အသုံးပြု သင်ကြားသွားမည်

ကျောင်းသုံးစာအုပ်များကို အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော်လည်း စာသင်ခန်းတွင်း သင်ကြားသင်ယူလေ့ကျင့်မှုတွင် မြန်မာဘာသာစကားကိုလည်း တွဲဖက်အသုံးပြုသင်ကြားသွားမည်ဖြစ်သောကြောင့် သင်ယူမှုရလဒ်ကို ထိခိုက်စေမှုရှိမည်မဟုတ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများအရ အဆင့်မြင့်ပညာ၊ နည်းပညာနှင့် သက်မွေးပညာရပ်များကို နိုင်ငံတကာအဆင့်မီဆက်လက်လေ့လာနိုင်ရန်၊ ယနေ့ စက်မှုခေတ်ပြောင်းလဲရေး (Industrial Revolution 4.0)တွင် Artificial Intelligence နှင့် Bigdata ပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှုတွင် နည်းပညာကွာဟမှု ပိုမိုကြီးမားမှုမဖြစ်လာစေရေးအတွက် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၏ တီထွင်ဆန်းသစ်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးရန် အရည်အသွေးရှိသောပညာရေးဖြင့် ပြုစုပျိုးထောင်သင်ကြားသင်ယူလေ့ကျင့်ပြီး တစ်သက်တာသင်ယူသူများအဖြစ် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဂုဏ်သိက္ခာ မြင့်မားသည့် မြန်မာနိုင်ငံသားများဖြစ်လာစေရေးကို ဦးတည်ဆောင်ရွက်ရမည်ဆိုပါက သင်္ချာနှင့် သိပ္ပံဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုများကို အချိန်နှင့်တစ်ပြေးညီ သိရှိ လေ့လာသင်ယူလေ့ကျင့်နိုင်ရန်တို့အတွက် (KG+12) သင်ရိုး ဒသမတန်း၊ ကောဒသမတန်း၊ ဒွါဒသမတန်းများ၏ သင်္ချာနှင့် သိပ္ပံဘာသာရပ်များ၏ ကျောင်းသုံးစာအုပ်များကို မြန်မာဘာသာဖြင့် ပြုစုသင်ကြားရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရေဖြူ မဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန် လျာထားချက်ကို မည်သည့်အချက်များအပေါ် အခြေခံ၍ သတ်မှတ်လျာထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က တိုင်းဒေသကြီး၊ ပြည်နယ်များက သက်ဆိုင်ရာ



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း



မိုးမောက် မဲဆန္ဒနယ်မှ
ဦးဝင်းအောင်

မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ လျာထားချက် ခွဲဝေချထားပေးရာတွင်လည်း ယင်းမြို့နယ်၏ ယခင်နှစ်များက အခွန်ကောက်ခံရရှိမှုအခြေအနေ၊ စီးပွားရေးဖြစ်ထွန်းမှုအခြေအနေ၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်မှုအခြေအနေစသည်ဖြင့် တစ်မြို့နယ်ချင်းစီအလိုက်စိစစ်၍ အခွန်လျာထားချက်ကို သတ်မှတ်ပေးရခြင်းဖြစ်ပါကြောင်း၊ ထိုသို့ သတ်မှတ်ပေးရာတွင်လည်း ယင်းမြို့နယ်ရှိ စီးပွားရေးလုပ်ငန်းများ တည်ရှိမှုအခြေအနေကိုလည်း ထည့်သွင်းစဉ်းစားရပါကြောင်း၊ သို့ဖြစ်ပါ၍ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ကောက်ခံရန် လျာထားချက်များ ခွဲဝေချထားပေးရာတွင် မြို့နယ်များ၏ အခြေခံအချက်အလက်များအပေါ်မူတည်၍ အနီးစပ်ဆုံးဖြစ်စေရန် ခွဲဝေလျာထား သတ်မှတ်ပေးလျက်ရှိပါကြောင်း၊ မြို့နယ်အလိုက် အကြံပြုလိုသည်များ ရှိပါကလည်း ပြည်တွင်းအခွန်များဦးစီးဌာနမှ ကြိုဆိုပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေလုပ်သားများအား စည်းကမ်းချက်များ၊ တားမြစ်ချက်များ၊ အမိန့်ညွှန်ကြားစာများကို ထုတ်ပြန်ပြီး ပြည်သူများ အသိပညာများ ရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်

ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **မြန်မာ့ရေပိုင်နက်အတွင်း ငါးသယံဇာတ တည်ရှိမှုများကို သုတေသနပြုလုပ်သည့် နိုင်ငံခြားရေယာဉ်၏ လေ့လာတွေ့ရှိချက်များသည် သက်ဆိုင်ရာဌာနနှင့် ပြည်သူများအတွက် မည်သို့အကျိုးပြုသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ငါးလုပ်ငန်းဦးစီးအနေဖြင့် ၂၀၁၈ ခုနှစ် သုတေသနရလဒ်များ အပေါ်အခြေခံ၍ မြန်မာ့ပင်လယ်ပြင်တွင် ငါးမျိုးစိတ်အလိုက် ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရနယ်မြေများ ပိုမိုကောင်းမွန်သည့် ငါးလုပ်ငန်းစီမံခန့်ခွဲမှုအစီအမံများ ပြုလုပ်ဆောင်ရွက်လာနိုင်ခြင်း၊ ပြည်သူများငါးစားသုံးမှုလုံခြုံ၍ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ငါးအသားထဲတွင် ပလတ်စတစ်ပါဝင်မှုနှုန်း (Micro Plastic) မည်မျှ များပြားနေသည်ကို အထူးအလေးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော်လည်း ၎င်းသုတေသနရလဒ်များကို သက်ဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် FAO ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်သုံးသပ်လျက်ရှိပါကြောင်းကို ၂၀၁၉ခုနှစ် မေလခန့်တွင် ထုတ်ပြန်ကြေညာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သုတေသနရလဒ်များထွက်ပေါ်လာမည်ဆိုပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူများ သိသင့်သိထိုက်သည့် သုတေသနရလဒ်များကို ပြည်သူများပူးပေါင်းဆောင်ရွက်မှု လိုအပ်ချက်များ၊ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေလုပ်သားများအား စည်းကမ်းချက်များ၊ တားမြစ်ချက်များ၊ အမိန့်ညွှန်ကြားစာများကို ထုတ်ပြန်ပြီး ပြည်သူများအသိပညာများ ရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုကာလတွင် ဖြစ်ပေါ်နေသည့် ပလတ်စတစ်ညစ်ညမ်းမှုနှင့် ဆိုးကျိုးအန္တရာယ်ကြောင့် ပင်လယ်ပြင်အတွင်းတွင်ရှိသည့် ငါးအပါအဝင် ရေနေသတ္တဝါထိခိုက်ပျက်စီးမှု၊ ငါးဖမ်းလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းအပေါ်တွင် ထိခိုက်နိုင်မှုနှင့် ပင်လယ်ပြင်မှရရှိသည့် ငါးများသည် နိုင်ငံခြားပို့ကုန်အဖြစ် ဈေးကွက်ရရှိရန် ပိုမိုခက်ခဲလာသည့် အခြေအနေမျိုးကို တွေ့ရှိနေရပါကြောင်း၊ ငါးအသားထဲတွင် ပလတ်စတစ်ပါဝင်မှုသည် ကျန်းမာရေးထိခိုက်ပြီး ဆိုးကျိုးများဖြစ်ထွန်းလာမှုကို ပြည်သူများ ပိုမိုသိရှိလာခြင်းအားဖြင့် မိမိတို့ပတ်ဝန်းကျင်တွင် ပလတ်စတစ်နှင့် အမှိုက်များစွန့်ပစ်မှု ပပျောက်အောင် ထိန်းကျောင်းလာနိုင်မည်ဖြစ်ပါကြောင်း၊ ပင်လယ်ပြင်အတွင်း ပလတ်စတစ်များ အလွယ်တကူရောက်ရှိသည့် စွန့်ပစ်မှုနည်းပါးလာခြင်းမှ ပိုမိုကောင်းမွန်သည့် ငါးအာဟာရဓာတ်များရရှိလာပြီး ငါးသယံဇာတများ တိုးပွားရေးကိုပါ အကျိုးဖြစ်ထွန်းစေမှုနှင့်အညီ မြန်မာ့ပင်လယ် ရေလုပ်သားများနှင့် ပြည်သူများလိုက်နာဆောင်ရွက်ရေး အသိပညာပေးမှု လုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပုလဲ မဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ ကြို့ပင်ကောက် မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း၊ ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၊ လှိုင်လင် မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ မိုးကောင်း မဲဆန္ဒနယ်မှ ဦးဝင်းနိုင်၊ ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ဒလ မဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ မြစ်သား မဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်နှင့် တောင်ကုတ် မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နေပြည်တော်ကောင်စီဝင် ဦးညီထွန်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးကျော်စိုးလွင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦးတို့က ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦးက အစီရင်ခံစာအား သဘောတူလက်ခံရန် အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဘဏ္ဍာနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် ကော်မတီအတွင်းရေးမှူး ဦးတင်ထွန်းနိုင်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်း အသိပေးပြီး ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်မာမာခိုင်က အစီရင်ခံစာအား လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် အစည်းအဝေးကာလအတွင်း ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ရှစ်ဦးတို့ ကတိသစ္စာပြုခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အစည်းအဝေးကျင်းပရက် ၁၇ ရက်ရှိခဲ့ပြီး ကြယ်ပွင့်ပြ မေးခွန်း ၁၂၇ ခု မေးမြန်း ဖြေကြားခြင်း၊ ကြယ်ပွင့်မပြ မေးခွန်း ၄၃၈ ခု ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆို ကိုးခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို သုံးခု၊ မှတ်တမ်းတင်အဆို သုံးခုတို့ဖြစ်ပြီး တင်သွင်းပြီး ဆွေးနွေးရန် ကျန်အဆို သုံးခုဖြစ်ပါကြောင်း။

ဥပဒေကြမ်းများအနေဖြင့် ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း ၂၆ ခု ရှိပြီး ဥပဒေကြမ်း ကိုးခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၇ ခု ကျန်ရှိပါကြောင်း၊ နည်းဥပဒေတစ်ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ကော်မတီ ၁၂ ခု၏ အစီရင်ခံစာများ အတည်ပြုခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်နေသည့်ကာလတွင် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် ကိစ္စများကို မိမိတို့အားလုံးက ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိ၊ ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားကြရမည့် အချိန်ဖြစ်ပါကြောင်း။

## ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ဖြစ်သည့် လွှတ်တော်များ ခိုင်မာအားကောင်းနေရန်လည်း လိုအပ်

ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အရည်အချင်းပြည့်ဝနေရန် လိုအပ်သကဲ့သို့ ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ဖြစ်သည့် လွှတ်တော်များ ခိုင်မာအားကောင်းနေရန်လည်း လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆက်ဆံဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လွှတ်တော်အတွင်း ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်ကြရာတွင် ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲများ မထားရှိဘဲ အများပြည်သူအကျိုး၊ ပြည်ထောင်စုအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ကြမည်ဟု ခံယူထားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် မေးခွန်းများ၊ အဆိုများကို မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းက ဖြစ်စေ ဆောင်ရွက်သည့် ကိစ္စများကို အမြဲတမ်း အားပေးကြိုဆိုရမည်ပင် ဖြစ်ပါကြောင်း၊ ထို့အတူ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အတွက် လိုအပ်သည့် ဥပဒေများနှင့် ပြင်ဆင်သင့်သည့် ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးသည် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ပင် ဖြစ်ပါကြောင်း၊ ပြည်သူ့အသံ၊ ပြည်သူ့သဘောထားနှင့် ပြည်သူတို့၏ မျှော်လင့်ချက်များကို အလေးထား ဆန်းစစ်သုံးသပ်၍ လက်တွေ့နယ်ပယ်တွင် ပြည်သူ့အကျိုးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးက လိုက်နာကျင့်သုံးနိုင်ရေးကို လွှတ်တော်က ထိန်းညှိကူညီဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

## ပြည်သူလူထုတစ်ရပ်လုံး စည်းလုံးညီညွတ်မှုအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည့် အရေးကြီးဆုံးကိစ္စမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန်ပင်ဖြစ်

နိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရိုင်းပင်းသည့် စိတ်ဓာတ်အပြည့်ရှိသော ဖက်ဒရယ် ပြည်ထောင်စုစနစ်ကို ဖော်ဆောင်နိုင်ရန် ပြည်သူလူထုတစ်ရပ်လုံး စည်းလုံးညီညွတ်မှုအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည့် အရေးကြီးဆုံးကိစ္စမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရ ငြိမ်းချမ်းရေး ရရှိရန်ပင်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ငြိမ်းချမ်းရေးကော်မရှင်၏ ထုတ်ပြန်ကြေညာချက်ကို မိမိတို့လွှတ်တော်က ကြိုဆိုဂုဏ်ပြုပါကြောင်းနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ နိုင်ငံရေးပြဿနာများကို အမြန်ဆုံး ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း။

***စာမျက်နှာ ၈ သို့***

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဇေတင်၏ **မြန်မာ့မီးရထားကဏ္ဍ အောင်မြင်ဦးမော့လာနိုင်စေရေးအတွက် လက်ရှိရင်ဆိုင်နေရသော အခက်အခဲများနှင့် ကျဆင်းနေရမှုတို့ကို ရပ်တန့်ကျော်လွှားပြီး ရှေးယခင်အစဉ်အလာကောင်းများ ရရှိခဲ့သည့် မြန်မာ့မီးရထားကို ပြည်သူများ နှစ်ခြိုက်ချမ်းမြေ့စွာ ပြန်လည်အားပေးလာကြစေရေးအတွက် အစီအစဉ်ကောင်းများ ပြုလုပ်ဆောင်ရွက်ပေးရန် စီမံကိန်းများ ရှိ၊ မရှိ** သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က Transport Policy ၁၂ ချက်တွင် အရေးကြီးသည့်အချက်မှာ ထိရောက်ခေတ်မီပြီး စရိတ်သက်သာသည့် သယ်ယူပို့ဆောင်ရေးစနစ် တည်ထောင်ရန်ဟူ၍ ချမှတ်ထားပါကြောင်း၊ ထို့ပြင် လွတ်လပ်သည့် ယှဉ်ပြိုင်မှုဈေးကွက်ဖြစ်ရန် လိုအပ်ပါကြောင်း၊ မော်တော်ကား၊ ရထား၊ ရေကြောင်းနှင့် လေကြောင်းတို့ကို ပြည်သူလူထုမှ ရွေးချယ်နိုင်လောက်သည့် အခွင့်အလမ်းများအား အစိုးရက ဖန်တီးပေးရမည်ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စရပ်များကို အချိန်ယူဆောင်ရွက်သွားရမည်ဖြစ်ပြီး အကောင်းဆုံး၊ အချွေတာနိုင်ဆုံးနှင့် အကျိုးရှိထိရောက်သော ရင်းနှီးမြှုပ်နှံမှုဖြစ်စေရန် ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

## ဟားခါးမြို့နယ် တိလပ်ကျေးရွာတွင် သောက်သုံးရေ သုံးမိုင်သွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ(၁၂)လ၊ ပြည်နယ်နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေတွင် ငွေကျပ် သန်း ၃၀ အား ခွင့်ပြုပြီးဖြစ်

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရှန်အောရ်၏ **ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်းရှိ တိလပ် (Tilak) ကျေးရွာတွင် သောက်သုံးရေကန် တိုးချဲ့ပေးခြင်းနှင့် နောက်ထပ်ရေလှောင်ကန်အသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဟားခါးမြို့နယ် တိလပ်ကျေးရွာတွင် သောက်သုံးရေ သုံးမိုင်သွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ (၁၂)လ၊ ပြည်နယ်နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် ငွေကျပ် သန်း ၃၀ အား ခွင့်ပြုပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါ်ရှားမူ၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းနှင့် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးစိုင်းပန်ဖတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်း

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များနှင့် ထပ်မံပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန်နှင့် အစီရင်ခံစာပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၏ ပြင်ဆင်ချက်များကို လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက အဆိုပါဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုရန် အဆိုတင်သွင်းရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမြမင်းဆွေက ထောက်ခံသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ**နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၈ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ အစည်းအဝေးကျင်းပရက် ၁၇ ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနေဖြင့် **မေးခွန်းမေးမြန်းခြင်းကဏ္ဍ**တွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၁၀၅ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၀၂ ခုတို့ကို မေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

**အဆိုတင်သွင်းခြင်းကဏ္ဍ**တွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏ သက်ရှိသဘာဝသယံဇာတဖြစ်သော ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းခြင်းမှ ကာကွယ်နိုင်ရန် ရည်ရွယ်လျက် အများပြည်သူသတိပြုမှု မြင့်တက်စေရန်နှင့် ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ အစိတ်အပိုင်းများ ပြောင်ပြောင်တင်းတင်း ရောင်းဝယ်ဖောက်ကားနေမှုကို ရပ်တန့်ပစ်နိုင်ရန်အတွက် ထိရောက်စွာအရေးယူမှုများ ပြုလုပ်ခြင်းဖြင့် အချိန်မီကယ်တင်နိုင်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုကို အတည်ပြုခဲ့ပါကြောင်း။

**ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍအနေဖြင့်** အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း**ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

## မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့

**မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်း**ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ **အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေး အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးရာတွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါကြောင်း။

**မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း၊ **ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း**တို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်သို့ အသိပေးပြီး ဆွေးနွေးရန် အမည်စာရင်းတောင်းခံခဲ့ပါကြောင်း။

**ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် ၂၀၁၈ခုနှစ်၊ လောင်းကစား ဥပဒေကြမ်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း၊ စားသုံးသူကာကွယ်ရေးဥပဒေကြမ်း**တို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

**လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကြမ်းများဖြစ်သည့်** ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း တင်သွင်းထားသည့် **ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**ကို အစီရင်ခံစာ ပြန်လည်ဖတ်ကြားခြင်း၊ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ ရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုး တင်သွင်းသည့် **တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အစီရင်ခံစာတင်သွင်းခြင်းကဏ္ဍတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၁၉) ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ (၅)ကြိမ်၊ လွှတ်တော်အခွင့်အရေး ကော်မတီ (၁)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (၁၁)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (၂)ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ(၄)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ (၅) ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၄)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၄)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ(၇)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၆)ကြိမ်၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ(၆)ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ (၅)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ(၆) ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ (၃)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၂)ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ (၃)ကြိမ် စုစုပေါင်း ကော်မတီအစည်းအဝေး (၉၃)ကြိမ် ပြုလုပ်ခဲ့ပါကြောင်း။

## လွှတ်တော်ကိုယ်စားလှယ် ၆၇ ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများအနက် (၆၇)ချက်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ (၁၀)ချက် ဖြစ်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲ (Debate) ကို (၂)ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါကြောင်း၊ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို (၂) စောင် ထုတ်ဝေခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ၆၇ ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများအနက် (၆၇)ချက်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ (၁၀)ချက် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့၏ မဲဆန္ဒရှင်ပြည်သူများအကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ လူမော် (သတင်းစဉ်)**

---

*စာမျက်နှာ ၇ မှ*

ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ NCA တွင် ပူးပေါင်းပါဝင်လာနိုင်ရေး ဆောင်ရွက်နိုင်ကြပါစေကြောင်းကို ဆုတောင်းအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေးတာဝန်ကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ ပြည်သူ့ကြားက ပြည်သူ့ကိုယ်စားလှယ်များအဖြစ် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံဆောင်ရွက်ပေးကြပါ။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်နိုင်ရန် ပြည်သူလူထုအင်အားဖြင့် (Public Democratic Participation) ဖော်ဆောင်ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါ။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလမ်းကြောင်းက သွေဖည်သွားစေနိုင်သည့် အန္တရာယ်များကိုလည်း မျက်ခြည်မပြတ် သတိပြုကာကွယ်ပေးကြပါ။

မိမိတို့ မဲဆန္ဒနယ်မြေအလိုက် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများ တည့်မတ်မှန်ကန်အောင် ထိန်းညှိဆောင်ရွက်ပေးကြပါ။ ထိုသို့ ဆောင်ရွက်သည့်အခါ ကိုယ်စားလှယ်လုပ်ပိုင်ခွင့်ကို ကျော်လွန်၍ ဝင်ရောက်စွက်ဖက်သည့်ပုံစံမျိုး မဖြစ်စေရန်လည်း သတိပြုဆောင်ရွက်ကြပါ။ ပြည်သူများကို ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံပြီး ယုံကြည်အားကိုးတန်ဖိုးထားရသည့် ကိုယ်စားလှယ်များဖြစ်အောင် အစဉ်ကြိုးစားဆောင်ရွက်ကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဒသမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အေးအေးသန့် (သတင်းစဉ်)**

# စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုသည် မိမိတို့တိုင်းပြည်တွင် သိသူ၊ တတ်သူများ ပိုမိုပေါ်များလာအောင် ဆောင်ရွက်ခြင်းဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

**စာပေချစ်မြတ်နိုးသည့် စိတ်ဓာတ်များ ပျံ့နှံ့သွားစေလို**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်မှာ စာပေကိုအထွတ်အမြတ်၊ အလေးအမြတ်ပြုလိုသည့် သဘော၊ စာပေချစ်မြတ်နိုးမှုကို ပို၍အခိုင်အမာပြုလိုသည့် သဘော၊ စာပေချစ်မြတ်နိုးသည့် စိတ်ဓာတ်များ၊ နိုင်ငံအဝန်းလူကြီး၊ လူငယ်များအကြားပျံ့နှံ့သွားစေလိုသည့် သဘောထားရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ပါကြောင်း။

တိတိကျကျ ပြောရမည်ဆိုပါက စာတတ်သူတိုင်းစာဖတ်ရေးလှုပ်ရှားမှု ပြုလုပ်ရသည့်ရည်ရွယ်ချက်သည် နိုင်ငံသူနိုင်ငံသားများ အသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်ပါကြောင်း၊ စာဖတ်သည့်လူမျိုးများ တိုးတက်ကြီးပွားကြသည်ကို အများလက်ခံထားပြီး ဖြစ်ပါကြောင်း၊ အပြန်အလှန်အားဖြင့် တိုးတက်ကြီးပွားနေသည့် တိုင်းပြည်မှ ပုဂ္ဂိုလ်များသည် စာအလွန်ဖတ်ကြပါကြောင်း။

တိုင်းပြည်တစ်ပြည်တွင် သိသည့်၊ တတ်သည့်ပုဂ္ဂိုလ်များ များလာပါက အခြားတိုင်းပြည်ထက်ပို၍ သာသွားမည်ပင်ဖြစ်ပါကြောင်း၊ ယခုစာတတ်သူတိုင်းစာဖတ်ရေးလှုပ်ရှားမှုသည် မိမိတို့တိုင်းပြည်တွင် သိသူ၊ တတ်သူများ ပိုမိုပေါ်များလာအောင် ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

မိမိအနေဖြင့် နိုင်ငံသူနိုင်ငံသားများကို စာဖတ်ကြစေချင်ပါကြောင်း၊ အသက်အနေဖြင့် စွမ်းအားရှိသမျှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုတွင် စာတတ်သူများဖြစ်လာစေရန် ပညာရေးဝန်ကြီးဌာန ဆရာ ဆရာမများ၊ ကျောင်းအုပ်များ၊ ပုဂ္ဂလိကဆရာ ဆရာမများအားလုံးနှင့် မိဘ၊ အုပ်ထိန်းသူများ၊ ပြည်သူများတွင် တာဝန်ရှိပါကြောင်း၊ စာတတ်သူများဖြစ်လာစေရေး ပြုစုပျိုးထောင်၊ သင်ကြား၊ သင်ယူလေ့ကျင့်ပေးရန်အရေးကြီးပါကြောင်း၊ Grade 3 ပြီးသော ရှစ်နှစ်အရွယ် ကျောင်းသား ကျောင်းသူအားလုံးသည် ဖတ်နိုင်၊ ရေးနိုင်၊ တွက်နိုင်မှသာ တစ်သက်လုံး စာဖတ်နိုင်၊ ရေးနိုင် တွက်နိုင်မည်ဖြစ်ပါကြောင်း။

သင်ယူနိုင်ရေးတွင် ဖတ်တတ်ရန်အရေးကြီးသည့်အတွက် ဖတ်တတ်မှသာ သုတစာပေ၊ ရသစာပေများကို တစ်သက်တာလုံး သင်ယူလေ့လာနိုင်မည်ဖြစ်ရာ စာတတ်အောင် ကျောင်းများ၊ ဆရာ ဆရာမများသည် တာဝန်ရှိပါကြောင်း၊ ထို့ပြင် စာဖတ်နိုင်သည့်နေရာများဖြစ်သည့် ကျောင်းစာကြည့်တိုက်များ၊ လူထုအခြေပြု စာကြည့်တိုက်များ၊ ရပ်ကွက်ထဲမှ စာကြည့်တိုက်များ၊ အမျိုးသားစာကြည့်တိုက်များအထိ စာကြည့်တိုက်များ၏အခန်းကဏ္ဍသည်လည်း စာဖတ်နိုင်ရန် အားပေးနိုင်သည့်နေရာများဖြစ်ပါကြောင်း။

**စာဖတ်တတ်သည့် အလေ့အထကောင်းများ အားပေးရန် အရေးကြီး**

အထူးသဖြင့် မူလတန်းအရွယ် ကျောင်းသား ကျောင်းသူများ စာဖတ်တတ်သည့်အလေ့အထကောင်းများ အားပေးရန် အရေးကြီးသည့်အတွက် မူလတန်းကျောင်းများတွင် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် တိုးချဲ့စီစဉ်နေပါကြောင်း၊ အထူးသဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး စာကြည့်တိုက်များ တိုးချဲ့ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဆန်းသစ်တီထွင် စာကြည့်တိုက်ဆုများ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဆန်းသစ်တီထွင် စာကြည့်တိုက်ဆုများ ပေးအပ်ချီးမြှင့်စဉ်။

အရွယ်နှင့် လက်တွေ့ဘဝ သဘာဝကိုလိုက်၍ အမျိုးအစားခွဲခြားကြည့်ပါကြောင်း၊ ထိုသို့ ခွဲခြားရာတွင် စာသင်သားအရွယ်၊ အလုပ်လုပ်သည့်အရွယ်နှင့် အလုပ်နားသည့်အရွယ်ဟူ၍ သုံးမျိုးတွေ့ရပါကြောင်း၊ စာသင်သားအရွယ်ဆိုသည်မှာ ကလေးသူငယ်များနှင့် လူငယ်များ ပါဝင်ပါကြောင်း၊ အလုပ်လုပ်သည့် အရွယ်ဆိုသည်မှာ အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်၊ လူလတ်များနှင့် အလုပ်လုပ်နေနိုင်သည့် လူကြီးများ ပါဝင်ပါကြောင်း၊ အလုပ်မလုပ်တော့သည့် အရွယ်ဆိုသည်မှာ လူ့ဘဝ၌ ပြည့်စုံ၍ဖြစ်စေ၊ ဝန်ထမ်းဆိုလျှင် ပင်စင်ယူသွား၍ဖြစ်စေ အလုပ်မလုပ်တော့ဘဲ အချိန်ပို၊ အချိန်အားကျန်းမာနေဆဲအရွယ်ဖြစ်ပါကြောင်း။

စာဖတ်ရာတွင် မည်သည့်စာအုပ်ကို ဖတ်ရမည်နည်းဟူသည့် အကြောင်းအရာကို စဉ်းစားသင့်ပါကြောင်း၊ စာဖတ်မည့်သူများကို မည်သို့သော စာအုပ်များ ဖန်တီးပေးကြမည်နည်းဟူသည့် အပိုင်းကိုလည်း စဉ်းစားကြရမည်ဖြစ်ပါကြောင်း။

**စိတ်ကူးစိတ်သန်းများဖြင့် အားပေးစေလို**

ကလေးများ စာဖတ်စေရန်နှင့် ကလေးစာပေ ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ကလေးစာပေပွဲတော်များ ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုနှင့် စိတ်ဝင်စားမှုများ ရှိလာပါကြောင်း၊ ကလေးနှင့် ပတ်သက်သည့် စာအုပ်စာတမ်းများလည်း ပိုမိုထွက်ရှိလာပါကြောင်း၊ ကလေးစာပေများကို ပြုစုသည့် ပုဂ္ဂိုလ်များနှင့် ထုတ်လုပ်သည့်သူများကို ကျေးဇူးတင်ပါကြောင်း၊ အရည်အသွေးပိုင်းတွင် ယခုထက်ပိုမို၍ ကျယ်ပြန့်ပြည့်စုံ သန့်စင်စေရေးကို စဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဘာသာပြန် ကလေးစာပေများသာမက ပိုမိုကောင်းမွန်သည့် ကလေးစာပေများ ဖန်တီးပြုစုနိုင်ရန် စိတ်ကူးစိတ်သန်းများဖြင့် အားပေးစေလိုပါကြောင်း၊ သို့မှသာ ကလေးများအတွက် စာအုပ်စာပေအသစ်အဆန်းများ တိုးပွားလာမည်ဖြစ်ပါကြောင်း။

မိမိတို့ တိုင်းပြည်ကို ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသယံဇာတဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စာဖတ်ခြင်းသည် လူသယံဇာတဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အရေးကြီးသည့် ကဏ္ဍအဖြစ် ပါဝင်နေသည်ဟု ယုံကြည်ပါကြောင်း၊ အဆိုပါကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့၊ တစ်စုဖြင့် လုပ်ဆောင်၍ မပြီးဘဲ အသိပညာကိစ္စရပ်တွင် စိတ်ဝင်စားသူတိုင်း၊ တိုင်းပြည်ကို မြတ်နိုးသောသူတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ဖြစ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စာအုပ်စာပေဖြင့် အလုပ်လုပ်ကိုင်သောသူများ၊ ထုတ်ဝေသူများ၊ ဖြန့်ချိရောင်းချသူများ၊ စာကြည့်တိုက်လုပ်ငန်းလုပ်ကိုင်သူများ၊ ကလေးများ၊ ဆရာ ဆရာမများ၊ စာပေစာအုပ်အသိပညာနှင့် ပတ်သက်ဆက်စပ်သူများ

လူငယ်များ ယဉ်ကျေးပြီး မိမိနိုင်ငံ၏ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာကောင်းများ၊ နိုင်ငံ၏ သမိုင်းကြောင်းများကို လေ့လာသုံးသပ်ကာ လူသားတစ်ဦးအနေဖြင့် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နေထိုင်ရန်နှင့် မတူကွဲပြားသည့်အထဲတွင် အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ကူညီပြီး အခက်အခဲများကို ပူးပေါင်းဖြေရှင်း ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများသည် လွန်စွာအရေးကြီးပါကြောင်း၊ စာအုပ်စာတမ်းများကို ဖတ်ရှုခြင်းအားဖြင့် ကောင်းခြင်း၊ ဆိုးခြင်း သင်ခန်းစာယူပြီး လူများ၏ဖွံ့ဖြိုးတိုးတက်မှု၊ မိမိဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာ့ကြီး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် အကောင်းဆုံးလုပ်ပေးနိုင်သည့် တီထွင်ဖန်တီးနိုင်စွမ်းရှိသည့် လူငယ်များကို အားပေးမြှင့်တင်ရန်အတွက် အရေးကြီးပါကြောင်း၊ ထိုသို့အားပေးမြှင့်တင်နိုင်ရန် လူငယ်များ၊ သင်ယူလေ့လာသူများသည် ရသစာပေများမှ အဓိကရရှိမည်ဖြစ်ပါကြောင်း၊ ထို့အတွက် အပြုသဘောဆောင်သည့်အတွေးအမြင်များကို အားပေးသည့် ရသစာပေများသည်လည်း အင်မတန်အရေးကြီးပါကြောင်း။

စာဖတ်ကြစို့ဟု ဆိုခြင်းသည် အရေးကြီးပါကြောင်း၊ အထူးသဖြင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ရပ်ကွက်များထဲတွင်ရှိသည့် စာကြည့်တိုက်များကို



စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

အားပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ စာဖတ်ခြင်းအလေ့အထ ဖြစ်အောင် စာကြည့်တိုက်များသည် အခရာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာကြည့်တိုက်များ ထူထောင်ပြီး စာကြည့်တိုက်များအပေါ် အားလုံးက၊ စာဖတ်သူများက ချစ်ခင်လာပြီး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို အသုံးချ၍ ဖန်တီးဆောင်ရွက်နိုင်ရေး စာတတ်သူတိုင်း စာဖတ်ရေးအခမ်းအနားမှ အားပေးမြှင့်တင်ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြစ်ကြီးနားခရိုင်၊ ဘားအံခရိုင်၊ နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာနများနှင့် ချောင်းဦးမြို့နယ်၊ ပုသိမ်ကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်များမှ ကိုယ်စားလှယ်များအား ဆန်းသစ်တီထွင် စာကြည့်တိုက်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) လူထုအခြေပြုဗဟိုဌာနနှင့် မြောက်ဦးခရိုင်၊ စမ်းချောင်းမြို့နယ်၊ ညောင်ရွှေမြို့နယ် ပြည်သူ့စာကြည့်တိုက်များမှ ကိုယ်စားလှယ်များအား ဆန်းသစ်တီထွင် စာကြည့်တိုက်ဆုများ ပေးအပ်ချီးမြှင့်သည်။

**ဆန်းသစ်တီထွင် စာကြည့်တိုက်ဆုများ ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမြင်သစ်စာကြည့်တိုက်၊ ထွန်းတောက်ရောင်ခြည်စာကြည့်တိုက်၊ ဓမ္မဇောတိ (e-library)၊ ရွှေညာမြေ စာကြည့်တိုက်၊ မြသိန်းတန်စာကြည့်တိုက်တို့မှ ကိုယ်စားလှယ်များအားလည်းကောင်း၊ နေပြည်တော် ကောင်စီဝင် ဦးအောင်မြင်ထွန်းက ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း ရွှေလျှားစာကြည့်တိုက်၊ ကော့မှူးမြို့နယ် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျှားစာကြည့်တိုက်၊ ပညာပါရမီစာကြည့်တိုက်၊ ကမ္ဘောဇလူငယ်စာကြည့်တိုက်၊ ထားဝယ် Millennium Centre တို့မှ ကိုယ်စားလှယ်များအားလည်းကောင်း ဆန်းသစ်တီထွင် စာကြည့်တိုက်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများကိုယ်စား စာကြည့်တိုက်မှူးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် Ooredoo Myanmar ကုမ္ပဏီနှင့် Myanmar Book Aid and Preservation Foundation (MBAPF) တို့အကြား စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ထောက်ပံ့ကူညီမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် Myanmar Book Aid and Preservation Foundation မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာသန့်သော်ကောင်းက နားလည်မှုစာချွန်လွှာ ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ Ooredoo Myanmar ကုမ္ပဏီမှ CEO Mr.Vikram Sinha က ကူညီထောက်ပံ့မှုဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ထောက်ပံ့ကူညီမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့ ရှေ့မှောက်၌ ဒေါက်တာသန့်သော်ကောင်းနှင့် Mr.Vikram Sinha တို့က လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

*စာမျက်နှာ ၁၀ သို့*



စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုအခမ်းအနားတွင် Community Library to Community Centre ခေါင်းစဉ်ဖြင့် ဒေါက်တာသန့်သော်ကောင်း ဦးဆောင်၍ ဆွေးနွေးပွဲ ကျင်းပစဉ်။



# ပြည်သူများ စာဖတ်ရှိန်မြှင့်တင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်သူများ စာဖတ်ရှိန် မြှင့်တင်နိုင်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန- ၂ ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် “စာတတ်သူတိုင်း စာဖတ်ရေး”လှုပ်ရှားမှု အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Myanmar Book Aid and Preservation Foundation (MBAPF)မှ အမှုဆောင် ဒါရိုက်တာ ဒေါက်တာ သန့်သော်ကောင်းနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေတို့ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက် ထုတ်ပြန်ခြင်းဆိုင်ရာ ပြန်ကြားရေး လုပ်ငန်းများအပြင် ပြည်သူများအတွက် အသိပညာဖြန့်ဝေခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသိပညာ အတတ်ပညာ ပြည့်ဝသည့် နိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ အသိပညာဖြန့်ဝေရေးသည် လွန်စွာအရေးကြီးပါကြောင်း။

သို့ပါ၍ အခြေခံပညာအဆင့် စာသင်ကျောင်းများကို အခြေခံပြီး ကလေးစာပေပွဲတော်များ ကျင်းပလျက်ရှိသကဲ့သို့ တက္ကသိုလ်များကို အခြေခံပြီး လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်များကို ကျင်းပနေခြင်း ဖြစ်ပါကြောင်း၊ မြို့နယ်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်လျက်ရှိသကဲ့သို့ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီးလည်း ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ခြင်း အပါအဝင် နယ်လှည့်စာကြည့်တိုက်ယာဉ်များဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးကို ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ နယ်လှည့်စာကြည့်တိုက်ကို နေရာဒေသအလိုက် သင့်လျော်စွာဖြင့် စီမံဆောင်ရွက်နိုင်ပါကြောင်း။

ယခင်က စက်ဘီးများဖြင့်လည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့နှင့် ပူးပေါင်းပြီး သုံးဘီးယာဉ်များဖြင့်လည်း နယ်လှည့်စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်နေပါကြောင်း၊ ပြည်ပနိုင်ငံများတွင် ဒေသအလိုက် လှေများ၊ ဆင်များ စသည်ဖြင့် အသုံးပြုပြီး ဆောင်ရွက်နေကြပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အစီအစဉ်ဖြင့်လည်း သင့်လျော်သည့် နည်းလမ်းများဖြင့် စီမံဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ပြီး အားပေးဆောင်ရွက်ကြစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်ရေးဆိုင်ရာများကို ပါဝင်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

ထို့နောက် Ooredoo Myanmar ကုမ္ပဏီမှ CEO Mr.Vikram Sinha က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ထံ စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒေါက်တာသန့်သော်ကောင်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် Mr.Vikram Sinha တို့ကို အမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် ဆွေးနွေးပွဲများ ဆက်လက်ကျင်းပရာ Community Library to Community Centre ခေါင်းစဉ်ဖြင့် ဒေါက်တာသန့်သော်ကောင်းက ဦးဆောင်၍ ဒေါ်စန္ဒာချစ်ဖို့၊ ဒေါ်အေးသူဇာ၊ ဒေါ်ခင်နှင်းကြည်၊ ဦးအောင်သန်းထွဋ်နှင့် ဦးဇော်ထက်အောင်တို့က လည်းကောင်း၊ စာတတ်သူတိုင်းစာဖတ်ရေးခေါင်းစဉ်ဖြင့် ဦးသန်းအုံး (မောင်ဇေယျာ)က ဦးဆောင်၍ ဒေါက်တာထွန်းအောင်ကျော်၊ ဒေါ်ဖြူနု (စံပယ်ဖြူနု)၊ ဦးစိုးသူ (ဒီမိုစိုးသူ)နှင့် ဒေါ်မြဦးတို့က လည်းကောင်း၊ စာဖတ်သည့် အလေ့အထကောင်းများ ပူးပေါင်းဖော်ဆောင်ရေး ခေါင်းစဉ်ဖြင့် ဒေါ်အငယ်ထွေး (ယမင်းမြတ်အေး)က ဦးဆောင်၍ ဒေါ်နီလာဝင်း(ငွေကြယ်စင်)၊ ဦးထူးကျော်ဝင်း၊ ဦးမောင်မောင်ဦး (ဟိန်းလတ်)နှင့် ဦးမောင်မောင်စိုးတို့ကလည်းကောင်း ဆွေးနွေးကြသည်။

စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနား ဒုတိယနေ့ ဒီဇင်ဘာ ၂၁ ရက်တွင် အခြေခံပညာကဏ္ဍ၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်ချက်များစာတမ်း၊ လူငယ်နှင့် စာကြည့်တိုက်ယဉ်ကျေးမှုစာတမ်း၊ ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများ စာတမ်းတို့ကို ဖတ်ကြားခြင်း၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်သည့် အလေ့အထများ ဖော်ဆောင်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ၊ စာတတ်သူတိုင်း စာဖတ်ရေးအတွက် တွေ့ကြုံနေရသည့်အခက်အခဲနှင့် ကျော်လွှားနိုင်မည့် နည်းလမ်းများ ဆွေးနွေးပွဲတို့ကိုလည်းကောင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

*စာမျက်နှာ ၆ မှ*

ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်ကျမ်းမှ ‘အမှုခပ်သိမ်းညီညွတ်ရခြင်း’ ခေါင်းစဉ်ပါ စကားပြေစာပိုဒ်ကလေးအား ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်-

**အမှုခပ်သိမ်းညီညွတ်ရခြင်း**

အမှုခပ်သိမ်း ညီညွတ်သည်၌ကား မင်းထွက်စည်သံကြားက ငါ၏ ကိစ္စပြုဖွယ်ကိစ္စရှိခဲ့၏။ ငါ့အား မင်္ဂလာပြုပါသေး၏ဟု အချွတ်အယွင်းမရှိစေမူ၍ စားသောအစာတစ်ဝက်စားခင် ကာသာလည်းကောင်း၊ ပန်းနံ့သာ တစ်ဝက်လိမ်းခင် ကာသာလည်းကောင်း၊ သူ့ရှေးဦးငါရောက်အောင်ဟူ၍ မူလာ၍ စည်းဝေး၏။

တိုင်ပင်ကြသောစကားမပြီးခင် အလျင်ထ၍ မသွား။ စစ်ရေးမက်ရေး ခိုးသူဘေးအစရှိသော အမှုကြုံသော်လည်း သူ့ရှေးဦးငါရောက်အောင်ဟူ၍ အမှုထမ်းညီကြ၏။ တစ်စုံတစ်ယောက်သော အမှုူး အမတ်၊ မင်းဆွေမင်းမျိုးတို့တွင် အလုပ်အကြံချွတ်၍ မကုံမလုံဖြစ်လတ်မူကား ဤမည်သော သူစိမ်းမြန်လူဟု တစ်ယောက်ကိုသာ ဝန်မမူဘဲ ကုံလုံအောင်မူ၍ သင်္ဂြိုဟ်ကြ၏။ တစ်ယောက်ယောက်အား မင်္ဂလာ၊ အမင်္ဂလာဖြစ်လတ်ငြားတုံသော်လည်း အညီလျှင် ဆင်းရဲချမ်းသာအမှု၌ အဖော်ဖြစ်ကြကုန်၏။ ဤကား အမှုခပ်သိမ်း၌ ညီညွတ်သောအကျင့်တည်း”ဟု ဖော်ပြထားရာ လေ့လာမှတ်သား အတုယူလုပ်ဆောင်သင့်ကြသော စာပိုဒ်ကလေးဖြစ်ပေသည်။

ထို့ပြင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာ စားပွဲတွင် “တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိနိုင်မှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ် ”ဟု လမ်းညွှန်စကားပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ညပိုင်းက မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သော ပြည်သူသို့တင်ပြချက်တွင် “ပြည်သူရဲ့ထောက်ခံမှု၊ ပြည်သူရဲ့ယုံကြည်မှု၊ ပြည်သူရဲ့ညီညွတ်မှုနဲ့ နှိုင်းယှဉ်နိုင်တဲ့ ဘာအင်အားမှမရှိ။ ဘယ်လိုအခက်အခဲတွေနဲ့ပဲ ကြုံတွေ့ရပါစေ၊ ပြည်သူရဲ့ညီညွတ်မှုအားနဲ့ ကျော်လွှားနိုင်မယ်”ဟု ပြောကြားခဲ့သည်။

**နိုင်ငံတော်ကာကွယ်ရေးအင်အားစုကြီး**

ထိုကဲ့သို့ ပြည်သူတစ်ရပ်လုံး၏ ညီညွတ်မှုစွမ်းအားဖြင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတစ်ဝန်း ထာဝရတည်ငြိမ်အေးချမ်းကာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်နိုင်သဖြင့် နိုင်ငံတော်၏စီးပွားရေးလည်း တိုးတက်မြင့်မားလာမည် ဖြစ်သည်နှင့်အညီ လူမှုဘဝများပါ မြင့်မားတိုးတက်လာမှုကြောင့် စည်းလုံးညီညွတ်သည့် တစ်ခုတည်းသော နိုင်ငံတော်ကာကွယ်ရေးအင်အားစုကြီးလည်း ဖြစ်တည်ပေါ်ပေါက်လာမည်ဖြစ်ရာ နိုင်ငံတော်၏လွတ်လပ်ရေးကို စောင့်ရှောက်ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် တိုင်းရင်းသားလူမျိုးများအကြား မည်သို့ပင် မတူကွဲပြားခြားနားမှုများရှိပါစေ၊ အားလုံးသည် တူညီသောပြည်ထောင်စုစိတ်ဓာတ်နှင့် ဆောင်ရွက်ကြမည်ဆိုပါက ကျွန်ုပ်တို့မျှော်မှန်းထားသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးသည် အနာဂတ်ကာလတွင် မလွဲမသွေ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ပါကြောင်းဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတစ်ဝန်းကျင်းပမည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အောင်ပွဲသဘင်ကြီးကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသတည်း။ ။

# စာတတ်သူတိုင်း စာဖတ်ရေး...

စာမတတ်သူ ပပျောက်ရေးသည် တိုးတက်ဖွံ့ဖြိုးရေးအတွက် အားယူကြိုးပမ်းနေသည့် နိုင်ငံတစ်ခုအတွက် လွန်စွာအရေးကြီး၏။ ထိုနည်းတူစွာပင် စာတတ်သူတိုင်း စာဖတ်ရေးဆိုသည်ကလည်း လွန်စွာ့ လွန်စွာ အရေးကြီးသည်ဟု ဆိုချင်ပါသည်။

စာဖတ်ခြင်းက အလေ့အကျင့်ပေါ်တွင် များစွာမူတည်၏။ စာဖတ်လေ့ရှိသူသည် စာကို များများဖတ်ချင်လာ၏။ စာကိုများများဖတ်ရင်းက စာဖတ်ခြင်းကို စွဲလမ်းသွားစေတတ်၏။ လောကီလူမှုဘဝထဲတွင် စာကို စွဲစွဲလမ်းလမ်းဖတ်ခြင်း၊ စာဖတ်ဝါသနာ ရင့်သန်လာခြင်းတို့က ကောင်းမွန်သော အလေ့အထ တစ်ခုဖြစ်သည်ဟု မြင်ပါ၏။ စာဖတ်ဝေလ့ကို ပြုစုပျိုးထောင်ခြင်းသည် လူတစ်ဦး၏ဘဝတွင် ရင့်ကျက်စွာ တွေးခေါ်မြော်မြင်နိုင်ခြင်း၊ ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊ အကြားအမြင်များခြင်း၊ လောကအမြင်ကျယ်ပြန့်လာခြင်း၊ စိတ်ငြိမ်းအေးမှု စိတ်ထားတတ်မှု၊ လူလူချင်းစာနာတတ်မှု မြင့်မားလာခြင်း အစရှိသည့် ကောင်းကျိုးများအတွက် တွန်းအားပေးနိုင်သည်ဟု ယုံကြည်၏။

စာအုပ်စာပေဆိုသည်မှာ အသိဉာဏ်ပညာတို့ စုဝေးကိန်းအောင်းရာ နေရာဟူ၍ အဆိုရှိပါသည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် စာပေအဆင့်အတန်းမြင့်မားသည်ဆိုခြင်းက ထိုနိုင်ငံနှင့် လူမျိုးအတွက် အသိဉာဏ်ပညာရင့်ကျက်မြင့်မားမှုကို ဖော်ပြနေခြင်းဟု ဆိုနိုင်ပါမည်။ အသိဉာဏ်ပညာရင့်ကျက်မြင့်မားသည့် နိုင်ငံသားတို့၏ နိုင်ငံသည်သာ မှန်မှန်ကန်ကန် တိုးတက်ဖွံ့ဖြိုး၊ ငြိမ်းချမ်းသာယာမည်ဟူ၍ ဆိုနိုင်ပါမည်။

နိုင်ငံသားတစ်ဦးချင်းမှာလည်း အသိဉာဏ်ပညာ ရင့်ကျက်မြင့်မားမှ တိုးတက်ကြီးပွားမှုသာမက စိတ်အေးချမ်း ပျော်ရွှင်အောင် နေထိုင်တတ်မည်ဟု ဆိုရပါမည်။

ထို့ကြောင့် နိုင်ငံသားတိုင်း စာတတ်မြောက်ရေး၊ စာတတ်မြောက်သူတိုင်း စာဖတ်ကြရေးသည် တိုင်းပြည်ပြန်လည်တည်ဆောက်ရေးအတွက် အပြင်းအထန် ကြိုးပမ်းနေရသည့် ဆင်းရဲနိမ့်ကျနေသော မြန်မာနိုင်ငံအဖို့ ပိုမိုအရေးကြီးသည်ဟု ယူဆမိပါသည်။

မြန်မာ့စာပေကဝိ ဆရာဇော်ဂျီက- စိတ်ကောင်းရှိမှသာ စာကောင်းထွက်မည်၊ ရသစာပေကောင်းဆိုသည် စာရေးသူ၏စိတ်စေတနာကို ရေးထားသည့်စာ၊ စာရေးဆရာမှာ စေတနာဖြစ်လာသည့်အခါမှသာ ပတ်ဝန်းကျင်လောကကို မြင်ခြင်းကြားခြင်းရှိတတ်သည်၊ ထိုအခါမှာ ဤအရာသည် သနားစရာ၊ ဤအရာသည် အားတက်စရာ၊ ဤအရာသည် ချီးကျူးစရာ၊ ဤအရာသည် ကဲ့ရဲ့စရာ၊ ဤအရာသည် ကြောက်စရာ၊ ဤအရာသည် ရှက်စရာ စသည်ဖြင့် ဘဝအသိဖြစ်လာတတ်သည်၊ ဘဝအသိဖြစ်လာသည်နှင့် တစ်ပြိုင်နက် စိတ်ကူးဉာဏ်သည် စည်ကားလာတတ်၏။ အဲဒီအခါ အဲဒီစိတ်ကူးဉာဏ်ကပဲ ဘဝ၏အကောင်းအဆိုး အကျိုးအပြစ်ဆိုင်ရာ လူ့အမှုအရာ၊ လောကအမှုအရာတို့ကို ဖန်တီးလာနိုင်၏။ ထို့ကြောင့် စိတ်ကူးဉာဏ်သည် ဘဝ၏ အကောင်းအဆိုး အကျိုးအပြစ်တို့ကို ပြနိုင်သည့် ဉာဏ်လည်း ဖြစ်၏ဟု ရေးသားခဲ့ဖူးသည်။

ထို့ပြင် ‘ရသစာပေကောင်းကို ဖတ်ရသည့်အခါ ပတ်ဝန်းကျင်ကို သတိပြုမိ၏၊ ပတ်ဝန်းကျင်ကိုသတိပြုမိသူသည် ကိုယ် နှုတ် နှလုံးသုံးပါးကို ဆင်ခြင်တတ်လာ၏၊ ကိုယ့်တစ်ဦးတည်း အကျိုးကိုသာမက ပတ်ဝန်းကျင်မှာရှိသော မိမိကဲ့သို့ ကျင်လည်နေကြရသည့် သတ္တဝါအားလုံး၏ အကျိုးစီးပွားအတွက်လည်း ကြည့်တတ်မြင်တတ်၊ ကရုဏာဖြစ်တတ်လာနိုင်စရာရှိ၏’ ဟုလည်း ဆိုပါသည်။

စာဖတ်ခြင်းက ရသည့် လောကအမြင် စာနာစိတ်။

အချုပ်အားဖြင့်ဆိုရလျှင် စာဖတ်ခြင်းက လူ၏လူမှုဆက်ဆံရေး မိုးကုတ်စက်ဝိုင်းနှင့် လောကအမြင်ကို ကျယ်ပြောကြီးကျယ်စေ၏။ နှလုံးသားကို နူးညံ့စေ၏။

ထို့ကြောင့် စာတတ်သူတိုင်း စာဖတ်ကြရေးကို အစိုးရ-ပြည်သူ ဝိုင်းဝန်းအားပေးကြရန်လိုမည်ဟု မြင်ပါ၏။ စာအုပ်စာပေများ၊ အထူးသဖြင့် ကလေးများ လူငယ်များအတွက် စာအုပ်စာတမ်းများ များများစားစား ထွက်ပေါ်ရေး အားပေး လုပ်ဆောင်ကြရန် လိုပါမည်။ စာကြည့်တိုက်များသို့ သင့်လျော်ကောင်းမွန်သော စာအုပ်များ လှူမည့်စာအုပ်အလှူရှင်များလည်း လို၏။

ထို့ပြင် စည်ကားပေါ်များ ကောင်းမွန်စနစ်ကျသော ပုဂ္ဂလိက စာကြည့်တိုက်များ၊ ပြည်သူ့စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းပါရန် ဆုမွန်ပြုအပ်ပါသတည်း။ ။

# စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနား မြင်ကွင်းများ



စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ သတင်းစဉ်



စာတတ်သူတိုင်းစာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် စာစည်းကြိုးရက်လုပ်နည်းပြခန်းကို တွေ့ရစဉ်။ သတင်းစဉ်





စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားတွင် ပြသထားသောပြခန်းများအား ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ ကြည့်ရှုနေကြစဉ်။ သတင်းစဉ်





စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများ စာအုပ်များ ဝယ်ယူအားပေးနေကြစဉ်။ သတင်းစဉ်

စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားရှိ ကလေးမိတ်ဆွေ စာကြည့်တိုက်ပြခန်း၌ ကျောင်းသား ကျောင်းသူလေးများ ပုံပြောနေသည်ကို တွေ့ရစဉ်။ သတင်းစဉ်



## မြဝတီမြို့မှ ယာဉ်လိုင်းဂိတ်တာဝန်ခံတစ်ဦးထံ အခွန်ဆက်ကြေးငွေမပေးပါက ယာဉ်ပေါ်တွင်ထောင်ထားသော မိုင်းဗုံးအား ဖောက်ခွဲပစ်မည်ဟု ဖုန်းဆက်ခြိမ်းခြောက်

**မြဝတီ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ရှိ အောင်စစ်ခိုင် မော်တော်ယာဉ်လိုင်းမှ ဂိတ်တာဝန်ခံတစ်ဦးကို အမျိုးသားတစ်ဦးက ခြိမ်းခြောက်အခွန်ဆက်ကြေးတောင်းခဲ့ပြီး မပေးပါက ဂိတ်မှထွက်ခွာသွားသည့် ယာဉ်ပေါ်တွင် ထောင်ထားသော မိုင်းကိုဖောက်ခွဲပစ်မည်ဟု ငွေညှစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့ အမှတ်(၃)ရပ်ကွက် တပင်ရွှေထီးလမ်းနေ အောင်စစ်ခိုင် မော်တော်ယာဉ်ဂိတ်တာဝန်ခံ ဒေါ်ကြည်ကြည်သင်း (၃၉ နှစ်)၏ ကားဂိတ် လက်ကိုင်ဖုန်းသို့ ဒီဇင်ဘာ ၁၉ ရက် ည ၆ နာရီခန့်တွင် အမျိုးသားတစ်ဦးက ဖုန်းဖြင့် ယခုဂိတ်မှထွက်ခွာသွားသော မော်တော်ယာဉ်ပေါ်တွင် လက်လုပ်မိုင်းတစ်လုံး ထောင်ထားကြောင်းနှင့် အဆိုပါမိုင်း မပေါက်ကွဲစေရေးအတွက် ၎င်းအား အခွန်ဆက်ကြေးငွေကျပ် သုံးသိန်းကို wave money ဖြင့် လွှဲပေးရမည်ဟု ဆက်သွယ်လာသဖြင့် ယင်းအချိန် ဂိတ်မှထွက်ခွာသည့် ခရီးသည် ၁၅ ဦးတင် မှန်လုံယာဉ်ငယ် ယာဉ်မောင်းအား ဖုန်းဆက်အကြောင်းကြားရာ ခရီးသည်များ အန္တရာယ်ကင်းစေရေးအတွက် ယာဉ်ပေါ်မှ ဆင်းခိုင်းခဲ့ပြီး မော်တော်ယာဉ်ကို မြဝတီကုန်သွယ်ရေးဇုန်အလွန် အာရှလမ်းမပေါ်တွင် ရပ်တန့်စေခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး အောင်ဆန်းဝင်း ဦးစီးသော စစ်ဘက်ဆိုင်ရာ မိုင်းရှင်းလင်းရေးအဖွဲ့များက မော်တော်ယာဉ် ရပ်တန့်ထားသည့်နေရာသို့ သွားရောက်ကာ ခရီးသွားပြည်သူများ အန္တရာယ်ကင်းဝေးစေရေးအတွက် အမှန်တကယ် မိုင်းထောင်ထားခြင်းရှိမရှိ သွားရောက်စစ်ဆေးခဲ့ရာ တစ်စုံတစ်ရာ မိုင်းထောင်ထားခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ အခွန်ဆက်ကြေးငွေရလိုမှုနှင့် အများပြည်သူ အထိတ်တလန့်ဖြစ်အောင် ဖုန်းဆက်ခြိမ်းခြောက်ခဲ့သူအား စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီး လေးလမ်းသွား နိုင်လွန်ကတ္တရာခင်းနေ

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးသည် မန္တလေးမှ မူဆယ်-နမ့်ခမ်းအထိ ၂၉၈ မိုင် ၃ ဖာလုံရှိပြီး အဆိုပါ အဝေးပြေးလမ်းမကြီးကို အိုရီယင်တယ် ဟိုက်ဝေးကုမ္ပဏီက BOT စနစ်ဖြင့် ၁၈ ပေအကျယ် ကတ္တရာလမ်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ် ဧပြီ ၃၀ ရက်တွင် မန္တလေးမှ မူဆယ်-နမ့်ခမ်းအထိ မိုင်ပေါင်း ၂၉၈ မိုင် ၃ ဖာလုံလုံးကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။



အဆိုပါ အဝေးပြေးပြည်ထောင်စုလမ်းမကြီးမှာ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ အရှိန်ရလာသည်နှင့်အမျှ ကားအသွားအလာ များပြားလာပြီး လမ်းပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားနေမှုကြောင့် မူလ နှစ်လမ်းသွား ကတ္တရာလမ်းမှ လေးလမ်းသွားချဲ့၍ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှစ၍ မန္တလေး-ပြင်ဦးလွင်-ဝက်ဝံ-နောင်ချို၊ နောင်ချို-ကျောက်မဲ၊ ကျောက်မဲ-သီပေါ-လားရှိုး၊ လားရှိုး-မိုင်းယု၊ မိုင်းယု-မူဆယ်၊ မူဆယ်-နမ့်ခမ်းဟု အပိုင်း ငါးပိုင်းခွဲ၍ အဆိုပါကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည်။ **(ဓာတ်ပုံ)**

ယင်းသို့ ဆောင်ရွက်ရာတွင် မန္တလေး - ပြင်ဦးလွင် - ဝက်ဝံ - နောင်ချို အပိုင်း ၇၁ မိုင်ရှိ မိုင်တိုင်အမှတ် (၈/၀) မှ မိုင်တိုင်အမှတ်(၄၇/၄)အထိ စုစုပေါင်း အရှည် ၃၉ မိုင် ၄ ဖာလုံအား မူလလမ်း အကျယ် ၁၈ ပေမှ ၄၈ ပေချဲ့၍ နိုင်လွန်ကတ္တရာခင်းနိုင်ခဲ့ပြီး မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် အမှတ် ၃၇ မှ ခွဲထွက်ပြီး မိုင်တိုင်အမှတ် (၄၇/၄) တွင် ပြန်လည်ပေါင်းဆုံသည့် နှစ်မိုင် ခြောက်ဖာလုံရှိ ပြင်ဦးလွင်မြို့ရှောင်လမ်းကိုလည်း လမ်းအကျယ် ၃၆ ပေရှိ နိုင်လွန်ကတ္တရာလမ်းကို အပြီးဆောင်ရွက်ပြီးဖြစ်၍ ကုန်တင်ကားကြီးများနှင့် အဝေးပြေးကားများ မြို့တွင်းမှ ဖြတ်သန်းမောင်းနှင်သွားစရာမလိုတော့ဘဲ မြို့ရှောင်လမ်းကို အသုံးပြု၍ သွားလာမောင်းနှင်နိုင်ကြပြီဖြစ်သည်။

ဆက်လက်၍ ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် လမ်းချဲ့လမ်းခင်းလုပ်ငန်းတွင် မိုင်တိုင်အမှတ် (၃၈/၆) မှ မိုင်တိုင်အမှတ် (၄၇/၄) အထိ ပြင်ဦးလွင်မြို့တွင်းလမ်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ အပြီးဆောင်ရွက်လျက်ရှိသည်။

**ခရမ်း-စိုးမြင့်**

## ထိုင်းနိုင်ငံတွင် မြန်မာလုပ်သားမိသားစုဝင်လေးဦး အသတ်ခံရမှုမှ ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူသုံးဦးကို ဖမ်းဆီးရမိ

**မြဝတီ ဒီဇင်ဘာ ၂၀**

ထိုင်းနိုင်ငံ တာ့ခရိုင် မဲဆောက်မြို့မယ်တော်ရပ်ကွက် အပိုင်း(၁)ရပ်တွင် ပြီးခဲ့သည့်ရက်ပိုင်းကဖြစ်ပွားခဲ့သော မြန်မာလုပ်သားလေးဦး အသတ်ခံရမှုတွင် ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူ သုံးဦးအနက် အမျိုးသမီးတစ်ဦးကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီး ရမိခဲ့ပြီး ထွက်ပြေးလွတ်မြောက်နေသည့် အမျိုးသားနှစ်ဦးကို ကရင်ပြည်နယ် ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၁၉ ရက် ညဦးပိုင်းက ဘားအံမြို့နယ် ဖားပုကျေးရွာ၌ ဖမ်းဆီးမိခဲ့သည်။

ယင်းအမှုဖြစ်စဉ်အား ဒီဇင်ဘာ ၂၀ ရက်က မြဝတီမြို့မရဲစခန်းတွင် သေဆုံးသူ ဒေါ်ခင်လှ၏ သမီးဖြစ်သူ မနန်းမြင့်မြင့်စန်း (၁၉နှစ်)က တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် မြဝတီမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တရားလိုဖြစ်သူ မနန်းမြင့်မြင့်စန်းထံ ဒီဇင်ဘာ ၁၆ ရက် နံနက် ၇ နာရီခန့်က တစ်ဝိုင်းတည်းနေ ၎င်း၏အဘွားဖြစ်သူ ဒေါ်မတင့်က ဖုန်းဆက်၍ မိခင် ဒေါ်ခင်လှတို့မိသားစုလေးဦး နေအိမ်အတွင်း အသတ်ခံရကြောင်း အကြောင်းကြားသဖြင့် ခင်ပွန်းဖြစ်သူနှင့်အတူ သွားရောက်ကြည့်ခဲ့ရာ ဒေါ်ခင်လှနှင့် ပထွေးဖြစ်သူ ဦးဖိုးသာအောင်(ခ)ဖိုးကတုံး၊ အောင်သူစိုး(လေးလအရွယ်)တို့ ဒဏ်ရာများဖြင့် တဲပေါ်တွင် သေဆုံးနေပြီး ခေါတိတ်(လေးနှစ်အရွယ်)မှာ နေအိမ်အနီး ရေကန်ထဲတွင် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ၎င်း၏ မိခင်ဖြစ်သူနှင့် အခင်းမဖြစ်မီတစ်ရက်က စကားများခဲ့သော အရွှေ(ခ) ကိုဆွေ၊ ဒေါ်ထွန်းမေနှင့် အမျိုးသားတစ်ဦးတို့မှာလည်း ရှောင်တိမ်းသွားသည်ကို သိရသဖြင့် အရေးယူပေးရန် မြဝတီမြို့မရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူ သုံးဦးအနက် ဒေါ်ထွန်းမေ (၆၀နှစ်)ကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ပြီး ထွက်ပြေးလွတ်မြောက်နေသော အရွှေ(ခ)ကိုဆွေ (၂၉နှစ်)နှင့် ဇော်ဇော်(၂၈ နှစ်)တို့ နှစ်ဦးကို နှစ်နိုင်ငံ ရဲတပ်ဖွဲ့ချင်းချိတ်ဆက်ဆောင်ရွက်ခဲ့ရာမှ ဒီဇင်ဘာ ၁၉ ရက် ည ၇ နာရီခွဲခန့်တွင် တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ်ဇော်လင်း ဦးစီးအဖွဲ့ဖြင့် ဘားအံမြို့နယ် ဖားပုကျေးရွာတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသည့် အရွှေ(ခ)ကိုဆွေနှင့် ဇော်ဇော်တို့နှစ်ဦးကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှ မြဝတီခရိုင်ရဲတပ်ဖွဲ့ထံသို့ လွှဲပြောင်း၍ အမှုကို ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

## ဦးကိုနီလုပ်ကြံခံရမှု ရုံးချိန်းပေါင်း ၉၄ ချိန်းမြောက် ရုံးထုတ်စစ်ဆေးမှုပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသွားသော တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း(၉၄)ကြိမ်မြောက်အဖြစ် နံနက် ၁၀ နာရီက ရုံးထုတ်ရောက်ရှိခဲ့ကြရာ ဇေယျာဖြိုး၏ တရားခံပြ သက်သေတစ်ဦးသာ စစ်ဆေးမှုပြုလုပ်နိုင်ခြင်းသာရှိခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး သတင်းနှင့် ပြန်ကြားရေး တာဝန်ခံဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က “ဒီကနေ့ အထူးတရားခုံရုံးက စစ်ဆေးနေတဲ့ ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုနှင့် ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ လက်နက်မှုနဲ့ ပတ်သက်လို့ ဇေယျာဖြိုးတင်ပြထားတဲ့ထဲက ဒေါ်နွယ်နီခိုင်ကို စစ်ဆေးပါတယ်။ ပြီးခဲ့တဲ့ရုံးချိန်းမှာ ခံပြသက်သေသုံးဦး ခေါ်လာနိုင်ဖို့ ခုံရုံးဥက္ကဋ္ဌက မှာကြားလိုက်ပေမယ့် သက်သေတစ်ဦးသာ ရောက်လာတဲ့အတွက် တစ်ဦးသာ စစ်ဆေးမှုလုပ်နိုင်ခဲ့ပါတယ်။ ဒီကနေ့မှာ တရားခံဘက်က သက်သေကို အချိန်မီခေါ်ဆောင် လာနိုင်ခြင်းမရှိတာရယ်၊ ကျန်သက်သေတွေ လိပ်စာတိကျမှန်ကန်မှု ရှိရှိ လုံလောက်အောင်တင်ပြနိုင်ခြင်း မရှိတာရယ်ကြောင့် အမှုကြန့်ကြာနေရတဲ့အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၇(၁) အရ ကျန်ရှိ တရားခံပြသက်သေများကို ဥပဒေနဲ့အညီ ပယ်ပေးဖို့ တရားလိုဘက်က စာနဲ့တင်ပြလာပါတယ်။

“အဲဒီတင်ပြချက်အပေါ် အထူးခုံရုံးကနေ မနက်ဖြန်ရုံးချိန်းမှာ တရားခံဘက်ကို ခံပြသက်သေ သုံးဦးခေါ်ဆောင်လာဖို့နဲ့ တကယ်လို့ ခေါ်ဆောင်လာနိုင်ခြင်းမရှိက ပုံမှန်ရုံးချိန်း လာရောက်နေတဲ့ ဇေယျာဖြိုးဇနီး ဒေါ်သီတာလွင်ကို စစ်ဆေးသွားမယ်လို့ ခုံရုံးဥက္ကဋ္ဌက ညွှန်ကြားလိုက်တာ ရှိပါတယ်”ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၁၈-၂၀၁၉ ရာသီအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၃)ကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိပြီး လက်ရှိချန်ပီယံ မြဝတီ၊ ဂန္ဓမာအသင်းတို့ အနိုင်ရခဲ့ပြီး အား/ကာသိပ္ပံနှင့် သစ္စာအားမာန်အသင်းတို့ သရေကျခဲ့သည်။

ပွဲစဉ် (၃)တွင် မြဝတီအသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဂန္ဓမာအသင်းက တက္ကသိုလ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အား/ကာသိပ္ပံနှင့် သစ္စာအားမာန်အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ရာသီအစ နှစ်ပွဲဆက်တိုက် အနိုင်ရထားခဲ့သည့် အား/ကာသိပ္ပံနှင့် သစ္စာအားမာန်အသင်းတို့ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး အား/ကာသိပ္ပံအသင်းသည် နှစ်ဂိုးပြတ်အနိုင်ရပြီးမှ သရေကျခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၁၆ မိနစ်တွင် ခင်မာလာထွန်း၊ ၃၃ မိနစ်တွင် ရီရီဦးတို့က သွင်းယူပြီး သစ္စာအားမာန်အသင်းအတွက် ချေပဂိုးများကို ၄၂ မိနစ်တွင် နော်အားလိုဝါးဖော၊ မိနစ် ၇၀ တွင် နီလာဝင်းတို့က သွင်းယူခဲ့သည်။ ရှုံးပွဲဆက်နေသည့် ဂန္ဓမာအသင်းသည် တက္ကသိုလ်အသင်းကို အနိုင်ရခဲ့ပြီး ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။ ဂန္ဓမာအသင်းအတွက် အနိုင်ဂိုးများကို ၄၃ မိနစ်တွင် ခင်ဇာဇာဝင်း၊ ၆၄ မိနစ်တွင် လာအဲဝါတို့က သွင်းယူခဲ့သည်။ လက်ရှိချန်ပီယံ မြဝတီအသင်းသည် သုံးပွဲဆက် အနိုင်ရခဲ့သော်လည်း ကျဉ်းမြောင်းသည့်ရလဒ်ဖြင့်သာ ဇွဲကပင်အသင်းကို အနိုင်ရခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးကို ၁၈ မိနစ်တွင် ပန်းအိခိုင်က သွင်းယူခဲ့သည်။

ပွဲစဉ်(၃) နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၂၁ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YREO အသင်းနှင့် အား/ကာ ဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- တော့တင်ဟမ်နည်းပြ ပိုချက်တီနိုသည် မော်ရင်ဟို၏ နေရာကို အစားထိုးရန်အတွက် မန်ယူအသင်း၏ ဦးစားပေးခေါ်ယူမည့် အမြဲတမ်းနည်းပြစာရင်းတွင် ထိပ်ဆုံးနေရာတွင် ရှိနေသူဖြစ်ကြောင်း၊ မန်ယူအသင်းက ပိုချက်တီနိုအား ခေါ်ယူနိုင်ရန်အတွက် တော့တင်ဟမ်အသင်းအား လျော်ကြေးငွေပေါင် ၄၂ သန်း ပေးချေရန် ပြင်ဆင်နေကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။ သည်ဆန်း၏ ဖော်ပြချက်တွင်မူ မန်ယူအသင်းအား ၂၆ နှစ်ကြာ ကိုင်တွယ်ပြီး ပရီမီယာလိဂ်ဖလား များစွာရယူထားနိုင်ခဲ့သော ဂန္ထဝင်နည်းပြဟောင်း ဖာဂူဆန်က ပိုချက်တီနိုအား မန်ယူအသင်း၏ အမြဲတမ်းနည်းပြဖြစ်လာရေးနှင့် ပတ်သက်ပြီး ထောက်ခံလိုက်ကြောင်း သိရသည်။
- မန်ယူအသင်းအနေဖြင့် ယာယီနည်းပြ ဆိုးရှားလ်အား ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဒေါက်ဂလပ်စ် ကော်စတာနှင့် တော့တင်ဟမ် ဗဟိုခံစစ်ကစားသမား အယ်လ်ဒါဝီရယ်တို့အား ခေါ်ယူရေးအတွက် ပေါင်သန်း ၅၀ အသုံးပြုခွင့်ပေးသွားဖွယ်ရှိကြောင်း မေးလ်၏ ဖော်ပြချက်အရ သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် အက်သလက်တီကို မက်ဒရစ်အသင်းမှ ပြင်သစ်နောက်ခံကစားသမား လူးကပ်စ် ဟာနန်ဒက်ဇ် (၂၂နှစ်) အား ပေါင် ၇၇ သန်းဖြင့် ခေါ်ယူသွားဖွယ်ရှိကြောင်း မာကာဒေ့ါကွန်း၏ ဖော်ပြချက်အရ သိရသည်။
- ဗုဒ္ဓဟူးနေ့က ကာရာဘောင်ကွာတား ဖိုင်နယ်ပွဲစဉ်အဖြစ် တော့တင်ဟမ်နှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တော့တင်ဟမ်အသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ အကြိုဗိုလ်လုပွဲစဉ်တွင် တော့တင်ဟမ်အသင်းသည် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး လက်ရှိချန်ပီယံ မန်စီးတီးအသင်းသည် လိဂ်ဝမ်းကလပ် ဘာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ အကြိုဗိုလ်လုပွဲစဉ် နှစ်ကျော့စလုံးကို လာမည့် ဇန်နဝါရီလအတွင်း ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်ကြောင်းလည်း သိရသည်။

**အောင်ဇော်**

## ဇေယျာသီရိမြို့နယ်၌ ဖုန်းတာဝါတိုင်အတွင်း ဆီများခိုးယူသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နေပြည်တော် ဇေယျာသီရိမြို့နယ် မရင်းကြီးကျေးရွာအရှေ့ဘက်ရှိ တယ်လီနော ဖုန်းတာဝါတိုင်အတွင်း ဆီများခိုးယူသူအား ဒီဇင်ဘာလ ဒုတိယပတ်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းရဲစခန်းမှ ဒုရဲမှူး အောင်ဇော်ထွန်းနှင့် တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၃ရက် ည ၁၂ နာရီခွဲက လှည့်ကင်းဆောင်ရွက်စဉ် မရင်းကြီးကျေးရွာအရှေ့ဘက်ရှိ တယ်လီနောတာဝါတိုင်အတွင်း ဆီများခိုးယူနေသူ ဖိုးသဲ (၁၉နှစ်) အင်းသာရွာ သာဝတ္တိနေသူအား ပရီမီယံဒီဇယ် ၂၈ ဂါလန်နှင့်အတူ ဖမ်းဆီးရမိ၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်ဘီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၁၂-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၅ ပါ ရခိုင်ပြည်နယ်နှင့်စပ်လျဉ်းသည့် သတင်းခေါင်းစဉ်အား “ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံမှ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ ကွင်းဆင်းလေ့လာ” ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၁-၁၂-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၁၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၁း၃၅ - အလုပ်သမားရေးရာအစီအစဉ်
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၃၇)

**ညပိုင်း**

၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "နို့ချိုတိုက်ကျွေးမေ့ရင်သွေး"
၁၈း၂၀ - BBC Click
၁၈း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "နောင်တွင် ဥဒါန်းတွင်စေသတည်း"+"ရည်းစားတစ်ဝမ်းကွဲ"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၃၈) (အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော်) (ဒါရိုက်တာ-မင်းခိုက်စိုးစန်)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - ပြည်သူ့အတွက် ဥပဒေစကားဝိုင်း "ဥပဒေသီလစောင့်ထိန်းကြလေ"
- မြန်မာဇာတ်လမ်းတွဲ "မော်လမြိုင်ရဲ့ည" (အပိုင်း-၄) စိုင်းလျှံ၊ သခ်၊ ဖြိုးသိုက်၊ ချာန်ထူး၊ ဖူးဖူး (ဒါရိုက်တာ-ချာန်ထူး)
- ဆယ့်နှစ်လရာသီအငြိမ့်သဘင် "နတ်တော်လစာဆိုတော်ပွဲ"

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၅ နာရီက သပိတ်ကျင်းမြို့နယ် တကောင်းမြို့ အင်းနက်ကျေးရွာအုပ်စု ကုက္ကိုလ်ကုန်းကျေးရွာနေ ထွန်းထွန်း(ခ)ကိုထွန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မခင်ဝင်း(ခ)ဒေါ်ဝင်း ကို တွေ့ရှိရပြီး အိပ်ရာခေါင်းရင်းရှိ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၇၀၊ မြန်မာငွေကျပ် ၄၂၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၆ နာရီခွဲက မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် မိုးဟောက်ကျေးရွာအုပ်စု ရွှေသဲဝကျေးရွာနေ အားတီရှင်း (ခ) အားရှင်းနှင့် ၎င်း၏ ဇနီးဖြစ်သူ မယန်းလွင်ဖန်းတို့၏ နေအိမ်ဈေးဆိုင်တဲကို ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ သန့်ဇင်ထူး၊ အိုက်ဝှာ၊ ယန့်ဝူး၊ အားမိုး၊ လင်းလက်၊ နေလင်း၊ မင်းသူတို့ကို တွေ့ရှိ၍ ရှာဖွေရာ ဘိန်းဖြူ ၆ ဒသမ ၂၇၄ ကီလို၊



စိတ်ကြွရူးသွပ်ဆေးပြား ၈၂၅၀ နှင့် မြန်မာငွေကျပ် ၅၇၀၀၀၀ တို့ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ **(အောက်ဝဲပုံ)**

အလားတူ နံနက် ၆ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အဝင် တိုးဂိတ်အနီး၌ ဇော်မျိုးဦးမောင်းနှင်ပြီး ထက်လှိုင်ထွန်း၊ ဇော်လင်းမောင်နှင့် ဟန်ထွန်းအောင်တို့ လိုက်ပါလာသည့် တိုယိုတာမတ်တူးယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၉၁၇ ပြားကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ က မူးယစ်တပ်ဖွဲ့စု(၄၉) ပုသိမ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောင်းမြမြို့နယ် ရန်ကုန်-မြောင်းမြ ကားလမ်း (၅)မိုင်လမ်းဆုံတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် အောင်ကိုဖြိုး (ခ) ကိုဖြိုး၏ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မောင်တောမြို့နယ်၌ ထိုင်းနိုင်ငံသို့ တရားမဝင်ပို့ဆောင်မည့် အမျိုးသား ၂၁ ဦးကို ခေါ်ဆောင်လာသူ နှစ်ဦးအား အမှုဖွင့်အရေးယူထား

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မောင်တောမြို့နယ် နယ်မြေ(၆) (၃)မိုင်လမ်းဆုံ၌ ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က တောင်ပြို(ဝဲ)မှ မောင်တောဘက်သို့ ကျော်သန်း(စိစစ်ဆဲ) မောင်းနှင်လာသည့် 9H/---- ဟိုင်းလပ်ခရီးသည်တင်ယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်တွင် ကျော်သီဟမီးတိုက်ကျေးရွာ မောင်တောမြို့နယ် နေသူပါ အမျိုးသား ၂၁ ဦးကို တွေ့ရှိသဖြင့် စစ်မေးရာ လွန်ခဲ့သော သုံးလခန့်က ကျော်ရဲအောင် အုန်းချောင်းကျေးရွာ ရသေ့တောင်မြို့နယ် နေသူနှင့် ဇော်သက်ဦး(စိစစ်ဆဲ)တို့ နှစ်ဦးက ကျေးရွာရှိ လူငယ်များအား ထိုင်းနိုင်ငံ ငါးဖမ်းစက်လှေပေါ်၌ အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ထိုင်းငွေ ၁၀၀၀၀ ဘတ် (ကျပ်လေးသိန်းခန့်) ရရှိမည်ဖြစ်ကြောင်း၊ ခရီးစရိတ်ကုန်ကျခံပေးမည်ဟု စည်းရုံးပြောဆို၍ ရန်ကုန်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်ရန် ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီလိုင်စင်မရှိဘဲ ထိုင်းနိုင်ငံသို့ တရားမဝင်ပို့ဆောင်ရန် စည်းရုံး ခေါ်ဆောင်လာသူ ကျော်ရဲအောင်(ဖမ်းမိ)နှင့် ဇော်သက်ဦး (ဖမ်းမမိ)တို့ကို ပြင်ဖြူနယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## မန်း-ကမ္ဘောဇ စီမံချက်ဖြင့် လားရှိုး၌ ဘိန်းဖြူ ၁၀ ကီလိုခန့် ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၂၄)လားရှိုးမှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး "မန်း-ကမ္ဘောဇ"စီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရာမှ လားရှိုးမြို့နယ်တွင် ငွေကျပ် ၁၈၃၉ ဒသမ ၂ သိန်းတန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၇ ရက် ည ၉ နာရီခန့်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ၊ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ လားရှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာ အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-လားရှိုးသွား ပြည်ထောင်စုကားလမ်းမပေါ်တွင် မူးယစ်ဆေးဝါးပိတ်ဆို့စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်နေစဉ် ကွတ်ခိုင်မြို့ဘက်မှ လားရှိုးမြို့ဘက်သို့ ကွတ်ခိုင်မြို့နယ် ကောင်းခါးကျေးရွာနေ ယိန်းဆော်(၁၈ နှစ်)မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ မော်တော်ယာဉ်နောက်ခန်း ကြမ်းခင်းအတွင်း အံဝှက်ပြုလုပ် သိုဝှက်သယ်ဆောင်လာသော ရောင်စုံဆပ်ပြာခွက် ၈၈၀ ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၉ ဒသမ ၆၈ ကီလို (ဒေသကာလပေါက်ဈေး တန်ဖိုးငွေကျပ် ၁၈၃၉ ဒသမ ၂ သိန်း)တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လားရှိုးနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူပြီး ကွင်းဆက်များ ဖော်ထုတ်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြစ်ချက်ဟောင်းရှိသူများအား ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှု ငါးမှုနှင့် လုယက်မှု ၁၄ မှုတို့ကို ဖော်ထုတ်နိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး နယ်မြေအတွင်း ခိုးမှုနှင့် လုယက်မှုများ လျော့နည်းကျဆင်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ မြောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၂ ရက် ညနေ ၆ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် အမှတ်(၁၃)ရပ်ကွက် ဆိပ်ကမ်းသာလမ်းမပေါ်၌ ဆိုင်ကယ်တစ်စီးဖြင့် ခိုးမှုပြစ်ချက်ဟောင်းရှိ၍ မသင်္ကာသူ ကျော်ဆန်းဦး (ခ)ဘိုကြီးနှင့် စိုင်းအောင်တို့ကို တွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ၎င်းတို့နှင့်အတူ ပါလာသော ဆိုင်ကယ်နှင့်ပတ်သက်၍ ၎င်းတို့ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ခိုင်လုံစွာပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ရွှေပြည်သာမြို့မရဲစခန်းက အမှုရေးဖွင့်ဆောင်ရွက်ခဲ့သည်။

ဖမ်းဆီးရမိသူ နှစ်ဦးအား အသေးစိတ်စစ်ဆေးမေးမြန်းရာ ကျော်ဆန်းဦး(ခ) ဘိုကြီးက ၎င်းသည် ယခုနှစ်တွင် ရွှေပြည်သာမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့၌ ဖုန်း ၁၄ လုံးကို လုယက်ခဲ့ပြီး ဖုန်းလေးလုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ လှိုင်မြို့နယ်နေသူများဖြစ်သည့် (၃)ရပ်ကွက်နေ ကျော်ဆန်းဦး (ခ)ဘိုကြီး(၂၂ နှစ်)နှင့် (၂)ရပ်ကွက်နေ စိုင်းအောင် (၁၈ နှစ်)တို့ကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မရမ်းချောင်စစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့စားသောက်ကုန်များစစ်ဆေးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၁၉ စီး၊ သွင်းကုန် ၇၆၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၇၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၂၃၇ သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဟိုပုံး၊ ပင်လောင်းနှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဟိုပုံးမြို့နယ် ကျောက္ကချားကျေးရွာ တောင်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ ဒီဇင်ဘာ ၁၉ ရက်က ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန် ဦးစီးသော ပူးပေါင်းအဖွဲ့သည် အမြင့်သုံးပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၂၇ ဧကခန့်ကို လည်းကောင်း၊ ပင်လောင်းမြို့နယ် ပင်ဆုံကျေးရွာ၌ ဘိန်းစိုက်ခင်း ၁၀ ဧကခန့်၊ ဆီဆိုင်မြို့နယ် ထီအုံးစောက်ကျေးရွာ၌ ဘိန်းစိုက်ခင်း ခြောက်ဧကခန့်တို့ကိုလည်းကောင်း ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

AMAZING PRIZE
AMAZING LUCKY DRAW
AMAZING SHOPPING CENTRE

တော်ဝင်စင်တာ MONSOON LUCKY DRAW 2018 ကံထူးရှင်ရွေးချယ်ပွဲ

တော်ဝင်စင်တာ MONSOON LUCKY DRAW 2018 ကံထူးရှင်ရွေးချယ်ပွဲ အခမ်းအနားကို (၂၂.၁၂.၂၀၁၈)နေ့ နေ့လယ်(၂း၀၀)နာရီတွင် တော်ဝင်စင်တာ(၃)လွှာရှိ ပရိမိုးရှင်းနေရာ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို လာရောက်ကြည့်ရှုနိုင်ပါကြောင်း ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီ၊ တော်ဝင်စင်တာမိသားစု

45, Pyay Road, Dagon Township, Yangon. Tel: 01 8600111, Ext: 2222, email: tawwincentrepromotion@gmail.com, www.tawwincentre.com

# ဆီးရီးယားရှိ အိုင်အက်စ်တို့ကို တိုက်ထုတ်နိုင်ပြီဖြစ်ရာ တပ်ဖွဲ့ဝင်များ ဆုတ်ခွာရန် ထရမ့် အမိန့်ထုတ်ပြန်

**ဒမတ်စကတ် ဒီဇင်ဘာ ၂၀**

ဆီးရီးယားနိုင်ငံတွင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့များကို တိုက်ထုတ်နိုင်ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာခဲ့သလို စစ်ပွဲဒဏ်ခံ ဆီးရီးယားနိုင်ငံမှ အမေရိကန်တပ်ဖွဲ့များကို ပြန်လည်ဆုတ်ခွာရန် အံ့သြစရာအမိန့်တစ်ခုလည်း ထုတ်ပြန်လိုက်ကြောင်း သတင်းရရှိသည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ တပ်ဖွဲ့ဝင်များဆုတ်ခွာရန် ဆုံးဖြတ်ချက်သည် ဆီးရီးယားနိုင်ငံအတွက် ချမှတ်ထားသော အမေရိကန်နိုင်ငံ၏ အစဉ်အလာမူဝါဒကို ဆန့်ကျင်သလိုဖြစ်ခဲ့ကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြထားသည်။

လူမှုကွန်ရက်တစ်ခုဖြစ်သော တွစ်တာပေါ်တင်ထားသည့် ရုပ်သံဖိုင်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မိမိတို့အနေဖြင့် အိုင်အက်စ်အစွန်းရောက် အကြမ်းဖက်သမားများကို အနိုင်ရရှိခဲ့ပြီဖြစ်ကြောင်း ပြောခဲ့သည်။

မိမိတို့အနေဖြင့် အိုင်အက်စ်အကြမ်းဖက်သမားများကို တိုက်ထုတ်နိုင်ခဲ့ပြီဖြစ်သလို ၎င်းတို့ကို ထိထိရောက်ရောက် နှိမ်နင်းခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခုအခါ မိမိတို့၏ တပ်ဖွဲ့များကို အိမ်ပြန်ရန် ခွင့်ပြုချိန်ရောက်လာပြီဖြစ်ကြောင်း အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့များ ဆီးရီးယားမှ ဆုတ်ခွာသွားသည့်အတွက် အိုင်အက်စ် အကြမ်းဖက်သမားသမားများကို တိုက်ခိုက်နေသော ဆီးရီးယားရှိ အမေရိကန် ထောက်ပံ့ခံ ကာ့ဒ်တိုက်ခိုက်ရေးသမားများ၏ ကံကြမ္မာမှာ မည်သို့မည်ပုံ ဆက်လက်ဖြစ်ဦးမည် မသိသေးပေ။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဆီးရီးယားမှ တပ်ဖွဲ့ဝင်များ ဆုတ်ခွာရန် ဆုံးဖြတ်ချက်သည် လွန်ခဲ့သည့် အင်္ဂါနေ့ကမှ အပြီးသတ် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အရာရှိတစ်ဦးက ပြောခဲ့သည်။

လတ်တလောတွင် ဆီးရီးယားနိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀ ခန့်ရှိကြောင်း၊ ၎င်းတို့သည် ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်အစွန်းရောက် အကြမ်းဖက်သမားများကို တိုက်ခိုက်နေသည့် ဌာနေတိုက်ခိုက်ရေးသမားများကို လေ့ကျင့်မှုနှင့် အကြံဉာဏ်များ ပေးနေသူများဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဆီးရီးယားနိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာရန် အမိန့်ကြေညာချက်ထွက်ပြီးနောက် ပင်တဂွန်အရာရှိများသည် သမ္မတ၏အမိန့်ကို သဘောကျသည့်အလား အောင်မြင်စွာဟစ်ကြွေးခဲ့ကြောင်းနှင့် ယခုအခါ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် တပ်ဖွဲ့ဝင်များ အိမ်ပြန်ရေးအတွက် လုပ်ငန်းဆောင်တာများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ယာယီဘတ်ဂျက် သဘောတူညီချက်မရပါက ကန်အစိုးရယန္တရား ရပ်ဆိုင်းရမည်

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

မက္ကဆီကိုနယ်စပ် တံတိုင်းကာရံမည့်ကိစ္စ အတိုက်အခံဒီမိုကရက်များနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ သဘောထားကွဲလွဲခဲ့သောကြောင့် ယခုအခါတွင် ကြားကာလ ရေတိုအသုံးစရိတ် (ယာယီဘတ်ဂျက်) ဆိုင်ရာ သဘောတူညီချက်တစ်ရပ် ထွက်ပေါ်လာခဲ့ကြောင်း သတင်းရရှိသည်။

အမေရိကန် အစိုးရယန္တရားများ ရပ်တန့်မသွားအောင် ဖေဖော်ဝါရီ ၈ ရက်အထိ အသုံးပြုနိုင်မည့် ယင်းရေတိုအသုံးစရိတ်ဆိုင်ရာ သဘောတူညီချက်ကို လွှတ်တော်တွင် မကြာခင် အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

အကယ်၍ ရေတိုအသုံးစရိတ်ဆိုင်ရာ သဘောတူညီချက်ကို လွှတ်တော်က ခွင့်မပြုခဲ့ပါက မရှိမဖြစ်လိုအပ်သည့် အရေးပေါ် ဝန်ထမ်းများမှလွဲကာ ကျန်အစိုးရဌာနများ၏ လုပ်ငန်းများကို ဒီဇင်ဘာ ၂၁ ရက်တွင် ရပ်ဆိုင်းလိုက်ရမည်ဖြစ်ကြောင်း သိရသည်။

အတိုက်အခံ ဒီမိုကရက်များက ထရမ့်၏ တောင်းဆိုချက်ကို သဘောမတူသည့်အတွက် ယခုကဲ့သို့ ရေတိုအသုံးစရိတ်အတည်ပြုရေး ဖြစ်ပေါ်လာကြောင်း မစ်ချ်မက်ကွန်နဲလ်က ပြောခဲ့သည်။

ထို့အပြင် ၎င်းက "ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် ဒီမိုကရက်တွေဘက်က ပါတီစွဲတွေကို ဘေးဖယ်မထားနိုင်ခဲ့တဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်။ ထရမ့်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ နယ်စပ်တွေကို တည်တံ့ခိုင်မြဲပြီး လုံခြုံမှုရှိဖို့အတွက်သာမက အမေရိကန်မိသားစုများရဲ့ ဘေးကင်းရေးအတွက် လိုအပ်တဲ့ ရင်းမြစ်တွေရရှိအောင် သူ့ဘက်က ဆွေးနွေးညှိနှိုင်းဖို့ လမ်းဖွင့်ထားတယ်ဆိုတာ ပြသခဲ့ပါတယ်" ဟု ပြောခဲ့သည်။

ဒီမိုကရက်ပါတီ လူနည်းစုခေါင်းဆောင် ချက်ခ်စကူမာက "ရေတိုအသုံးစရိတ် အတည်ပြုမယ့်ကိစ္စကို ထောက်ခံမှာဖြစ်ပေမယ့် တံတိုင်းတည်ဆောက်ရေးဟာ ထိရောက်မှုမရှိတဲ့ အလကားကုန်မယ့်ငွေဖြစ်တာကြောင့် ထောက်ခံမှာမဟုတ်ဘူး" ဟု ပြောခဲ့သည်။

အမေရိကန်သမ္မတ ထရမ့်၏ အကြံပေး ကယ်လီယန်နီကွန်ဝေးလ်က "သမ္မတက တခြားနည်းလမ်းကို ရှာပါလိမ့်မယ်။ လွှတ်တော်ဘက်က ဘယ်လိုတင်ပြလာမလဲဆိုတဲ့အပေါ် စောင့်ကြည့်ရဦးမှာပါ။ သို့သော်လည်း ဒီလိုပြောလိုက်တဲ့အတွက် တံတိုင်းဆောက်မယ့် ကတိကို ဖျက်လိုက်တာမဟုတ်ပါဘူး။ ရွေးကောက်ပွဲမဲဆွယ်ပွဲတွေမှာ ပြောခဲ့တဲ့ကတိကို ပြောနေတာမဟုတ်ပါဘူး။ ပြည်သူပြည်သားတွေကို လုံခြုံအောင်ကာကွယ်ပါ့မယ်ဆိုတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတတစ်ဦးအနေနဲ့ ပေးခဲ့တဲ့ကတိကို ပြောနေတာပါ" ဟု ပြောခဲ့သည်။

**အေအက်ဖ်ပီ**



အမေရိကန်လွှတ်တော်အဆောက်အအုံ

# လေယာဉ်မောင်းသူများကို အရက်သေစာသောက်စားမှုနှင့် ပတ်သက်သည့် တင်းကျပ်သောစည်းမျဉ်းများ ဂျပန်ရေးဆွဲ

**တိုကျို ဒီဇင်ဘာ ၂၀**

ဂျပန်နိုင်ငံတွင် လေယာဉ်ပိုင်းလေ့များအနေဖြင့် လုပ်ငန်းခွင်သို့ရောက်ရှိကြောင်း သတင်းမပို့မီတွင် အရက်သေစာသောက်စားမှုကို မည်မျှအတိုင်းအတာအထိ ခွင့်ပြုသည်နှင့်ပတ်သက်သည့် စည်းကမ်းစည်းမျဉ်းအသစ်များကို ဂျပန် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ရေးဆွဲလျက်ရှိကြောင်း သိရသည်။

လက်ရှိကျင့်သုံးနေသည့် လေယာဉ်မောင်းနှင်သူများအပေါ် ချမှတ်ထားသော စည်းမျဉ်းများတွင်ပါဝင်သည့် ကန့်သတ်ချက်များထက် ပိုမိုတင်းကျပ်သည့် စည်းမျဉ်းများကို သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက အဆိုပြုခဲ့သည်။

**အရက်သေစာသောက်စားမှုပြဿနာများ မကြာခဏဖြစ်ပွား**

စီးပွားဖြစ်ပြေးဆွဲလျက်ရှိသည့် လေကြောင်းလိုင်းများတွင် မောင်းနှင်နေသည့် လေယာဉ်မှူးများတွင် ဖြစ်ပွားသည့် အရက်သေစာသောက်စားမှုပြဿနာများ မကြာခဏဖြစ်ပွားခဲ့ပြီးနောက် ယခုကဲ့သို့လုပ်ဆောင်မှု ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်ပိုင်းလေ့များကို အရက်သေစာသောက်သုံးမှုပမာဏအား စစ်ဆေးမှုကို ပထမဆုံးလုပ်ဆောင်ရန် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန အရာရှိများက ဆွေးနွေးလျက်ရှိသည်။ ၎င်းတို့ရေးဆွဲထားသည့် အစီအစဉ်များကို ကျွမ်းကျင်သူများပါဝင်သည့် အကဲဖြတ်အဖွဲ့သို့ တင်ပြသွားမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

**ရလဒ်များကို မှတ်တမ်းတင်မည်**

အဆိုပါအစီအစဉ်၌ အသက်ရှူထုတ်လိုက်သည့်လေကို စစ်ဆေးမှုပုံစံကို ချမှတ်ရန်နှင့် အဆိုပါစစ်ဆေးမှုရလဒ်များကို မှတ်တမ်းတင်ထားရန်လည်း ပါဝင်သည်။ ကျွမ်းကျင်သူပညာရှင်များအနေဖြင့် အဆိုပြုချက်များနှင့် ပတ်သက်သည့် အမြင်များကို ဖော်ပြပြီးနောက်မှသာ စည်းမျဉ်းသစ်ထဲသို့ ထည့်သွင်းရေးဆွဲမည်ဖြစ်ကြောင်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့က အမေရိကန်၊ ဗြိတိန်တို့နှင့် ပထမဆုံးအကြိမ် သုံးပွင့်ဆိုင် စစ်ရေးလေ့ကျင့်သွားမည်

**တိုကျို ဒီဇင်ဘာ ၂၀**

ဂျပန်နိုင်ငံတောင်ပိုင်း ကမ်းလွန်ပင်လယ်ပြင်ရှိ ပစိဖိတ်သမုဒ္ဒရာအတွင်း၌ ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့က ဗြိတိန်နှင့် အမေရိကန် ရေကြောင်းတပ်ဖွဲ့နှင့်အတူ ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလေ့ကျင့်မှုတွင် ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့၏ အကြီးဆုံးဖျက်သင်္ဘောဖြစ်သည့် အီဇူမို၊ ဗြိတိန်၏ HMS Argyll သင်္ဘောနှင့် အမေရိကန်ရေတပ်သင်္ဘောတစ်စင်းတို့ ပါဝင်စစ်ရေးလေ့ကျင့်သွားမည်ဖြစ်ကြောင်း ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။

စနေနေ့တွင်ပြုလုပ်ရန် စီစဉ်ထားသည့် အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် တပ်ဖွဲ့ဝင်များက ပဋိပက္ခဖြစ်ပွားသည့်အခြေအနေများအပေါ် အခြေခံကာ သင်္ဘောတစ်စင်းစီ၏ အခန်းကဏ္ဍနှင့် သတင်းအချက်အလက်များ မျှဝေသွားမည့် လုပ်ငန်းစဉ်များကို စစ်ဆေးမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်း၌ ဖော်ပြထားသည်။

အဆိုပါ သုံးပွင့်ဆိုင် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် တရုတ်နိုင်ငံက ပင်လယ်ရေကြောင်းသွားလာမှုဆိုင်ရာ လှုပ်ရှားမှုများကို ပိုမိုလုပ်ဆောင်လာချိန်တွင် အမေရိကန်၊ ဗြိတိန်နှင့် ဂျပန်သုံးနိုင်ငံမဟာမိတ်ဆက်ဆံရေးကို ပြသလိုသည့် ရည်ရွယ်ချက်ဖြစ်ဟန်ရှိကြောင်း သတင်းရင်းမြစ်များတွင် ဖော်ပြခဲ့ကြသည်။

ဂျပန်အစိုးရက ပြီးခဲ့သည့်အင်္ဂါနေ့တွင် အတည်ပြုခဲ့သည့် ကာလဝက်ကာကွယ်ရေးအစီအစဉ်၌ ဂျပန်သည် နိုင်ငံစုံ စစ်ရေးလေ့ကျင့်မှုများကို အားတက်သရော တိုးမြှင့်လုပ်ဆောင်သွားမည်ဟူ၍ ပါရှိသည်။ စစ်ရေးလေ့ကျင့်မှုများမှတစ်ဆင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင်များနှင့်အတူ မဟာမိတ်ဆက်ဆံရေး ပိုမိုခိုင်မာစေမည့် အခွင့်အလမ်းများကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့၏ အကြီးဆုံးဖျက်သင်္ဘော အီဇူမို

နိုင်ငံတကာ သတင်းတိုထွာ

## အငြင်းပွားကျွန်းများပေါ် ရုရှားအိမ်ရာဆောက်လုပ်မှု ဂျပန်ကန့်ကွက်

**တိုကျို ဒီဇင်ဘာ ၂၀**

ဂျပန်က ပိုင်ဆိုင်သည်ဟု အငြင်းပွားလျက်ရှိသည့် ရုရှားတို့ထိန်းချုပ်ထားသော ကျွန်းလေးကျွန်းအနက် နှစ်ကျွန်းပေါ်တွင် ရုရှားက မကြာသေးမီက စစ်မှုထမ်းအိမ်ရာများ ဆောက်လုပ်ခဲ့မှုအပေါ် ဂျပန်က ကန့်ကွက်လိုက်ကြောင်း သိရသည်။

အီတိုရိုဖုနှင့် ခူနာရှီရီကျွန်းများပေါ်၌ တပ်စွဲထားသည့် တပ်ဖွဲ့ဝင်များအတွက် အဆိုပါအိမ်ရာများကို ဆောက်လုပ်နေခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဂျပန်အစိုးရက ကန့်ကွက်စာတစ်စောင်ကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ပေးပို့ခဲ့ကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ယိုရှီဟီဒီစူဂါက ဗုဒ္ဓဟူးနေ့က သတင်းထောက်များကို ပြောကြားခဲ့သည်။ ထိုသို့ ဆောက်လုပ်မှုသည် အဆိုပါကျွန်းလေးကျွန်းပေါ်တွင် ရုရှားက စစ်အင်အားတိုးချဲ့ဖွဲ့စည်းမှုဆီသို့ ဦးတည်လာနိုင်ကြောင်း အစ္စတာစူဂါက ပြောကြားခဲ့သည်။

ခူနာရှီရီ၊ အီတိုရိုဖူ၊ ဟာဘိုမာအီနှင့် ရှီကိုတန်ကျွန်းလေးကျွန်းတို့ကို ရုရှားက ထိန်းချုပ်ထားပြီး ဂျပန်က အစဉ်အဆက်ပိုင်ဆိုင်ခဲ့သည့် နယ်နိမိတ်များဖြစ်သည်ဟု အငြင်းပွားလျက်ရှိသည်။

အင်န်အိတ်ချ်ကေ

## ရုရှားလုံခြုံရေးတပ်ဖွဲ့က အိုင်အက်စ်အကြမ်းဖက်အုပ်စု တစ်စုကို သုတ်သင်

**မော်စကို ဒီဇင်ဘာ ၂၀**

ရုရှားဖက်ဒရယ် လုံခြုံရေးဝန်ဆောင်မှုအဖွဲ့သည် ကော့ကေးဆပ်မြောက်ပိုင်းရှိ စတာဗရိုပိုမြို့အတွင်း၌ အိုင်အက်စ်အကြမ်းဖက်အုပ်စုတစ်စုကို သုတ်သင်လိုက်ကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွအုပ်စုသည် ဖမ်းဆီးထိန်းသိမ်းမှု လုပ်ဆောင်နေစဉ်အတွင်း ရုရှားဖက်ဒရယ်လုံခြုံရေးအဖွဲ့ကို ခုခံတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည့်အတွက် အားလုံးကို အသေပစ်သတ်လိုက်ကြောင်း လုံခြုံရေးအဖွဲ့က ဖော်ပြထားသည်။ ဖက်ဒရယ်လုံခြုံရေးအဖွဲ့မှ အရာရှိတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိပေ။

ဖြစ်လာနိုင်ဖွယ်ရှိသည့် အကြမ်းဖက်အုပ်စုများ၏ တိုက်ခိုက်မှုနှင့် တရားမဝင်လက်နက်ကိုင်ဆောင်မှုတို့ကို ရာဇဝတ်မှုဆိုင်ရာနှိမ်နင်းမှုများ ပြောင်ပြောင်တင်းတင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖက်ဒရယ်လုံခြုံရေးအဖွဲ့က ပြောကြားခဲ့သည်။

စတာဗရိုပိုဒေသ အုပ်ချုပ်ရေးမှူး ဗလာဒီမာ ဗလာဒီမီရော့ဗ်က အကြမ်းဖက်အုပ်စု၌ အဆိုပါဒေသခံမဟုတ်သည့် ပြည်သူနှစ်ဦးပါဝင်ကြောင်း ဖော်ပြခဲ့သည်။

ဆင်ဟွာ

# လတ်တလော တည်ငြိမ်မှုရနေတဲ့ ယီမင်အပစ်အခတ်ရပ်စဲရေး

**ကလျာမိုးမြင့်**



အပစ်အခတ်ရပ်စဲရေးကို ထောက်ခံသည့် လူထုစုဝေးမှုတွင် ပါဝင်ခဲ့ကြသည့် ဟူသီသူပုန်အဖွဲ့သားများကို တွေ့ရစဉ်။

**ယီမင်ရဲ့အချက်အချာဖြစ်တဲ့ ဟိုဒေးဒါးဆိပ်ကမ်းမြို့မှာ ကုလသမဂ္ဂက ကြားဝင်စေ့စပ်ညှိနှိုင်းမှု ပြုလုပ်ထားတဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု စတင်သက်ရောက်တဲ့ ပထမနေ့ကို စစ်မက်ဖြစ်ပွားနေတဲ့ နှစ်ဖက်အဖွဲ့အစည်းတွေက လေ့လာစောင့်ကြည့်နေကြပါတယ်။**

### နှစ်ဖက်ဆုတ်ခွာမှုကို စောင့်ကြည့်မည်

စောင့်ကြည့်ထိန်းချုပ်ရေးအဖွဲ့တွေအတွက် ဟိုဒေးဒါကို ဝင်ရောက်ဖို့ လမ်းကြောင်းတွေ ဖွင့်ပေးထားပြီး လာမယ့်လကုန်လောက်မှာ တပ်ဖွဲ့ဝင်တွေ ဆုတ်ခွာရေးအတွက် စီမံအုပ်ချုပ်မှုဖြစ်စဉ်တွေကို စတင်ဆောင်ရွက်ဖို့ လုပ်နေပါတယ်။ ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် မာတင်ဂရစ်ဖစ်ဟာ ပြီးခဲ့တဲ့လက ဆွီဒင်မှာပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲမှာ သဘောတူညီမှုရရှိရေး ဆွေးနွေးခဲ့သူဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲမှုနဲ့ နှစ်ဖက်အဖွဲ့တွေ ဆုတ်ခွာမှုကို စောင့်ကြည့်ဖို့အတွက် အငြိမ်းစား ဒတ်ချ်ဗိုလ်ချုပ်ကြီး ပက်ထရစ်ကင်မာ့တ်ကို လာမယ့်ဗုဒ္ဓဟူးနေ့မှာ ကုလသမဂ္ဂရဲ့လုပ်ပိုင်ခွင့်အောက်မှာ တာဝန်ချထားမယ်လို့ မှန်းထားတယ်လို့ ၎င်းက ပြောကြားခဲ့ပါတယ်။

### အသေးစားတိုက်ပွဲဖြစ်ပွားမှုတွေရှိ

အပစ်အခတ်ရပ်စဲရေး စတင်သက်ဝင်ခဲ့တဲ့ အင်္ဂါနေ့ ညသန်းခေါင်ကျော်ကတည်းက သဘောတူစာချုပ်ဟာ ဖောက်ဖျက်ခံရပြီးဖြစ်တယ်။ ဒါပေမယ့် အဲဒီနောက်ပိုင်းမှာ ကောင်းကင်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေခဲ့တယ်လို့ ဂရစ်ဖစ်က ပြောခဲ့ပါတယ်။ ရှေ့တန်းစစ်မျက်နှာပြင်မှာ ည ၁ နာရီနဲ့ ၂ နာရီမှာ တိုက်ပွဲအသေးစားလေးတွေ ဖြစ်ခဲ့တာတော့ ရှိတယ်။ ဟိုဒေးဒါရဲ့ ကောင်းကင်ယံမှာ အခုတော့ ငြိမ်သက်နေပြီ။ လတ်တလောမှာတော့ ဒီပုံစံက အကျိုးဖြစ်ထွန်းနေတယ်လို့ ၎င်းက ဘီဘီစီရေဒီယိုကို ပြောခဲ့ပါတယ်။

ကင်မာ့တ်ဦးစီးတဲ့ စောင့်ကြည့်ထိန်းချုပ်ရေးကော်မတီဟာ လာမယ့်ဗုဒ္ဓဟူးနေ့မှာ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ ရည်ရွယ်ချက်ကတော့ နှစ်ခုဖြစ်ပြီး ပထမတစ်ခုကတော့ နှစ်ကုန်လောက်မှာ ဆုတ်ခွာမှုတွေ ပြီးစီးဖို့ ဖြစ်ပါတယ်။ ဒုတိယရည်ရွယ်ချက်ကတော့ ဇန်နဝါရီလလယ်လောက်မှာ ဆိပ်ကမ်းဧရိယာကနေ တပ်ဖွဲ့ဝင်တွေကို ဖယ်ထုတ်သွားဖို့နဲ့ ဟိုဒေးဒါကနေ မြို့တော်ဆာနားဆီကို သွားတဲ့လမ်းပေါ်မှာ အကူအညီပေးအဖွဲ့တွေ လွတ်လွတ်လပ်လပ် သွားလာခွင့်ရဖို့ပါ။

### စီးပွားရေးမှာ တိုးတက်မှုရဖို့လိုနေ

အစားအသောက် ကုန်ကျစရိတ်ကနေ ပြည်သူတွေ ငတ်မွတ်ခေါင်းပါးမှုအန္တရာယ်ကို တစ်စိတ်တစ်ပိုင်း သက်သာအောင် ရခဲ့တာဖြစ်တဲ့အတွက် စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုပိုင်းမှာ နောက်ထပ် တိုးတက်ဖြစ်ထွန်းမှု ရရှိအောင်လုပ်ဖို့ လိုအပ်နေသေးတယ်လို့ ဂရစ်ဖစ်က အလေးအနက် ဖွင့်ဟခဲ့ပါတယ်။

ဆိပ်ကမ်းကို ထိန်းချုပ်ထားတဲ့ အီရန် ကျောထောက်နောက်ခံပေးထားတဲ့ ဟူသီသူပုန်အဖွဲ့နဲ့ ဟိုဒေးဒါဆိပ်ကမ်းမြို့အပါအဝင် ဆော်ဒီကျောထောက်နောက်ခံပေးထားတဲ့ သမ္မတ မန်ဆောဟာဒီရဲ့ယီမင်အစိုးရအဖွဲ့ကို ထောက်ခံသူတွေဟာ ဆွီဒင်မှာ အပစ်အခတ်ရပ်စဲရေး မြန်မြန်ဆန်ဆန် ညှိနှိုင်းဆွေးနွေးမှု ပြီးဆုံးသွားတာကို ကိုယ်တိုင်အံ့အားသင့်ရတဲ့ အခြေအနေမျိုး ဖြစ်နေပါတယ်။ တွစ်တာပေါ်မှာကျတော့ နှစ်ဖက်စလုံးက ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင်တွေဟာ အပစ်အခတ်ရပ်စဲမှုကို သဘောတူရာမှာ ၎င်းတို့ ပါဝင်ပတ်သက်ဖို့နဲ့ အပေးအယူပြုလုပ်ဖို့ကို ခုခံငြင်းဆန်နေကြတာ ဖြစ်ပါတယ်။

### တပ်ဖွဲ့ဝင်တွေဆုတ်ခွာရေး ညှိနှိုင်း

အကျဉ်းသားလဲလှယ်မှုနဲ့ ပတ်သက်ပြီးတော့လည်း အသေးစိတ်ဆောင်ရွက်နေပါတယ်။ ကင်မာ့တ်အနေနဲ့ တပ်ဖွဲ့ဝင်တွေ ပြန်လည်ဆုတ်ခွာရေး ညှိနှိုင်းဆွေးနွေးရာမှာ အတော်လေးကြီးမားတဲ့ ပြဿနာတွေနဲ့ ရင်ဆိုင်နေရပြီး အရပ်သားလုံခြုံရေး တပ်ဖွဲ့အသစ်တစ်ရပ် ဖွဲ့စည်းဖို့နဲ့ ဆိပ်ကမ်းက အခွန်ဘဏ္ဍာတွေကို ကုလသမဂ္ဂအဖွဲ့က ဘယ်လို စစ်ဆေးသွားမယ်ဆိုတဲ့ အသေးစိတ်အချက်အလက်တွေကို ထည့်သွင်းစဉ်းစားဖို့ဆိုတာတွေဟာ ခေါင်းခဲစရာအခြေအနေ ဖြစ်နေပါတယ်။

ယီမင်နိုင်ငံရေးကျွမ်းကျင်သူ အများစုက နှစ်ဖက်စလုံးဟာ စစ်ပွဲကနေ ငွေကြေးအရ အကျိုးအမြတ်ရရှိနေပြီး သဘောတူညီမှုတစ်ရပ်ကို ဖျက်လိုဖျက်ဆီးလုပ်လာစေမယ့် လုပ်ဆောင်ချက်တွေကိုလည်း တွေ့နေရတယ်လို့ ထောက်ပြခဲ့ကြပါတယ်။ Red Sea ဆိပ်ကမ်းဟာ ယီမင်နိုင်ငံထဲကို အကူအညီအထောက်အပံ့အများစု ဝင်ရောက်တဲ့ ဂိတ်တံခါးတစ်ခုပါ။

### ဗဟိုဘဏ် ပြန်လည်ပေါင်းစည်းဖို့လို

ယီမင်ရဲ့ဗဟိုဘဏ်ပြန်လည်ပေါင်းစည်းရေးနဲ့ နိုင်ငံအတွင်းမှာရှိကြတဲ့ ပြည်သူ့ဝန်ထမ်း ထောင်ပေါင်းများစွာကို လစာငွေပေးဖို့အတွက်လည်း နောက်ထပ်လုပ်ဆောင်ရမှာတွေ ရှိနေပါတယ်။ အကယ်၍ အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းထားနိုင်မယ်။ ပြီးတော့ အခြားဆိပ်ကမ်းတွေဖြစ်တဲ့ ဆာလစ်ဖ်နဲ့ ရက်စ်အီဆာတို့မှာ မူလကရည်မှန်းထားခဲ့သလို အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတွေ ဆက်လက်ချဲ့ထွင်သွားနိုင်မယ်ဆိုရင် ဆွီဒင်ဆွေးနွေးပွဲကနေ ထွက်ပေါ်လာတဲ့ ရလဒ်တွေကို မှန်ကန်ကြောင်း အတည်ပြုထောက်ခံပေးမယ့် အဖြေတစ်ခုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက သဘောတူနိုင်မယ့်အခွင့်အရေး ပိုရှိလာမှာဖြစ်သလို အနာဂတ်မှာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်မှုတွေကလည်း ပိုများလာမှာ ဖြစ်ပါတယ်။

### ညှိနှိုင်းရေးစားပွဲပေါ်ရောက်အောင် တိုက်ခိုက်ခဲ့ခြင်းဖြစ်

ကုလသမဂ္ဂမှာ ဆုံးဖြတ်ချက်မူကြမ်းတွေ ချမှတ်ရေး ကြီးကြပ်ဆောင်ရွက်ရာမှာ ဗြိတိန်သံတမန်တွေနဲ့ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေဟာ ဆော်ဒီအာရေဗျက ကန့်ကွက်မှုတွေ ပိုမိုပြုလုပ်လာပြီးနောက်ပိုင်း ဆုံးဖြတ်ချက်တစ်ရပ်အတွက် အဆိုပြုချက်တင်သွင်းမှုတွေကို ဆွီဒင်ဆွေးနွေးပွဲ မပြုလုပ်ခင်မှာ ထိန်းချုပ်ထားလိုက်ပါတယ်။ ဆော်ဒီနဲ့ စစ်ရေးအရမိတ်ဖက်ဖြစ်တဲ့ အာရပ်စော်ဘွားများပြည်ထောင်စုဟာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုနဲ့ ပတ်သက်လို့ ကျေနပ်တဲ့ဟန်ရှိနေပြီး အရင်က ဟိုဒေးဒါမှာ ကျူးကျော်တိုက်ခိုက်ခဲ့မှုဟာ ဟူသီသူပုန်တွေကို ညှိနှိုင်းရေးစားပွဲပေါ်ရောက်အောင် ဆွဲခေါ်ရာမှာ လိုအပ်လို့ လုပ်ခဲ့တာပဲဖြစ်တယ်လို့ ခုခံပြောဆိုခဲ့ပါတယ်။

### ကုလသမဂ္ဂတိုက်တွန်း

ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်မူကြမ်းမှာ ပဋိပက္ခဖြစ်ပွားမှုနဲ့ သက်ဆိုင်နေတဲ့ အဖွဲ့အစည်းတိုင်းဟာ စီးပွားရေးနဲ့ နောက်မကျစေဖို့နဲ့ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့တွေဖြစ်တဲ့ အစားအစာ၊ လောင်စာ၊ ဆေးဝါးနဲ့ တခြားသော မရှိမဖြစ်တဲ့ တင်ပို့ကုန်တွေ လွယ်ကူချောမွေ့စွာ ဝင်ရောက်လာနိုင်ဖို့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်မယ့် သက်ဆိုင်ရာ တာဝန်ရှိသူတွေ နိုင်ငံတစ်ဝန်း အခက်အခဲမရှိ သွားလာနိုင်ဖို့၊ ဆက်လက်ပြီး အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားကြဖို့ တိုက်တွန်းထားပါတယ်။ ။

ကိုးကား- ဂါဒီယန်၊ ဆင်ဟွာ

> **“အခြားဆိပ်ကမ်းတွေဖြစ်တဲ့ ဆာလစ်ဖ်နဲ့ ရက်စ်အီဆာတို့မှာ မူလကရည်မှန်းထားခဲ့သလို အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတွေ ဆက်လက်ချဲ့ထွင်သွားနိုင်မယ်ဆိုရင် ဆွီဒင်ဆွေးနွေးပွဲကနေ ထွက်ပေါ်လာတဲ့ ရလဒ်တွေကို မှန်ကန်ကြောင်း အတည်ပြုထောက်ခံပေးမယ့် အဖြေတစ်ခုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက သဘောတူနိုင်မယ့်အခွင့်အရေး ပိုရှိလာမှာဖြစ်”**

# မြန်မာ့ဂန္ထဝင်အတွဲ (၁၀၀) စာစဉ်၏ ပထမတွဲထုတ်ဝေဖြန့်ချိ

## မောင်ရင်မောင်၊ ချဉ်ပေါင်ရွက်သည်၊ ချစ်ရိုးအမှန်

***ယမန်နေ့မှအဆက်***

မအေးခင်၏ "ချစ်ရိုးအမှန်" ဝတ္ထုအကျဉ်းချုပ်မှာ ဤသို့ဖြစ်သည်။

အထောင်မန်းကြာရွာက တောင်သူကြီးဦးရွှေမောင်၏ သား မောင်သာလှိုင်၊ မြို့အုပ်မင်း ဦးမောင်ကြီး၏သား မောင်ဘခက်နှင့် ဒေးဒရဲမြို့မှ ဂေါ်ရင်ဂျီ ကုန်သည်ကြီး ဦးကာလာ၏သား မောင်ဘခိုတို့သည် ရန်ကုန်မြို့ အစိုးရ သိပ္ပံကျောင်းတွင် တက်ရောက်သင်ကြားနေကြသော ဘီအေ အတန်းသားများ ဖြစ်ကြသည်။ သူတို့သုံးဦးသည် ကြီးပြင်းလာသောအခါ တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုကဲ့သို့ သဘောထား၍ စောင်မ ကြည့်ရှုစတမ်းဟု ကတိထားကြ၏။ မောင်သာလှိုင်သည် မောင်ဘခက်၏ နှမ မသိန်းဆင်နှင့် မေတ္တာသက်ဝင်နေ၏။ မောင်ဘခက်၏ မိခင်ထံ ခွင့်ပန်ပြီး မိမိ၏ မိဘနှစ်ပါးထံ တောင်းရမ်းပေးရန်ပင် အကြောင်းကြားပြီး ဖြစ်ကြ၏။

မောင်သာလှိုင်က မြို့အုပ်တန်း စာမေးပွဲအောင်ပြီးနောက် နယ်သို့မသွားမီ ရည်းစားဖြစ်သူ မသိန်းဆင်ကို စိတ်မချသောကြောင့် သူမရှိတုန်း စောင့်ရှောက်ရန် မောင်ဘခိုအား ပြောကြား၏။ မောင်ဘခိုက မသိန်းဆင်မှာ သူ့ကိုသာ မေတ္တာထားသည်။ မောင်သာလှိုင်ကိုမူ မိခင်အလိုလိုက်ကာ ကြိုက်ဟန်ဆောင်ခြင်းသာဖြစ်သည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ကြီးပြင်းလာလျှင် စောင်မ ကြည့်ရှုစတမ်းဟူသော ကတိစကားအရ မသိန်းဆင်ကသာ မောင်သာလှိုင်ကို မေတ္တာသက်ဝင်ရိုးမှန်လျှင် သူဆက်လက် မကြံပါ။ အကယ်၍ မသိန်းဆင်က သူ့ကိုမေတ္တာမျှလျှင် မောင်သာလှိုင်ထံ စာရေးလိုက်မည်ဟု ပြောလေ၏။

မသိန်းဆင်သည် အမျိုးသမီးအဖော်များနှင့် အတူ ညနေတိုင်းတွင် ရွှေတိဂုံဘုရားဖူး တက်တတ်သည်။ ထိုအကြောင်းကို မောင်ဘခို သိသောကြောင့် မောင်ဘိုးရုံးနှင့် တိုင်ပင်ကာ မသိန်းဆင်အား ရထားတင်ခိုးရန် ဆောင်ရွက်ကြ၏။ ထိုအကြံကို မောင်သာလှိုင်၏ မိတ်ဆွေများဖြစ်သော ဆရာဦးသာညိုနှင့်မောင်ကြာခိုင်တို့သိသောအခါ မသိန်းဆင်ကို ရထားတင်လျှင် မောင်ကြာခိုင်က ဝင်ကယ်ရန် စီမံကြ၏။ တစ်နေ့ညနေတွင် မသိန်းဆင်သည် အဖော်များနှင့် ရွှေတိဂုံဘုရားဖူးပြီး ဆင်းလာလေသော် မောင်ဘခို၊ မောင်ဘိုးရုံးတို့က ပွေ့ချီပြီး ရထားပေါ်တင်လေ၏။ မောင်သာလှိုင်၏ မိတ်ဆွေ မောင်ကြာခိုင်သည် မသိန်းဆင်ကိုတင်မည့် ရထားမောင်းသမားကို ဓားနှင့်ပြ၍ ခြိမ်းခြောက်ကာ ရထားထဲ၌ ငြိမ်ငြိမ်နေစေ၏။ မောင်ကြာခိုင်က ရထားထဲ ဝင်ထိုင်လိုက်ပြီး စောင့်နေ၏။ မသိန်းဆင်ကို ရထားပေါ်သို့ တင်လိုက်သည့်အခါ မသိန်းဆင်ကို ကယ်တင်လိုက်ပြီး မိခင် မင်းကတော်ကြီး၏ လက်သို့ အပ်လိုက်၏။

မောင်ဘခိုလည်း ရာဇဝတ်ဘေးကြောက်ပြီး တကောင်းကြံညှပ်ဘက် ထွက်ပြေးတိမ်းရှောင်နေ၏။ မောင်သာလှိုင်သည် မသိန်းဆင် ရထားတင်ခံရသည့်ကိစ္စကို ထိထိရောက်ရောက် မစုံစမ်းဘဲ နားစွန်နားဖျားအကြားနှင့် မသိန်းဆင်အပေါ် အထင်လွဲနေ၏။ မသိန်းဆင်ထံသို့ စာပေးပို့သော်လည်း မသိန်းဆင်အပေါ် မောင်ဘခိုနှင့် မယုံသင်္ကာလေသံများ စာထဲ၌ ပါနေသောကြောင့် မသိန်းဆင်က စိတ်ဆိုးကာ စာမပြန်ဘဲနေ၏။

မသိန်းဆင်၏ ဖခင် မြို့ပိုင်ဦးမောင်ကြီးသည် ကျုံပျော်မြို့သို့ ပြောင်းရ၏။ မောင်သာလှိုင်မိဘများနှင့် အနေနီးသွားသောကြောင့် မောင်သာလှိုင်၏မိခင် ဒေါ်ပုနှင့် မသိန်းဆင်တို့ ဆုံမိကြသည်။ မသိန်းဆင်က မောင်သာလှိုင်သည် ခိုင်လုံစွာ မစုံစမ်းဘဲ သူ့အပေါ် မငဲ့မညှာ စာရေးသောကြောင့် စိတ်နာပြီး စာမပြန်ကြောင်း ပြော၏။ ဒေါ်ပုက သူ့သားထံသွားပြီး အကျိုးအကြောင်းပြောမည်ဟု နှစ်သိမ့်ပြောဆို၏။

ရွှေဘိုသို့ ရောက်နေသော မောင်သာလှိုင်သည် မန္တလေးမှ ပွဲစားကြီးဦးချို၏ စည်းရုံးမှုကြောင့် မန္တလေးခေတ္တရောက်နေစဉ် မောင်ဘခိုနှင့်တွေ့၏။ မောင်ဘခို၏ ကလိမ်ကညစ်စကားများကြောင့် မသိန်းဆင်အပေါ် မောင်သာလှိုင် ပို၍ စိတ်ပျက်သွားပြန်၏။ မောင်သာလှိုင်သည် ပွဲစားကြီးသမီး ခင်ခင်ညွှန့်နှင့် လက်ထပ်ယူမည်ဆုံးဖြတ်ပြီး မသိန်းဆင်ထံမှ ယူထားသော လက်စွပ်ကို မိခင်ဒေါ်ပုမှတစ်ဆင့် ပြန်ပေးလိုက်၏။

မောင်ဘခို၏ဖခင် ဘိုးကာလာသည် မောင်သာလှိုင်၏ လမ်းညွှန်မှုကြောင့် သား မောင်ဘခိုကို ပြန်တွေ့လေ၏။ မောင်ဘခိုက ဖခင်ဘိုးကာလာကို မသိန်းဆင်အား တောင်းပေးရန်ပြော၏။ ဘိုးကာလာကလည်း တောင်းပေးမည်ဟု ဝန်ခံ၏။ မောင်ဘခက်သည် မောင်သာလှိုင်နှင့် တွေ့ဆုံသည့်အခါ မောင်သာလှိုင်သည် ခင်ခင်ညွှန့်ကို လက်ထပ်ယူမည့် အကြောင်း သိလေသည်။ မောင်ဘခက်သည် မိဘများရှိရာ ကျုံပျော်သို့ ရောက်သော် မိမိသိခဲ့သော မောင်သာလှိုင်၏ အကြောင်း ပြောပြ၏။ မသိန်းဆင်သည် ခင်ခင်ညွှန့်နှင့် မောင်သာလှိုင် လက်ထပ်မည်ကို သိရသောအခါ မောင်သာလှိုင်အပေါ် ပို၍စိတ်နာသွားပြန်သည်။




မကြာမီ မသိန်းဆင်တို့အိမ်သို့ ဘိုးကာလာ ရောက်လာပြီး မသိန်းဆင်ကို သူ့သား မောင်ဘခိုနှင့် လက်ထပ်ပေးရန် စကားဆို၏။ မသိန်းဆင်က မိဘစကားလည်း ပယ်ရာ မရောက်အောင်၊ မိမိ၏ အချစ်နာလည်း ကုစားရာရောက်အောင် ခြောက်လခွာပြီးမှ စကားပြန်မည်ဟု ဘိုးကာလာကို အကြောင်းပြန်ကြားစေ၏။

နောင်တွင် မောင်သာလှိုင်သည် မသိန်းဆင်ကို မောင်ဘခို ရထားတင်စဉ်က ကာကွယ်ခဲ့သူ မောင်ကြာခိုင်နှင့် တွေ့ကာ မောင်ကြာခိုင် ရှင်းပြသဖြင့် အကြောင်းစုံ သိလေလျှင် မိမိ အမှားကြီးအပေါ် များစွာ နောင်တရလေ၏။ သို့ရာတွင် မသိန်းဆင်မှာလည်း မောင်ဘခိုနှင့် လက်ထပ်ရန် သေချာသလောက်ရှိနေချိန်ဖြစ်၍ မောင်သာလှိုင် မချိတင်ကဲ ခံစားရပြန်သည်။ မောင်သာလှိုင်သည် မန္တလေးသူ ခင်ခင်ညွှန့်ကိုလည်း နှစ်နှစ်ကာကာ မေတ္တာမရှိသောကြောင့် သူနှင့်အိမ်ထောင်ဖက်ပြုရန် မဖြစ်နိုင်ကြောင်း ဆုံးဖြတ်ကာ ပွဲစားကြီး ဦးချိုထံစာရေး၍ ခင်ခင်ညွှန့်နှင့် လက်ထပ်မည့်ကိစ္စကို ဖျက်လိုက်သည်။ မောင်သာလှိုင်သည် စိတ်ပြေလက်ပျောက် ဘိလပ်သို့ သွားပြီး ဝတ်လုံတွဲယူရန် ထွက်ခွာသွားလေ၏။

မောင်ဘခိုမှာ မသိန်းဆင်နှင့် လက်ထပ်ရတော့မည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အပျော်အကြူးကြီး ကြူးမိရာ တကောင်းကြံညှပ်တွင် နေစဉ်က ရလာသော ငှက်ဖျားပိုးက ဝင်ရောက်နှိပ်စက်ခံရသောကြောင့် ကွယ်လွန်သွား၏။ မောင်ဘခို ကွယ်လွန်ကြောင်း ကြားရလေလျှင် မသိန်းဆင်မှာ လွန်စွာ ဝမ်းမြောက်ပျော်ရွှင်သွားကာ ထ၍ပင်ကလေသည်။ မောင်သာလှိုင်သည် ဝတ်လုံတွဲယူပြီး မြန်မာနိုင်ငံသို့ပြန်လာကာ အစိုးရ အမှုထမ်းဘဝ ဝင်ရောက်လုပ်ကိုင်ပြန်သည်။ ရွှေဘိုတွင် တာဝန်ထမ်းဆောင်ရ၏။ ရွှေဘိုသို့ရောက်ပြီး ခြောက်လခန့်အကြာ မိဘများရှိရာသို့ ခွင့်နှင့်ပြန်လာ၏။ မိဘများထံမှ ရွှေဘိုသို့အပြန်တွင် ရန်ကုန်ဘူတာကြီးမှ ရထားစီးရသည်။ မသိန်းဆင်တို့ တူဝရီးကလည်း အထက်အညာသို့ ဘုရားဖူးသွားကြလေရာ ရန်ကုန်ဘူတာကြီးမှပင် ရထားနှင့်အညာသို့ ခရီးသွားကြ၏။

မောင်သာလှိုင်နှင့် မသိန်းဆင်တို့သည် ရထားတစ်စင်းတည်း အတူစီးကြသော်လည်း ရထားပေါ်၌ မဆုံမိကြ။ စစ်ကိုင်းတွင် မသိန်းဆင်တို့ အလှူဒါနပြုကြပြီးသော် စခန်းတစ်ခုတွင် အေးအေးသာသာ အပန်းဖြေကြစဉ်မှ မောင်နှင့်မယ် မျက်နှာချင်းဆိုင်မိကြလေ၏။ ဝတ္ထုရေးသူ မအေးခင်သည် ဝတ္ထုကို "ဝန်းရံပတ်လည်၊ အင်ကြင်းရွှေဖီမှစ၍ တောစံပယ်တို့သည် သင်းသင်းပျံ့ပျံ့၊ ရနံ့ထုံလှိုင်လျက်၊ ပန်းချီ ပန်းခိုင်အကြားတို့တွင် ခုန်သွားမြူးထူး၍ ပျော်ပါးစွာနေကြသော ကျေးငှက်အပေါင်းတို့တွင် တစ်ကောင်သောငှက်က အများထက်ထူး၍ သာယာကြည်အေးသောအသံဖြင့် အဖန်ဖန် ချစ်ချစ်ချစ်ရိုးအမှန် ချစ်ချစ်ချစ်ရိုးအမှန် ချစ်ချစ်ချစ်ရိုး အမှန်ဟု မြည်တမ်းလိုက်ကြလေသတည်း" ဟူသော ဝါကျများဖြင့် မေတ္တာတံတား ခင်းထားသည်။

မအေးခင်၏ ဝတ္ထုနိဂုံးချုပ် ဝါကျစုစည်းမှုကိုကြည့်လျှင် အံ့ဩလောက်စရာ ကောင်းလှသည်။ ဝတ္ထုရေးဖွဲ့သည့် ၁၉၀၉ ခုနှစ်က ဝါကျများဖြစ်သော်လည်း အလွန်လှပသည်။ ဝတ္ထုကို လှလှပပဝါကျဖြင့် နိဂုံးချုပ်နိုင်ခြင်းသည် မအေးခင်၏ လေးစားဖွယ်ကလောင် ဂုဏ်ရည်ပင်ဖြစ်သည်။ ဤတွင် တစ်ခု သတိပြုမိသည်မှာ ဝတ္ထုကဲ့သို့သော ရသစာပေ အဖွဲ့အနွဲ့မျိုးဖြစ်၍သာ ကလောင်ကို ဤမျှအထိ သွဲ့သွဲ့ပျောင်းပျောင်း ဖန်တီးနိုင်ခွင့်ရှိသည်ဟူသော အတွေးအမြင်ပင်ဖြစ်သည်။

ချစ်ရိုးအမှန်ဝတ္ထုကို ဒေါက်တာဘဟန်က ၁၉၁၇ ခုနှစ် ဩဂုတ်လထုတ် မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်အတွဲ (၇) အမှတ် (၂) စာ- ၁၈၆ တွင် ဝေဖန်ဖူးသည်။ ဒဂုန်ရွှေပြည်စိုးကလည်း ၁၉၇၁ ခုနှစ် ဇန်နဝါရီလထုတ်၊ ရှုမဝရုပ်စုံမဂ္ဂဇင်းအတွဲ - ၂၄၊ အမှတ် ၂၈၄ တွင် ဝေဖန်ဖူးသည်။ ဒဂုန်ရွှေပြည်စိုး၏ အဆိုအရ မအေးခင်ဝတ္ထုသည် ၈ လက်မ × ၆ လက်မအရွယ် ဝတ္ထုစာအုပ်စာမျက်နှာ ၁၆၆ မျက်နှာရှိသည်ဟု သိရသည်။ ယခုပုံနှိပ်ထုတ်ဝေသည့်စာအုပ်၌ စာမျက်နှာ ၁၆၀ သာရှိသောကြောင့် စာမျက်နှာ ၆ မျက်နှာလိုသေးသည်။ အခြားမည်သည့် စာကြည့်တိုက်များတွင်မှ စုံစမ်း၍မရသောကြောင့် ချစ်ရိုးအမှန်ဝတ္ထု မပျောက်ပျက်စေလိုသော စေတနာဆန္ဒအလျောက် ရရှိသည့်မူ အတိုင်း ပုံနှိပ်လိုက်ရပါသည်။ ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ စာကြည့်တိုက်၌သာ ဤတစ်မူတည်း ရှားရှားပါးပါး ကျန်နေကြောင်း သိရသည်။

ယခုပုံနှိပ်သည့်မူတွင် မောင်သာလှိုင်နှင့် မသိန်းဆင်တို့ မီးရထားတစ်စင်းတည်း စီးနင်း၍ ခရီးသွားနေကြခန်း၌ စာမျက်နှာ ၁၆၀ ကုန်သွားသည်။ ဖော်ပြထားသော မအေးခင်၏ ဝတ္ထုနိဂုံးချုပ် မေတ္တာပန်းတံတားဝါကျများ ဖတ်ရမည် မဟုတ်ချေ။ ဒဂုန်ရွှေပြည်စိုး၏ ဝေဖန်စာမှ ဤဝတ္ထုနိဂုံးဝါကျများ ရရှိခြင်းဖြစ်သည်။

ဒဂုန်ရွှေပြည်စိုး၏ ဖော်ပြချက်အရ မအေးခင်သည် မြောင်းမြမြို့သူဖြစ်သည်။ အဘစက်ရှင်မင်းကြီး ဦးဘိုးပြေ၊ အမိ ဒေါ်မမတို့၏ သားသမီးငါးဦးအနက် ဒုတိယမြောက်သမီးဖြစ်သည်။ မအေးခင်တို့ ညီအစ်ကိုမောင်နှမငါးဦးအနက် အစ်ကိုအကြီးဆုံးသည် ရန်ကုန်မြို့အနောက်ပိုင်း ရာဇဝတ်တရားသူကြီး ဝတ်လုံတော်ရ ဦးစိန်ဒိုင်ဖြစ်ပြီး ပဉ္စမမြောက် မောင်အငယ်ဆုံးသည် တရားလွှတ်တော်တရားဝန်ကြီးလည်းဖြစ် ရန်ကုန်တက္ကသိုလ် ဥပဒေပါမောက္ခလည်းဖြစ်ခဲ့သူ ဦးအောင်ခိုင်ဟု သိရသည်။

မအေးခင်ကို ၁၂၅၃ ခုနှစ် (ခရစ်နှစ် ၁၈၉၁ ခုနှစ်) တွင် မွေးဖွားသည်။ မအေးခင်ကို အင်္ဂလိပ်စာသင်ကျောင်းတွင် မထား။ မြောင်းမြမြို့ ဆရာဦးဘိုးမြ စာသင်ကျောင်းမှာပင်ထား၍ အတန်းအားဖြင့် စတုတ္ထတန်းကိုသာ အောင်မြင်သည်။ သို့ရာတွင် မြန်မာဗုဒ္ဓဘာသာမိဘများက သားသမီးများအား အိမ်မှာ သင်ကြားပေးလေ့ရှိသော ရှေးခေတ်မြန်မာ့ပညာရေး သင်ရိုးများကိုမူသင်ကြားရသည်။ ဤသင်ရိုးများမှာ မင်္ဂလသုတ်၊ ရတနာ ရွှေချိုင့်တို့ကို အစပြုပြီး ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်တို့အထိ အိမ်၌ သင်ကြားပေါက်မြောက်ခဲ့သည်ဟုဆိုသည်။

မအေးခင်သည် ချစ်ရိုးအမှန်ဝတ္ထုဖွဲ့ရာတွင် စာဆို၏ အမြင်တို့ကို အကြောင်းအားလျော်စွာ ထည့်ရေးတတ်၏။ ဝတ္ထုသည် အချစ်ဝတ္ထုဖြစ်သောကြောင့် ချစ်ခြင်းမေတ္တာနှင့် အိမ်ရာထူထောင်မှုဘဝတို့ ပါဝင်နေ၏။ မအေးခင်၏ အိမ်ထောင်မှုဘဝအမြင်မှာ "ထိမ်းမြားလက်ထပ်ခြင်းမှာလည်း အမျိုးအရိုးကို မရွေးချယ်မှု၍ ကိုးကွယ်သောဘာသာတရားညီညွတ်ခြင်းကို သတိမပြုလောက၌ စီးပွားဉစ္စာအလွန် ရှေးရှု၍ခွင့်ပြုခြင်းသည် ပျက်စီးရာပျက်စီးကြောင်း ဖြစ်တတ်သည်"

"သမီးကို အိမ်ထောင်ပေးစားရာတွင် လူကိုမစုံမက်ဘဲလျက် ရွှေငွေကိုစုံမက်ပါလျှင် သမီးကိုရောင်းစားသည့် လက္ခဏာနှင့် တူပါသည်" ဟု တွေ့ရပါသည်။

ဤအမြင်များကို ယနေ့မျက်မှောက်ခေတ်အမြင်များနှင့် နှိုင်းယှဉ်ကြည့်စေချင်သည်။ မအေးခင်၏ ပညာသင်ကြားရေးအမြင်ကို "ရှေးအခါကာလနှင့် ယခုမတူ။ မိန်းကလေးများမှာ မြန်မာစာဗေဒင်များကို တတ်ရုံနှင့် ပညာမစုံသေး၊ ဉာဏ်ရှိသော သူများကတော့ အင်္ဂလိပ်ဘာသာကို လည်လည်ပတ်ပတ် ရေးတတ်ဖတ်တတ်မှ ချက်ရေးပြုတ်ရေး အချုပ်အလုပ် အိမ်ထောင်ခမ်းနားကို ရွက်ဆောင်တတ်မှ သဘောကျကြသည်။

မြန်မာမင်းများ လက်ထက်ကကဲ့သို့ မင်းကတော်၊ စိုးကတော် အခေါ်ခံ၍ ချမ်းငြိမ်းစွာနေနိုင်သည့်ခေတ်မဟုတ်။ လင်သားနှင့်အတူ ဒိုးတူပေါင်ဖက် စီမံခန့်ခွဲနိုင်မှသာ၍ တော်သတဲ့ရှင့်။ သည်ထက်လွန်ကဲ၍ စောင်း၊ စန္ဒရား၊ တယော၊ ဘင်ဂျို၊ မိကျောင်းများတီးတတ်၍ သီချင်းများ သီကုံးတတ်လျှင် သာ၍ချီးမွမ်းခံရသေးသည်တဲ့ရှင့်" ဟု တွေ့ရပါသည်။

ဝတ္ထုရေးဖွဲ့သည့် ခေတ်ကာလသည် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှလက်အောက် ရောက်နေသည့် ကာလဖြစ်သည်။ မြန်မာ့ပညာရေးစနစ်တို့ မှေးမှိန်စပြုပြီး ဗြိတိသျှပညာရေး စနစ် ထွန်းကားစ ပြုလာသည့် ကာလဖြစ်သည်။ မိန်းကလေးများလည်း အင်္ဂလိပ်စာ သင်ကြားသင့်ကြောင်းဆိုသလို အင်္ဂလိပ်စာ တတ်သူများသည် လောကနှင့်ဇီလာ ဖြစ်သွားတတ်သည့် သဘောကို မောင်သာလှိုင်၏ ဖခင်ဦးရွှေအောင်က မောင်သာလှိုင်ကို ပြောသောစကားတွင် "သာလှိုင် မင်းတို့ကာလသားမြေးဟာလေ အင်္ဂလိပ်စာလေးတတ်ပြီးဆိုမှဖြင့် လောကသုံးပါးကို ဘုရားလောက် မြင်မြော်နိုင်သည် အထင်ကြီးတာပဲ၊ ပညာတတ်တာ တခြား လူရေး လူတာဆိုတဲ့ အသိအကြား အမြင်များရခြင်း မင်္ဂလာနှင့် တခြားစီဟေ့" ဟု တွေ့မြင်ရသည်။




ဤအယူအဆများကိုကြည့်လျှင် ခေတ်မီသည်ထက်မက ခေတ်ရှေ့ပြေးနေသည့် အမြင်များအဖြစ် အသိအမှတ်ပြုရပေမည်။ ဝတ္ထုတစ်ပုဒ် ရေးဖွဲ့ဖန်တီးသည့်အခါ ပညာပေးခြင်းများကို ရှောင်နိုင်သမျှ ရှောင်ရပေမည်။ ဆရာဇော်ဂျီသုံးနှုန်းသကဲ့သို့ ဖြောင်ကျကျ တရားဟောသည့် အဖွဲ့အနွဲ့များကို ဆိုလိုပေသည်။ ဤသဘောတရားကို မအေးခင် သိသည်။ သိသောကြောင့် ဖြောင်ကျကျတရားဟောပြီး ဗဟုသုတပေးသည့်အလုပ် မလုပ်ပါဟု ဤသို့ဆိုသည်။

"မြို့အုပ်မင်းဦးမောင်ကြီးနှင့် ဦးရွှေအောင်တို့ ပြောဆိုကြသော စကားများမှာ ပညာရှိသူများဖြစ်၍ အနှစ်သာရနှင့် ပြည့်စုံသော လောကီ၊ လောကုတ္တရာ၊ အကျိုးအထူး ဖြစ်လောက်အောင် သာယာနာပျော်ဖွယ်ရာ ရှိသော်လည်း ယခုရေးသားသော ပုံဝတ္ထုနှင့်များစွာ မဆိုင်၊ ဖတ်ကြည့်သူတို့ အပျင်းမပြေနိုင်အောင် ဇာတ်မျောသကဲ့သို့ဖြစ်မည်ကို စိုးရိမ်သောကြောင့် ခြွင်းချန်ပြီးလျှင် ဒေါ်ပုနှင့် မသိန်းဆင်တို့ စကားပြောဆိုကြသည်ကိုသာ ဖော်ပြလိုက်ပါသည်"

ဦးမောင်ကြီးနှင့် ဦးရွှေအောင်တို့ ပြောစကားများကို ဖော်ပြနေလျှင် လောကီ၊ လောကုတ္တရာ ဗဟုသုတဖြစ်စေလောက်သော်လည်း ဇာတ်မျောမည်စိုး၍ မဖော်ပြပါဟု မအေးခင်က ရေးသည်။

ဝတ္ထု၌ ဖြောင်ကျကျ တရားဟောမှုမျိုး မလုပ်သင့်ဆိုသော အယူအဆကို မအေးခင်က ရှေးဦးစွာပြောသူအဖြစ် တွေ့ရသည်။ ချစ်ရိုးအမှန်ဝတ္ထုတွင် ဇာတ်ဆောင်များစွာပါဝင်သော်လည်း စရိုက်အပီပြင်ဆုံးသူမှာ ဦးကာလာဖြစ်သည်။ သူသည် ကုန်သည်ဖြစ်၏။ ကပ်စေးလည်းနှဲသည်။ ကုန်သည်ဖြစ်သောကြောင့် ကုန်သည်တို့၏ စရိုက်ကို အကြိမ်ကြိမ်မြင်ရသည်။ ထစ်ခနဲဆိုငွေပေးမည် တကဲကဲလုပ်သည်။ သို့သော် ပေးသည့်ငွေမှာ တစ်ဖက်သားကို ဆွဲဆောင်နိုင်လောက်သည့် ငွေပမာဏမျိုးမဟုတ်၊ ကပ်စေးနှဲသူတို့ သဘာဝအတိုင်း မဖြစ်စလောက်ငွေနှင့် ကမ်းလှမ်းတတ်သည်။ ထိုငွေပမာဏသည် ကမ်းလှမ်းခံသူ တစ်ဖက်သားအပေါ် စော်ကားရာပင်ကျသွားသည်။

ဦးကာလာက သူ့သားမောင်ဘခိုအတွက် မသိန်းဆင်ကို တောင်းရမ်းရမည်ဆိုသောအခါ မြို့အုပ်သမီးတောင်းရမည်ဆိုလျှင် ငွေငါးဆယ်ခြောက်ဆယ်၊ တစ်ရာလောက်နှင့် ငြိမ်းပါ့မလားဟုမေးသည်။ သူ့ဇနီး မမင်းဘော်က သားတစ်ယောက်အတွက် ငွေတစ်သောင်းလောက် အကုန်ခံပေါ့ဟု ပြောသည်။ ဦးကာလာက "ငွေများများ မကုန်ဘဲနှင့် သည်မိန်းမရလျှင် ပြီးရော မဟုတ်လား" ဆိုသောစကားကို ပြောသူဖြစ်သည်။

ဒဂုန်ရွှေပြည်စိုးက "ချစ်ရိုးအမှန်ဝတ္ထုမှာ မြန်မာအမျိုးသမီးစာရေးသူတစ်ဦး၏ ရှေးအကျဆုံး ပင်ကိုရေးဝတ္ထုပင်ဖြစ်သည်။ စာအရေးအသား ဇာတ်အိမ်ဇာတ်ကွက်ဖွဲ့ပုံ၊ ဇာတ်ဆောင်များ သရုပ်ဖော်ပုံ၊ ရသစုံစုံထည့်သွင်းပါဝင်စေပုံ၊ ရသထွက်ထိပ်ရောက် ခံစားမှုအထိပို့ပုံစသည့် ဝတ္ထုတစ်ခုတွင် ပါဝင်သင့်သမျှ အင်္ဂါရပ်များ အတန်ပင်ပြည့်ပြည့်စုံစုံပါဝင်အောင် ရေးသားနိုင်သည်ကို တွေ့ရသည်" ဟု သုံးသပ်သည်။

*စာမျက်နှာ ၁၇ သို့*

# ကရင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ဆန်တန်ချိန် ၁၈၀ ထောက်ပံ့

**ဘားအံ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ်အတွင်း သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အာဆီယံအပေါင်း(၃) အရေးပေါ် အရန်ဆန်ရိက္ခာအစီအစဉ်(၃)အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၁၈၀ အား ကရင်ပြည်နယ် အစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကျေးဇူးတင်စကားပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးကိုယ်စား ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူခဲ့သည်။(**ယာပုံ**)




အာဆီယံအပေါင်း(၃) အရေးပေါ် အရန် ဆန်ရိက္ခာအစီအစဉ်အရ ပထမအကြိမ်အဖြစ် ဂျပန်နိုင်ငံမှ ဆန်တန် ၈၀ ကို ပြည်နယ်အတွင်း ပြီးခဲ့သည့်မိုးကာလက ရေကြီးနစ်မြုပ်ခဲ့သည့် ယာယီရေဘေးကယ်ဆယ်ရေး စခန်းများသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီး ယခု ဒုတိယအကြိမ် ကိုရီးယားသမ္မတနိုင်ငံမှ ထောက်ပံ့ပေးအပ်သည့် ဆန်တန် ၁၈၀ ကို ရေကြီးနစ်မြုပ်ခံခဲ့ရသည့် တောင်သူလယ်သမားများ၊ ဒေသခံမိသားစုဝင်များနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဆည်နှင့်ရေလှောင်တမံများတွင် ငါးတက်ဆင်းလမ်း ထည့်သွင်းတည်ဆောက်ခြင်းဖြင့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြု

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတကာ ငါးတက်ဆင်းလမ်းညီလာခံ (International Conference on Fish Passage 2018 and River Connectivity) ကို ဩစတြေးလျနိုင်ငံ အယ်လ်ဗျူရီမြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော် ဦးဆောင်က ငါးလုပ်ငန်းဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံသို့ နိုင်ငံ ၅၀ ခန့်မှ ပညာရှင်ကိုယ်စားလှယ် ၃၅၀ ခန့်ပါဝင်တက်ရောက်ပြီး ကမ္ဘာတစ်ဝန်းမြစ်ချောင်းများ၊ ဆည်တမံများနှင့် ရေတံခါးများတွင် ထည့်သွင်းတပ်ဆင်လျက်ရှိသည့် ငါးတက်ဆင်းလမ်းဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်၊ ငါးမျိုးစိတ်များ၏ ဇီဝဗေဒ၊ ငါးတက်ဆင်းလမ်းစီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမှုစသည့် ဘာသာရပ်ဆိုင်ရာနယ်ပယ်များ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ငါးတက်ဆင်းလမ်းဖော်ဆောင်ရာတွင် တွေ့ကြုံရသည့်စိန်ခေါ်မှုများ၊ ငါးတက်ဆင်းလမ်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ စသည့်ပညာရပ်နယ်ပယ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

မြစ်ချောင်းများ၊ ဆည်တမံများနှင့် ရေတံခါးများတွင် ထည့်သွင်းတပ်ဆင်သည့် ငါးတက်ဆင်းလမ်းများသည် ငါးနေ ငါးထိုင်နေရာများဖြစ်ပြီး သားဥပေါက်ချရန်နှင့် ပေါက်ဖွားရှင်သန်ကြီးပြင်းရန် မြစ်ချောင်းများမြစ်လက်တက်များသို့ ကူးလူးဆန်တက်သည့် ငါးမျိုးစိတ်များ ရေရှည်စဉ်ဆက်မပြတ်ရှင်သန်စေရေးအတွက် အထူးအရေးပါသည့် အခြေခံအဆောက်အအုံများပြီး ဆည်၊ ရေလှောင်တမံများတွင် ငါးတက်ဆင်းလမ်း ထည့်သွင်းတည်ဆောက်ခြင်းဖြင့် သယံဇာတအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက် စီမံနိုင်ခြင်းကြောင့် ရေချိုငါးလုပ်ငန်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ရေလုပ်သားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်နိုင်ကြောင်း သိရသည်။

ထို့အပြင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဩစတြေးလျ နိုင်ငံတကာစိုက်ပျိုးရေးသုတေသန (ACIAR) အထောက်အပံ့ဖြင့် ဩစတြေးလျ Charles Sturt University (SU)၊ လာအိုမျိုးသားတက္ကသိုလ် သက်ရှိရေအရင်းအမြစ် ဗဟိုသုတေသန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ Fauna and Flora International (FFI) တို့နှင့် ပူးပေါင်း၍ ပဲခူးမြစ်ဝှမ်းတွင် "မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် ငါးတက်ဆင်းလမ်းဖော်ဆောင်ခြင်းဖြင့် ဇီဝ၊ ရူပသွင်ပြင်နှင့် လူထုအပေါ်အကျိုးသက်ရောက်မှုဆန်းစစ်ခြင်းရှေ့ပြေးစီမံကိန်း" ကို ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

*စာမျက်နှာ ၁၆ မှ*

ကာလပေါ်ဝတ္ထုခေတ်ဦး ဝတ္ထုတစ်ပုဒ်ဖြစ်၍ ကာလအလျောက် ခေတ်မီသည်ဟု ဆိုနိုင်သည်။ ဝတ္ထုဇာတ်လမ်းဆင်ပုံတို့ သဘာဝအတိုင်း မသိန်းဆင်ကို မောင်သာလှိုင်၏ လက်ဝယ်သို့ နဂိုရည်မပျက်မယွင်းစေဘဲ အပ်နိုင်အောင် ကြိုးစားထားသည်။ သို့ရာတွင် မောင်သာလှိုင်က ခင်ခင်ညွန့်ကို သစ်စိမ်းချိုး ချိုးသလို ရုတ်တရက်ဖြတ်လိုက်ခြင်းမှာ ခင်ခင်ညွန့်အပေါ် မစာနာရာ ရောက်စေသည်။ ဤတစ်ချက်မှလွဲ၍ ဝတ္ထုအင်္ဂါနှင့် ပြည့်စုံသော ရင်ဝယ်ငြိစေသည့် အလွမ်းဝတ္ထု တစ်ပုဒ်ဖြစ်သည်။

ဒဂုန်ရွှေပြည်စိုး၏ ဖော်ပြချက်အရ ချစ်ရိုးအမှန်ဝတ္ထုပြီးဆုံးသော် နောက်စာမျက်နှာ၌ ချစ်ရိုးအမှန်ဝတ္ထုပုံမနှိပ်မီ ပြဇာတ်ကခဲ့ကြောင်း ဖော်ပြထားသည်ဟုဆိုသည်။ နောက်စာမျက်နှာ၌ "၁၉၀၈ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် မြောင်းမြမြို့ မြန်မာအရာရှိများနှင့် လူကြီးများက ဧည့်ခံ၍ မေဂျာအော်မစ်စတင်နှင့် သခင်မတို့၊ ဘိလပ်မြို့သို့ ထွက်သွားခါနီးတွင် မြန်မာမိန်းကလေးများသည် မြန်မာပြည်တွင်း သဘင်သည်တို့ ယခုအခါ ကပြသည့် နည်းလမ်းအတိုင်း မဟုတ်ဘဲ အနောက်တိုင်းသားများတို့ ကပြကြသော နည်းလမ်းအရ သဘင်ဖွဲ့၍ ကပြနိုင်သည့်အတိုင်း ကပြခြင်းကိုလည်း ကြည့်မြင်ရသူ အင်္ဂလိပ်သခင်၊ သခင်မများနှင့် လူကြီးတို့က သဘောကျကြသဖြင့် ယခုရေးထုတ်ခဲ့သော ချစ်ရိုးအမှန်ဆိုသော စာအုပ်ထဲမှ ဇာတ်ကိုယူပြီး မိန်းကလေးများ စု၍ ရေးသားပြုပြင်ကပြသော ဇာတ်ကိုဆက်လက်ပုံနှိပ်မည်ဖြစ်ပါကြောင်း" ဟု ဖော်ပြထားသည်။

ဤအရေးအသားအရ ချစ်ရိုးအမှန်ကို ဝတ္ထုအဖြစ် ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ မြန်မာမိန်းကလေးများ စင်ပေါ်၌ ကပြခဲ့သည့် သဘောတွေ့ရသည်။ ကပြခဲ့သော မိန်းမကလေးများ စာရင်းကိုလည်း မည်သည့်ဇာတ်ဆောင်နေရာ၌ မည်သူပါဝင်ထားသည်ဟူ၍ ဖော်ပြထားသည်။ မအေးခင်ကိုယ်တိုင် ဆရာမောင်သာညို၏နေရာ၌ ပါဝင်ကပြထားကြောင်း တွေ့ရသည်။ "မြန်မာမိန်းကလေးများသည် မြန်မာပြည်တွင် သဘင်ပညာသည်တို့ ယခုအခါ ကပြသည့် နည်းလမ်းအတိုင်း မဟုတ်ဘဲ အနောက်တိုင်းသားများတို့ ကပြကြသော နည်းလမ်းအရ" ဆိုသော အရေးအသားကို သတိပြုကြည့်ပါ။ အနောက်တိုင်းသားဟု သုံးထားသောကြောင့် ဥရောပ ပြဇာတ်နည်းအတိုင်း ကပြသည်ဟု အဓိပ္ပာယ်ကောက်ယူရပေမည်။

မြန်မာပြဇာတ်စာပေသမိုင်းကို ပြောလျှင် ဥရောပပြဇာတ် ပုံသဏ္ဌာန်ဖြင့် အစောဆုံးပေါ်ထွက်လာသည့် ပြဇာတ်မှာ သခင်ဘသောင်း၏ "ဆရာဝန်ပါပဲ" ပြဇာတ်ဟူ၍ မှတ်တမ်းတင်ကြသည်။ "ဆရာဝန်ပါပဲ" ပြဇာတ်သည် ၁၉၂၈ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သောကြောင့် ဥရောပဟန်ပြဇာတ်များ မြန်မာနိုင်ငံ၌ ၁၉၂၈ ခုနှစ်တွင် ထွက်ပေါ်ခဲ့သည်ဟု မြန်မာစာပေသမိုင်း၌ မှတ်တမ်းတင်သည်။ မအေးခင်၏ ချစ်ရိုးအမှန်ဝတ္ထုသည် ဥရောပဟန်ဖြင့် ပြဇာတ်ကခဲ့သောကြောင့် မြန်မာပြဇာတ်စာပေသမိုင်းကို ပြန်လည်ဆန်းစစ်ရမည့်သဘောဖြစ်နေသည်။

မအေးခင်၏ ချစ်ရိုးအမှန်ဝတ္ထုသည် ရှေးဦးမြန်မာကာလပေါ်ဝတ္ထုဖြစ်သော မောင်ရင်မောင် မမယ်မဝတ္ထုဖွဲ့စည်းပုံ ဇာတ်လမ်းတည်ဆောက်ပုံအောက်သို့ မကျို့ပေ။ ရင်ပေါင်တန်းနိုင်သည်။ ထိုဝတ္ထုကို အနောက်တိုင်းဟန်ဖြင့် ပြဇာတ်အဖြစ်လည်း ကပြခဲ့သည်ဆိုခြင်းကြောင့် ဝတ္ထုရေးဆရာမ မအေးခင်၏ ပညာအရည်အသွေးသည် သာမန်ဟု မယူဆနိုင်။ ဝတ္ထုထဲ၌ ရေးသားထားသော မအေးခင်၏ ပညာရေးသဘောတရားအမြင်များတွင် မိန်းကလေးများ အင်္ဂလိပ်စာတတ်သင့်ကြောင်း ဆွေးနွေးထားသည်ကို ထောက်ရှု၍ မအေးခင်ကို အင်္ဂလိပ်စာသင်ကျောင်း၌ မထားဆိုသည်ကို သံသယဝင်မိသည်။ သူ၏ အစ်ကိုနှင့် မောင်တို့သည် အင်္ဂလိပ်စာတတ် ဥပဒေပညာရှင်များဖြစ်၍ မအေးခင်ကို ကူညီနိုင်သည်ဟု ဆိုသော်မှ ဤသို့ ဝတ္ထုတစ်ပုဒ်လုံးရေးရန်၊ ဥရောပပြဇာတ်ဟန်ဖြင့် ဇာတ်ထဲ၌ ပါဝင်ကပြရန်တို့အထိ အသေးစိတ်ကူညီရန် အချိန်ပေးနိုင်မည်ဟု မယူဆချင်ပေ။ ထို့ကြောင့် မအေးခင်သည် ခေတ်အလျောက် အင်္ဂလိပ်စာတတ်ကျွမ်းသူအဖြစ် အသိအမှတ်ပြုချင်ပေသည်။

သို့ရာတွင် မအေးခင်၏အတ္ထုပ္ပတ္တိကို ဒဂုန်ရွှေပြည်စိုးဆောင်းပါးရေးစဉ်က မအေးခင်သည် အသက် ၇၉ နှစ်အရွယ်အထိ ညီမငယ်နှစ်ဦးနှင့်ပင် အပျိုကြီးအဖြစ် မြောင်းမြမြို့ ၆ လမ်း၊ အမှတ် ၁၀ တွင် ကျန်းမာစွာ နေထိုင်လျက်ရှိကြောင်း တိတိကျကျ ရေးထားသောကြောင့် ဒဂုန်ရွှေပြည်စိုး၏ မှတ်တမ်းတင်ချက်ကိုလည်း အလေးဂရုပြုရပေမည်။ ထို့ကြောင့် မအေးခင်ကို အင်္ဂလိပ်စာသင်ကျောင်း၌ မထားသော်လည်း အိမ်၌ သင်ကြားပေးမည်လားဟု သာသာထိုးထိုး တွေးကြည့်မိသည်။

ခေတ်ဦးမြန်မာကာလပေါ် ဝတ္ထုသုံးအုပ်သည် ၂၀ ရာစုခေတ်ဦး၌ မြန်မာစာပေသမိုင်းအတွက် အရသာကောင်းများဖြင့် လက်ဆောင်ပေးခဲ့သည်ဟု ဆိုချင်ပါသည်ဟု ဦးအေးချို(မဟာဝိဇ္ဇာ) က သုံးသပ်ရေးသားထားသည်။ ။

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၀-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၄၅ ကျပ် | ၉၄၀/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၇၀ ကျပ် | ၉၅၅/၉၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၃၅/၇၉၀ ကျပ် | ၈၀၀/၈၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၁၀/၈၆၀ ကျပ် | ၈၈၅/၉၀၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၆ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၄ ・ ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၀ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၅ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇ ・ ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ ・ ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၂၀၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ ・ ၂၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၅ ・ ၃၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၉၃၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဆက်သွယ်ရေးခေတ်နဲ့ ဆက်သွယ်ရေး ဂြိုဟ်တုများ

## သိပ္ပံစာရေးဆရာကိုကိုအောင်

**အမေရိကန် အာကာသသိပ္ပံပညာရှင်တို့သည် ၁၉၆၂ ခုနှစ် ဇူလိုင်လအတွင်းက ကမ္ဘာ့ပထမဆုံးသော ဆက်သွယ်ရေးဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းထဲ၌ အောင်မြင်စွာဖြင့် နေရာချထားနိုင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ကမ္ဘာ့ဒေသတစ်ခုနှင့်တစ်ခု သတင်းပေးပို့ဖလှယ်မှုများ၏ အမြန်နှုန်းကလည်း ထူးခြားသိသာစွာ တိုးတက်ပြောင်းလဲလာခဲ့သည်။**



သတင်းဌာနတစ်ခုအနေဖြင့် ကမ္ဘာအရပ်ရပ်၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များစွာတို့ကို ဆက်သွယ်ရေးဂြိုဟ်တု၏ အကူအညီဖြင့် နာရီပိုင်းအတွင်း ဖမ်းယူသိရှိနိုင်ပြီး သတင်းစာများ၌ ရိုက်နှိပ်ဖြန့်ဝေနိုင်ခဲ့သည့်အတွက် မြို့ကြီးသူ မြို့ကြီးသားတို့ကသာမက၊ ကျေးလက်ဒေသများ၌ နေထိုင်သူတို့ကပါ ကမ္ဘာ့သတင်းဦး၊သတင်းထူးများကို ပူပူနွေးနွေး ဖတ်ရှုသိရှိနိုင်ခဲ့ကြသည်။

### အိုင်စီတီခေတ်၏ ရှေးဦးအစ

အိုင်စီတီခေတ်၏ ရှေးဦးအစပထမဟု ဆိုရမည်ဖြစ်သော တယ်လီဂရပ်ဖ် ခေါ် ကြေးနန်းဖြင့် သတင်းပေးပို့နိုင်ခဲ့သည့် ၁၈၃၀ ပြည့်နှစ်ကာလထက် ရှေးကျသော သတင်းဆက်သွယ်ရေး ခေတ်ဦးပိုင်းကာလများက တစ်နေရာမှ တစ်နေရာသို့ သတင်းပေးပို့ အကြောင်းကြားရာတွင် လူတစ်ယောက် ခြေကျင်လျှောက်နိုင်သောနှုန်း သို့တည်းမဟုတ် မြင်းတစ်ကောင် ပြေးနိုင်သောနှုန်း သို့တည်းမဟုတ် သင်္ဘောတစ်စင်း ရွက်လွှင့်သွားနိုင်သောနှုန်းများထက်မပိုသော အမြန်နှုန်းဖြင့်သာ ဆောင်ရွက်နိုင်ခဲ့ကြသည်။

သတင်းခေတ်ဦး ကာလအတွင်းက ကမ္ဘာ့လူသားတို့သည် တစ်နေရာမှတစ်နေရာသို့ လျင်မြန်စွာ သတင်းပေးပို့နိုင်ရန်အတွက် အသိဉာဏ်မြင့်မားသော ငှက်များကို အသုံးချခဲ့ကြသည်။ ထိုနည်းလမ်းသည် အတိုင်းအတာ တစ်ရပ်အထိ လျင်မြန်ခဲ့သော်လည်း သတင်းပေးပို့ ဆက်သွယ်ရာတွင် အန္တရာယ်ကင်းပြီး လုံခြုံစိတ်ချရသော နည်းလမ်းမဟုတ်ကြောင်း တစ်စတစ်စ သိရှိလာခဲ့ကြသည်။

ကြေးနန်းဖြင့် သတင်းပေးပို့ခြင်းသည် အိုင်စီတီခေတ်၏ ရှေးဦးအစဖြစ်ခဲ့သလို အတိုင်းအတာတစ်ရပ်အထိ လျင်မြန်ပြီး လုံခြုံစိတ်ချရသော နည်းလမ်းတစ်ရပ်လည်း ဖြစ်ခဲ့သည်။ ထိုမှတစ်ဆင့် ၁၈၅၈ ခုနှစ် အရောက်တွင် အတ္တလန္တိတ်သမုဒ္ဒရာ ရေပြင်အောက်မှ ဖြတ်သန်းသွယ်တန်းထားသော ကြေးနန်းကြိုးများကို အသုံးချကာ အမေရိကန် ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများအကြား ပထမဆုံးသော ပင်လယ်ရပ်ခြားဆက်သွယ်မှုကို အစပျိုးနိုင်ခဲ့ကြသည်။

### ဆက်သွယ်ရေးနည်းပညာများတိုးတက်လာ

၁၉၀၅ ခုနှစ်တွင် အီတလီလူမျိုး ဂူးဂလီမိုးမာကိုနီက ကမ္ဘာ့ပထမဆုံးသော ရေဒီယို ဆက်သွယ်ရေးအချက်ပြမှုများ စတင်ထုတ်လွှင့်နိုင်ခဲ့ခြင်းကို အကြောင်းပြု၍ ၁၉၁၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ မက်ထရိုပိုလီတန် အော်ပရာ အဆောက်အအုံမှနေ၍ ကမ္ဘာ့ပထမဆုံးသော ရေဒီယိုအသံလွှင့်ချက်များကို စမ်းသပ်ထုတ်လွှင့်နိုင်ခဲ့သည်။

၁၉၅၀ ပြည့်လွန် နှစ်ကာလသို့ ရောက်ရှိလာသောအခါ ပြီးပြည့်စုံသော ရုပ်မြင်သံကြားစက်များ ပေါ်ပေါက်လာပြီး သတင်းတစ်ခုကို အချက်အလက်များသာမက လှုပ်ရှားမှုရုပ်ပုံများကိုပါ ကမ္ဘာ့ပြည်သူတို့က ကြည့်ရှုကာ နားသောတ ဆင်နိုင်ခဲ့ကြသည်။ ထိုမှတစ်ဖန် ဂရေဟမ်ဘဲလ်နှင့် ပညာရှင်တစ်စုတို့၏ ကြိုးပမ်းတီထွင်မှုဖြင့် ၁၉၅၆ ခုနှစ်တွင် စကားပြောကြေးနန်းခေါ် တယ်လီဖုန်းကို အသုံးပြုကာ ဝေးကွာလှသော ပင်လယ်ရပ်ခြားဒေသများ အချင်းချင်း အပြန်အလှန် စကားပြောဆက်သွယ်နိုင်ခဲ့ကြသည်။

တဖြည်းဖြည်း ပြောင်းလဲတိုးတက် ဆန်းသစ်လာသော ဆက်သွယ်ရေး နည်းပညာများသည် ၁၉၆၂ ခုနှစ်က ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ ချထားခဲ့သော ဆက်သွယ်ရေးဂြိုဟ်တုနှင့် ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာ နည်းပညာများကြောင့် တစ်ဆစ်ချိုး ထပ်မံပြောင်းလဲ တိုးတက်ခဲ့ပြန်သည်။ ၁၉၆၉ ခုနှစ် ဇူလိုင်လအတွင်းက အပိုလို ၁၁ အာကာသယာဉ်ဖြင့် လိုက်ပါသွားသော အမေရိကန် အာကာသယာဉ်မှူး နီးလ်အမ်းစထရောင်းက လမျက်နှာပြင်ပေါ်သို့ သတိကြီးစွာဖြင့် ပထမဆုံး ဆင်းသက်ခြေချနေသည်ကို ဆက်သွယ်ရေးဂြိုဟ်တုနှင့် ရုပ်မြင်သံကြားစက်များ၏ အကူအညီဖြင့်ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော ပြည်သူတို့က တအံ့တဩ ကြည့်ရှုနိုင်ခဲ့ကြသည်။

### ဆက်သွယ်ရေးဂြိုဟ်တုများ လွှတ်တင်

ယနေ့မျက်မှောက်ကာလတွင် ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာ နည်းပညာက အံ့သြဖွယ် ကောင်းလောက်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် တိုးတက်လျက် ရှိနေသည်။ ကမ္ဘာအရပ်ရပ်တွင် သုံးစွဲနေကြသော သန်းပေါင်းထောင်ချီရှိသည့် လက်ကိုင်ဖုန်းများ၊ သတင်းဌာနများနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေး အေဂျင်စီများ စသည်တို့၏ ဆက်သွယ်မှုကွန်ရက်စနစ်များသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ လွှတ်တင်ထားသော ဆက်သွယ်ရေးဂြိုဟ်တုအလုံးပေါင်း ၂၅၀၀ ကျော်အပေါ်၌ ရာနှုန်းပြည့် တည်မှီလျက် ရှိနေသည်။

ယင်းဆက်သွယ်ရေး ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ တစ်လုံးနှင့်တစ်လုံး ကီလိုမီတာ ၈၀၀ မှ ကီလိုမီတာ ၃၂၀၀ အထိ ကွာဝေးအောင် နေရာချထားသည့်အတွက် အချင်းချင်းတိုက်မိရန် အလွန်ခဲယဉ်းသည်။ သို့ရာတွင် ထူးခြားဖြစ်စဉ်အနေဖြင့် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွင်းက အာကာသအတွင်း၌ လွင့်မျောနေသည့် ရုရှားစစ်ဘက်ဆိုင်ရာ ဂြိုဟ်တုအဟောင်းတစ်လုံးက အမေရိကန်ဆက်သွယ်ရေး ဂြိုဟ်တု အီရီဒီယံ ၃၃ ကို ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသအထက် ကီလိုမီတာ ၈၀၀ အမြင့်ရှိ ကမ္ဘာပတ်လမ်းကြောင်းထဲတွင် ဝင်တိုက်မိခဲ့သည်။

### ဒေါ်လာသန်းပေါင်းထောင်ချီကုန်ကျ

ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံး၏ ပျမ်းမျှတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ သန်းမှ ၅ သန်း ပမာဏ အတွင်း၌သာ ရှိသော်လည်း၊ ယင်းဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း နေရာချထားနိုင်ရန် ဒုံးပျံဖြင့် ပစ်လွှတ်ရသည့်အတွက် အဆိုပါ ဒုံးပျံ၏ ကုန်ကျစရိတ်၊ ဒုံးပစ်စင်၏ ကုန်ကျစရိတ် စသည်တို့ကိုပါ ထည့်သွင်း တွက်ချက်ပါက ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံးကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း ချထားနိုင်ရန် အမေရိကန်ဒေါ်လာ သန်းပေါင်းထောင်နှင့်ချီ၍ အကုန်အကျ ခံကြရသည်။

ဂြိုဟ်တုတစ်လုံး၏ သက်တမ်းသည် စတင်နေရာချထားသည့် အချိန်မှ ဂျက်လောင်စာတွန်းကန်အား ကျသွားချိန်အထိသာလျှင်ဖြစ်သည်။ ဂျက်လောင်စာတွန်းကန်အား လျော့ကျသွားသည်နှင့် ကမ္ဘာ့မြေဆွဲအားကြောင့် တဖြည်းဖြည်း နိမ့်ဆင်းလာကာ ကမ္ဘာ့လေထုအတွင်း ရောက်ရှိသည်နှင့် လေထုထဲရှိ အမှုန်အမွှားများနှင့် ထိတွေ့ပွတ်တိုက်ကာ မီးလောင်ပြာကျသွားရသည်။

ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ နေရာချထားသော ဂြိုဟ်တုများသည် သက်တမ်းကုန်၍ ကမ္ဘာပေါ်သို့ ပျက်ကျလာချိန်တွင် ၂၄ နာရီတိုင်း၌ တစ်ပတ်လည်ပတ်နေသော ကမ္ဘာကြီး၏ ပထဝီသဘောတရားကြောင့် အဆိုပါ ဂြိုဟ်တုကျရောက်နိုင်သည့်နေရာကို ခန့်မှန်းရာတွင် အတိအကျ မှန်းဆ၍ မရနိုင်ပေ။ ယုတ်စွအဆုံး ဂြိုဟ်တုပျက်ယွင်း၍ ကမ္ဘာ့မြေပြင်ပေါ်ကျရောက်ခါနီး နှစ်နာရီခန့်မျှ လိုသောအချိန်၌ပင် ခန့်မှန်းချက်များ လွဲချော်သွားနိုင်သေးသည်။

သို့ရာတွင် ဂြိုဟ်တုများပျက်ကျသည့်အခါ အစိတ်အပိုင်းအများစုမှာ မီးလောင်ပျက်စီးသွားကြသည်သာ ဖြစ်သည်။ အပူဒဏ်ခံနိုင်ရန်အတွက် တိုက်တေနီယမ်၊ သံမဏိစသည်တို့ဖြင့် အထူးပြုလုပ်ထားသည့် လောင်စာကန်ကဲ့သို့သော အစိတ်အပိုင်းများသည်သာလျှင် မီးမလောင်နိုင်ဘဲ မြေပြင်ပေါ် သို့မဟုတ် ပင်လယ်နှင့် သမုဒ္ဒရာများအတွင်းသို့ သက်ဆင်းကျရောက်လာနိုင်သည်။

ဆက်သွယ်ရေးဂြိုဟ်တုများ အပါအဝင် ပျက်ကျလာသော ဂြိုဟ်တုအပျက်အစီး အစိတ်အပိုင်းများသည် ရေဒီယိုသတ္တိကြွနှုန်း မြင့်မားနေနိုင်သောကြောင့် လွယ်လင့်တကူ ကောက်ယူသယ်ဆောင်ခြင်း မပြုသင့်ပေ။ သယ်ယူသူများနှင့် ရွှေ့ပြောင်းသယ်ဆောင်ထားသိုရာ လမ်းကြောင်းတစ်လျှောက်တွင် ရှိနေသူများကို ပြင်းထန်သော ကင်ဆာဝေဒနာများ ဖြစ်ပေါ်စေနိုင်သည်ကို သတိပြုကြရမည် ဖြစ်သည်။

ဆက်သွယ်ရေးဂြိုဟ်တု၊ မိုးလေဝသဂြိုဟ်တုစသော ဂြိုဟ်တုများ သက်တမ်းကုန်ဆုံးချိန်ရောက်သည့်အခါ ပျက်မကျစေဘဲ အာကာသထဲ၌ ဆက်လက်ထားရှိနိုင်သော်လည်း၊ ယင်းကဲ့သို့ အာကာသထဲ၌ တည်ရှိနေစေရေးအတွက် ကမ္ဘာ့မြေပြင်စခန်းမှနေ၍ ထိန်းချုပ်ကွပ်ကဲရသော စရိတ်စကများက အလွန်ကြီးမားသောကြောင့် ပျက်ကျစေခြင်း ဖြစ်သည်။ ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်းထဲ၌ နေရာချထားသည့်အခါ ဒုံးကန်စက်ကလေးများကိုသုံး၍ လိုရာလမ်းကြောင်းသို့ ရောက်ရှိစေသလို၊ ထို့ထက်ပိုမိုမြင့်မားသော လမ်းကြောင်းဆီသို့လည်း နေရာရွှေ့ပြောင်းပေးနိုင်သည်။

ဆက်သွယ်ရေးဂြိုဟ်တု အပါအဝင် ဂြိုဟ်တုအမျိုးမျိုးတို့ကိုလည်းကောင်း၊ လပေါ်သို့အရောက် သွားမည့် ဂြိုဟ်ပတ်ယာဉ်နှင့် လဆင်းယာဉ်များကိုလည်းကောင်း၊ နိုင်ငံတကာ အာကာသစခန်းယာဉ် (International Space Station - ISS) ဆီသို့ သုတေသနဆိုင်ရာပစ္စည်းများနှင့် ကုန်စည်များကို သယ်ယူပို့ဆောင်ပေးမည့် ကုန်တင်အာကာသယာဉ်များကိုလည်းကောင်း၊ အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်အပါအဝင် အာကာသစူးစမ်းလေ့လာရေးယာဉ်နှင့် အာကာသသုတေသနယာဉ်အမျိုးမျိုးတို့ကိုလည်းကောင်း ကမ္ဘာ့မြေပြင်ပေါ်မှ အာကာသဟင်းလင်းပြင်ထဲသို့ ပစ်လွှတ်ရာတွင် ဒုံးပျံများကို အသုံးပြုကြရသည်။

ဒုံးပျံများသည် အာကာသထဲသို့ ပစ်လွှတ်မည့် ဂြိုဟ်တုများနှင့် အာကာသယာဉ် အမျိုးမျိုးတို့အား ကမ္ဘာ့မြေဆွဲအားကို ဆန့်ကျင်လျက် အာကာသဟင်းလင်းပြင်ကြီးဆီသို့ တွန်းပို့နိုင်ရန် အောက်ဆီဂျင်ဓာတ်ငွေ့အပါအဝင် အခြားသော ဓာတုလောင်စာများကို အသုံးပြုရသည်။ ဒုံးပျံများကို အာကာသအတွင်းသို့ တွန်းပို့နိုင်ရန်အတွက် ဓာတုလောင်စာများ စွမ်းအားပြည့် လောင်ကျွမ်းနိုင်ရန် အောက်ဆီဂျင်ဓာတ်ငွေ့ကို ထည့်သွင်းပေးထားရခြင်း ဖြစ်သည်။

### ဓာတ်ငွေ့တွန်းကန်အားဖြင့် ရွေ့လျားသောအင်ဂျင်များဖြစ်

ဒုံးပျံအင်ဂျင်သည် မော်တော်ကားအင်ဂျင်၊ သင်္ဘောအင်ဂျင်၊ ရထားအင်ဂျင်၊ လေယာဉ်အင်ဂျင်များကဲ့သို့ စက်ပစ္စည်း အစိတ်အပိုင်းများ၏ လည်ပတ်လှုပ်ရှားမှု လုံးဝမရှိဘဲ၊ ဓာတု လောင်စာများ လောင်ကျွမ်းရာမှ ထွက်ပေါ်လာသည့် စွန့်ထုတ်ဓာတ်ငွေ့များ၏ တွန်းကန်အားဖြင့်သာ ရွေ့လျားမောင်းနှင်ရသော အင်ဂျင်အမျိုးအစားဖြစ်သည်။

မော်တော်ကားအင်ဂျင်၊ သင်္ဘောအင်ဂျင်၊ ရထားအင်ဂျင်၊ လေယာဉ်အင်ဂျင်များသည် စွမ်းအင်ရရှိရေးအတွက် ထည့်သွင်း အသုံးပြုရသော ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းပေါက်ကွဲနိုင်ရန် လေထုထဲမှ အောက်ဆီဂျင်ဓာတ်ငွေ့ကို စုပ်ယူအသုံးပြု ကြရသည်။ သို့ဖြစ်၍ အဆိုပါ အင်ဂျင်များကို အောက်ဆီဂျင်ရှိသော နေရာ၌သာ တစ်နည်းအားဖြင့် ကမ္ဘာ့လေထုအတွင်း၌သာ အသုံးပြုနိုင်သည်။

သို့ရာတွင် ဒုံးပျံအင်ဂျင်ကမူ အသင့်ကြိုတင် ထည့်သွင်းထားသော အောက်ဆီဂျင်ဓာတ်ငွေ့နှင့် ဓာတုလောင်စာများ ရောနှောလောင်ကျွမ်းမှုကြောင့် တွန်းအားကို ရရှိသည့်အတွက် ကမ္ဘာ့လေထုအတွင်း၌ သာမက လေထုကင်းမဲ့သော အာကာသဟင်းလင်းပြင်ထဲ၌ပါ အသုံးပြုနိုင်သည်။

ဒုံးပျံများတွင် လောင်စာအဖြစ် ထည့်သွင်းအသုံးပြုရသော ဓာတုပစ္စည်းများကို အချိုးအစား မှန်ကန်အောင် ရောစပ်စီစဉ် ထည့်သွင်းကြရသည်။ လက်နက်နှင့် မီးရှူးမီးပန်းများ ထုတ်လုပ်ရာတွင် အသုံးပြုသော ယမ်းမှုန့်များ၌ နိုက်ထရိတ် ၇၅ ရာခိုင်နှုန်း၊ ကာဗွန် ၁၅ ရာခိုင်နှုန်းနှင့် ဆာလဖာ ၁၀ ရာခိုင်နှုန်းအသီးသီးပါဝင်ကြသည်။ သို့ဖြစ်၍ အဆိုပါယမ်းမှုန့်ကို လောင်ကျွမ်းစေသည့်အခါ ပေါက်ကွဲမှုလည်း တစ်ပါတည်း ဖြစ်ပေါ်လာသည်။

ဒုံးပျံအင်ဂျင်များအနေဖြင့်မူ လောင်ကျွမ်းရုံသက်သက်သာ လိုအပ်ပြီး၊ ပေါက်ကွဲမှုအဆင့်အထိ မလိုအပ်သည့်အတွက် ဒုံးပျံလောင်စာများကို နိုက်ထရိတ် ၇၂ ရာခိုင်နှုန်း၊ ကာဗွန် ၂၄ ရာခိုင်နှုန်းနှင့် ဆာလဖာ ၄ ရာခိုင်နှုန်း အချိုးအစားအတိုင်း ရောစပ်ထားရသည်။ သို့ဖြစ်၍ ပေါက်ကွဲမှု မဖြစ်နိုင်တော့ဘဲ အရှိန်ပြင်းပြင်းဖြင့်သာ လောင်ကျွမ်းသည့် လောင်စာများအဖြစ် ဒုံးပျံများကို အာကာသအတွင်းသို့ လျင်မြန်စွာ တွန်းပို့ပေးနိုင်ကြသည်။

ဤသည်မှာကား ဒုံးပျံများကို ကမ္ဘာ့မြေပြင်ပေါ်မှ အာကာသဟင်းလင်းပြင်ဆီသို့ တွန်းပို့ရာတွင် အသုံးပြုရသော လောင်စာအခဲများ၏ အလုပ်လုပ်ဆောင်ပုံ သဘောတရားပင်ဖြစ်သည်။ ဤသို့သော ဒုံးပျံသုံး လောင်စာအခဲများသည် စတင်လောင်ကျွမ်းသည်မှစ၍ လောင်စာကုန်သည့်အချိန်အထိ အဆက်မပြတ် လောင်ကျွမ်းကြသည့်အတွက် လိုသလို ထိန်းချုပ်၍ မရနိုင်ပေ။

ဆက်သွယ်ရေးဂြိုဟ်တုနှင့် မိုးလေဝသဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ နေရာချထားခြင်း၊ နေရာရွှေ့ပြောင်းခြင်း၊ သက်တမ်းကုန်ဆုံးချိန် ရောက်ရှိသော်လည်း အာကာသထဲ၌ပင် ဆက်လက်ထားရှိခြင်းစသည့် ကိစ္စရပ်များအတွက်မူ လောင်စာအခဲကို မသုံးဘဲ လောင်စာအရည်များကိုသာလျှင် အသုံးပြုကြရသည်။ လောင်စာအရည်ကို အသုံးပြုသော ဒုံးကန်စက်ကလေးများကို ဂြိုဟ်တုများ၌ တပ်ဆင်တည်ဆောက်ပေးထားသည့်အတွက် အဆိုပါဂြိုဟ်တုများကို မြေပြင်စခန်းမှနေ၍ လိုသလို ထိန်းချုပ်ပဲ့ကိုင် ပေးနိုင်ကြသည်။

### ဆက်သွယ်ရေးဂြိုဟ်တုများက ယခုထက်ပင်အရေးပါလာမည်ဖြစ်

ဤသို့အားဖြင့် စဉ်ဆက်မပြတ် တိုးတက်နေသော အိုင်စီတီနယ်ပယ်ကြီးအတွက် ဆက်သွယ်ရေး ဂြိုဟ်တုများက အဓိကအခန်းကဏ္ဍ၌ ရှိနေကြသလို၊ အနာဂတ်ကာလ ကမ္ဘာ့ပြည်သူတို့၏ ဆက်သွယ်ရေးဆိုင်ရာ ကိစ္စအဝဝနှင့်တကွ အာကာသ စူးစမ်းလေ့လာရေး၊ အာကာသ သုတေသနလုပ်ငန်း၊ အာကာသ ခရီးသွားလုပ်ငန်းများအတွက်လည်း ဆက်သွယ်ရေးဂြိုဟ်တုများက ယခုထက်ပို၍ပင် အရေးပါအရာရောက်နေမည်မှာ ဧကန်မလွဲဖြစ်ပေတော့သည်။ ။

**“ယနေ့မျက်မှောက်ကာလတွင် ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာ နည်းပညာက အံ့သြဖွယ်ကောင်းလောက်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် တိုးတက်လျက်ရှိနေသည်။ ကမ္ဘာအရပ်ရပ်တွင် သုံးစွဲနေကြသော သန်းပေါင်းထောင်ချီရှိသည့် လက်ကိုင်ဖုန်းများ၊ သတင်းဌာနများနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေး အေဂျင်စီများ စသည်တို့၏ ဆက်သွယ်မှုကွန်ရက်စနစ်များသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ လွှတ်တင်ထားသော ဆက်သွယ်ရေးဂြိုဟ်တုအလုံးပေါင်း ၂၅၀၀ ကျော်အပေါ်၌ ရာနှုန်းပြည့် တည်မှီလျက်ရှိနေ”**



# မန်ယူနိုင်ပွဲပြန်လည်ရယူနိုင်မှာလား

ပရီမီယာလိဂ်ပွဲစဉ် ၁၇ မှာတော့ မန်ယူက လီဗာပူးကို ရှုံးနိမ့်ခဲ့ပြီး အာဆင်နယ်ကလည်း ဆောက်သမ်တန်ကို အရေးနိမ့်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီတစ်ပတ်မှာ မန်ယူရော၊ အာဆင်နယ်ပါ နိုင်ပွဲပြန်လည်ရှာဖွေလာမှာဖြစ်ပေမယ့် မန်ယူက ခြေစွမ်းပိုင်း အကောင်းဆုံးမှာ မရှိသလို အာဆင်နယ်ကလည်း ကြားရက်မှာ စပါးနဲ့ လိဂ်ပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီတစ်ပတ်မှာတော့ ဒီနှစ်သင်းကို ယုံကြည်ရပါ့မလားစောင့်ကြည့်ရမယ်။

**ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| အူဘာမီယန် | အာဆင်နယ် | ၁၀ |
| ဆာလတ် | လီဗာပူး | ၁၀ |
| ဟယ်ရီကိန်း | စပါး | ၉ |
| စတားလင်း | မန်စီးတီး | ၉ |
| အဂူရို | မန်စီးတီး | ၈ |

— ဝေမိုးဆက် —

**မန်စီးတီး Vs ပဲလေ့စ်**

ကစားမည့်အချိန် ည ၉:၃၀ (၂၂-၁၂-၁၈) Etihad Stadium

နောက်ဆုံးဆုံတွေ့မှု - ပဲလေ့စ် ၀-၀ မန်စီးတီး

မန်စီးတီးက ကြားရက်မှာ လိဂ်ဖလားပွဲကစားခဲ့ရတာဖြစ်ပေမယ့် လက်စတာနဲ့သာ ရင်ဆိုင်ခဲ့ရလို့ ပွဲပန်းမှု ထင်သလောက်မရှိနိုင်ဘူး။ အရန်အင်အားလည်း တောင့်တင်းမှုရှိတယ်။ လီဗာပူးကို ဆက်လက်ဖိအားပေးနိုင်ဖို့လည်း အိမ်ကွင်းမှာ မဖြစ်မနေအနိုင်ရအောင်ကစားမှာသေချာတယ်။ ပဲလေ့စ်က ခြေစွမ်းသာမန်သာရှိပြီး အဝေးကွင်းအားနည်းတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အိမ်ကွင်းတိုက်စစ်ကောင်းတဲ့ မန်စီးတီးပဲအနိုင်ရယူသွားနိုင်မှာပါ။

**ဝုဖ် Vs လီဗာပူး**

ကစားမည့်အချိန် နံနက် ၂:၃၀ (၂၂-၁၂-၁၈) Molineux Stadium

နောက်ဆုံးဆုံတွေ့မှု - လီဗာပူး ၁-၂ ဝုဖ်

အမှတ်ပေးဇယားမှာ ထိပ်ဆုံးကရှိနေဖို့ လီဗာပူးအားစိုက်ကစားလာမှာ ဖြစ်ပေမယ့် ဝုဖ်ကလည်းအိမ်ကွင်းပွဲတွေမှာ ခြေစွမ်းအတော်လေး ကောင်းတတ်ပြီး အသင်းကြီးတွေကိုတောင် အခက်တွေ့အောင် ကစားနိုင်တယ်။ လီဗာပူးတို့ အဝေးကွင်းမှာဆိုရင်လည်း တိုက်စစ်ပိုင်းက ဂိုးသွင်းခြေ အနည်းငယ်အားနည်းတတ်တာကြောင့် ဝုဖ်တို့ခံစစ်အားပြုကစားပြီး တန်ပြန်တိုက်စစ်နဲ့ တုံ့ပြန်လာရင် အခက်တွေ့နိုင်တယ်။ လီဗာပူး ကပ်ပြီးသာနိုင်မယ်။

**ဘုန်းမောက် Vs ဘရိုက်တန်**

ကစားမည့်အချိန် ည ၉:၃၀ (၂၂-၁၂-၁၈) Vitality Stadium

နောက်ဆုံးဆုံတွေ့မှု - ဘရိုက်တန် ၂-၂ ဘုန်းမောက်

ဘုန်းမောက် လက်ရှိအချိန်မှာရလဒ်တွေ ဆက်တိုက်ဆိုးနေလို့ အိမ်ကွင်းမှာ နိုင်ပွဲရအောင် အားစိုက်လာမှာဖြစ်ပေမယ့် ကြားရက်မှာ လိဂ်ဖလားကွာတားဖိုင်နယ်ပွဲအဖြစ် ချယ်လ်ဆီးနဲ့ ရင်ဆိုင်ခဲ့ရမှာဖြစ်တာကြောင့် ပွဲပန်းလာနိုင်သလို ဘရိုက်တန်ခြေကလည်း မဆိုးဘူး။ အထူးသဖြင့် လက်ရှိအချိန်မှာ ဘရိုက်တန်ရဲ့ကစားအားက ဘုန်းမောက်ထက် ပိုမိုတည်ငြိမ်နေပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းဖြစ်ပေမယ့် ဘုန်းမောက်တို့ သရေလောက်ပဲရမယ်။

**အာဆင်နယ် Vs ဘန်လေ**

ကစားမည့်အချိန် ည ၇:၀၀ (၂၂-၁၂-၁၈) Emirates Stadium

နောက်ဆုံးဆုံတွေ့မှု - အာဆင်နယ် ၅-၀ ဘန်လေ

ဆောက်သမ်တန်ကို အရေးနိမ့်ခဲ့လို့ အာဆင်နယ်နိုင်ပွဲရအောင် အားစိုက်လာမှာ ဖြစ်ပေမယ့် ကြားရက်မှာ လိဂ်ဖလားကွာတားပွဲအဖြစ် စပါးနဲ့ရင်ဆိုင်ခဲ့ရလို့ပွဲပန်းလာနိုင်ပါတယ်။ ခံစစ်ပိုင်းလည်းအနည်းငယ် ကျစ်လျစ်မှုအားနည်းနေသလို ဘန်လေကလည်း အခုနောက်ပိုင်း ခံစစ်ကစားပုံ ကျစ်လျစ်နေတယ်။ အာဆင်နယ်တိုက်စစ်ကစားပုံကောင်းသလို အိမ်ကွင်းဖြစ်နေပေမယ့်လည်း ဘန်လေရဲ့ခံစစ်ကစားအားအရ ကပ်ပြီးသာနိုင်မယ်။

**ဟက်ဒါဖီးလ် Vs ဆောက်သမ်တန်**

ကစားမည့်အချိန် ည ၉:၃၀ (၂၂-၁၂-၁၈) The John Smith's

နောက်ဆုံးဆုံတွေ့မှု - ဆောက်သမ်တန် ၁-၁ ဟက်ဒါဖီးလ်

အာဆင်နယ်ကိုအနိုင်ရခဲ့တဲ့ပွဲမှာ ဆောက်သမ်တန်ရဲ့ခြေစွမ်းပိုင်း ကောင်းမွန်ခဲ့ပေမယ့် ခံစစ်အားနည်းမှုကိုတော့ ပြုပြင်နိုင်ခြင်း မရှိသေးဘူး။ ဟက်ဒါဖီးလ်က အိမ်ကွင်းဖြစ်လို့ အားစိုက်လာမှာဖြစ်တဲ့အပြင် အိမ်ကွင်းပွဲတွေမှာ တန်ပြန်တိုက်စစ်ကစားပုံ ကောင်းမွန်တတ်ပါတယ်။ ဒါ့အပြင် ဆောက်သမ်တန်တိုက်စစ်ကလည်း အခုနောက်ပိုင်း ဂိုးသွင်းခြေ ထက်မြက်မှုရှိနေတာကြောင့် ဒီပွဲမှာ ဂိုးအပြန်အလှန်သွင်းပြီး အိမ်ရှင်ဟက်ဒါဖီးလ် ကပ်နိုင်ခြေရှိတယ်။

**ကာဆယ် Vs ဖူလ်ဟမ်**

ကစားမည့်အချိန် ည ၉:၃၀ (၂၂-၁၂-၁၈) St. James' Park

နောက်ဆုံးဆုံတွေ့မှု - ကာဆယ် ၁-၃ ဖူလ်ဟမ်

အခုနောက်ပိုင်းမှာ ကာဆယ်ခြေစွမ်းအနည်းငယ်ကျဆင်းလာပြီး တိုက်စစ်ကလည်းဂိုးသွင်းခြေမငြိမ်ပေမယ့် အခုရင်ဆိုင်ရမယ့် ဖူလ်ဟမ်ကခြေစွမ်းအားနည်းလွန်းပါတယ်။ အထူးသဖြင့် ဖူလ်ဟမ်ရဲ့ခံစစ်ပိုင်းက အားနည်းလွန်းတာကြောင့် ကာဆယ်ရဲ့တိုက်စစ်ပိုင်းအားနည်းမှုက ဒီပွဲမှာ အခက်အခဲမရှိနိုင်ပါဘူး။ အိမ်ကွင်းလည်းဖြစ်သလို လက်ရှိ ခံစစ်ကစားပုံလည်း ကျစ်လျစ်နေတဲ့ ကာဆယ်ကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

**ချယ်လ်ဆီး Vs လက်စတာ**

ကစားမည့်အချိန် ည ၉:၃၀ (၂၂-၁၂-၁၈) Stamford Bridge

နောက်ဆုံးဆုံတွေ့မှု - လက်စတာ ၁-၂ ချယ်လ်ဆီး

ချယ်လ်ဆီးအနေနဲ့ လီဗာပူး၊ မန်စီးတီးတို့နဲ့ အမှတ်ကွာမသွားအောင်ပွဲတိုင်းကို အားစိုက်ကစားနေပါတယ်။ ခြေစွမ်းပိုင်းက အကောင်းဆုံးအခြေအနေမှာ မရှိပေမယ့်လည်း နိုင်ပွဲရအောင် တော့ကစားနိုင်တာတွေ့ရပါတယ်။ ချယ်လ်ဆီးအနေနဲ့ အိမ်ကွင်းဖြစ်သလို ကြားရက်မှာ လိဂ်ဖလားပွဲကစားရမှာဖြစ်ပေမယ့် အရန်အင်အားပိုင်းတောင့်တင်းတယ်။ လက်စတာကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားနည်းလွန်းနေတာကြောင့် ချယ်လ်ဆီးပဲ နိုင်ပွဲရမယ်။

**ဝက်စ်ဟမ်း Vs ဝတ်ဖို့ဒ်**

ကစားမည့်အချိန် ည ၉:၃၀ (၂၂-၁၂-၁၈) London Stadium

နောက်ဆုံးဆုံတွေ့မှု - ဝက်စ်ဟမ်း ၂-၀ ဝက်ဖို့ဒ်

လက်ရှိအချိန်မှာ ဝက်စ်ဟမ်းရဲ့တိုက်စစ်ပိုင်းက ဂိုးသွင်းခြေတည်ငြိမ်နေပါတယ်။ ခံစစ်ပိုင်းက တစ်ပွဲနဲ့တစ်ပွဲ ကျစ်လျစ်မှုမတည်ငြိမ်ပေမယ့် အိမ်ကွင်းဖြစ်တယ်။ အထူးသဖြင့် ဝက်ဖို့ဒ်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုအားနည်းနေသလို အဝေးကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်း ပိုမိုကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ တိုက်စစ်ကောင်းမွန်သလို အိမ်ကွင်းဖြစ်နေတဲ့ ဝက်စ်ဟမ်းကသာနိုင်ပွဲကပ်ရမယ်။

**ကာဒစ်ဖ် Vs မန်ယူ**

ကစားမည့်အချိန် နံနက် ၀၀:၀၀ (၂၃-၁၂-၁၈) Cardiff City Stadium

နောက်ဆုံးဆုံတွေ့မှု - မန်ယူ ၂-၀ ကာဒစ်ဖ်

မန်ယူက လီဗာပူးကို အရေးနိမ့်ခဲ့လို့ နိုင်ပွဲပြန်ရအောင်အားစိုက်လာမှာ ဖြစ်ပေမယ့် ကစားပုံကတော့ အကောင်းဆုံးမှာမရှိပါဘူး။ အထူးသဖြင့် ခံစစ်ပိုင်းက အမှားများလွန်းနေပါတယ်။ ကာဒစ်ဖ်ကလည်း လက်ရှိခြေစွမ်းကျဆင်းပြီးခံစစ်ပိုင်း အားနည်းမှုတွေရှိနေပါတယ်။ ကာဒစ်ဖ်အနေနဲ့လည်း အမှတ်လိုနေတာကြောင့် အိမ်ကွင်းမှာ မန်ယူကိုခံကစားဖို့ထက် တိုက်စစ်ဖွင့်ကစားလာနိုင်ပါတယ်။ ဒါကြောင့် ဒီပွဲက ဂိုးအပြန်အလှန်သွင်းမယ့်ပွဲလို့မြင်မိတယ်။

**အဲဗာတန် Vs စပါး**

ကစားမည့်အချိန် ည ၁၀:၃၀ (၂၃-၁၂-၁၈) Goodison Park

နောက်ဆုံးဆုံတွေ့မှု - တော့တင်ဟမ် ၄-၀ အဲဗာတန်

အဲဗာတန်က နောက်ဆုံးပွဲမှာ မန်စီးတီးကို အရေးနိမ့်ခဲ့ပြီး လေးပွဲဆက်တိုက်အနိုင်မရခဲ့တာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း အဲဗာတန်ရဲ့ခြေစွမ်းက ကောင်းမွန်မှုရှိတတ်ပါတယ်။ စပါးကတော့ တိုက်စစ်ပိုင်းဂိုးသွင်းခြေ အနည်းငယ်မတည်ငြိမ်သလို ကြားရက်မှာ အာဆင်နယ်နဲ့ လိဂ်ဖလား ကွာတားပွဲကစားခဲ့ရလို့ ပွဲပန်းနိုင်တယ်။ စပါးနိုင်ရင်တောင် ဂိုးမပြတ်ပါဘူး။

# ဇန်နဝါရီဈေးကွက်အဖွင့်တွင် အစ္စကို ကိုခေါ်ယူနိုင်ရန် ချယ်လ်ဆီးပြင်ဆင်

ထက်အောင်

ချယ်လ်ဆီးအသင်းသည် လာမည့် ဇန်နဝါရီဈေးကွက်အဖွင့်တွင် ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမားအစ္စကို ကို အရခေါ်ယူသွားနိုင်ရန် ပြင်ဆင်နေသည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် အစ္စကိုကို ပေါင်သန်း ၇၀ ဖြင့် ကမ်းလှမ်းပြီး တစ်ပတ်လုပ်ခပေါင် ၂၅၀၀၀၀ဖြင့် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုကို ယခုရက်ပိုင်းအတွင်း ရရှိနိုင်လိမ့်မည်ဟုလည်း ယုံကြည်မှုရှိနေသည်။

လက်ရှိအချိန်တွင် အာဆင်နယ်အသင်းသည် အစ္စကို၏ အခြေအနေကို စောင့်ကြည့်နေခြင်းဖြစ်သလို မန်စီးတီး အသင်းသည်လည်း လာမည့်နွေရာသီ ဈေးကွက်မှသာခေါ်ယူသွားရန် ပြင်ဆင်နေခြင်းဖြစ်သည်။

နောက်ဆက်တွဲ ထွက်ပေါ်နေသည့်သတင်းများတွင် ချယ်လ်ဆီး အသင်းအနေဖြင့်အစ္စကိုကို လေးနှစ်ခွဲ စာချုပ်ဖြင့် ခေါ်ယူရန်ပြင်ဆင်နေခြင်း ဖြစ်သည်ဟုဆိုသည်။

အသက် ၂၆ နှစ်အရွယ်ရှိအစ္စကိုသည် လက်ရှိအချိန်တွင် ရီးရဲမက်ဒရစ် မန်နေဂျာဆန်တီယာဂိုဆိုလာရီ၏ လက်အောက်တွင် အရန်ကစားသမားအဖြစ်သာ ရှိနေသောကြောင့် ရီးရဲမက်ဒရစ်ဥက္ကဋ္ဌပီရက်ဇ်ကလည်း ရောင်းထုတ်သွားရန် သဘောတူညီထားခြင်းဖြစ်သည်။

အစ္စကို၏ခြေစွမ်းကို ရီးရဲမက်ဒရစ်နည်းပြ ဆိုလာရီက နှစ်သက်မှု မရှိသော်လည်း ချယ်လ်ဆီးအသင်းမန်နေဂျာဆာရီက ဟာဇက်နှင့်အစ္စကိုကို တွဲဖက်ကစားရန်အတွက် နှစ်သက်မှုရှိနေသောကြောင့် အရခေါ်ယူရန် ပြင်ဆင်နေခြင်းခြင်း ဖြစ်သည်။ ချယ်လ်ဆီးအသင်းနေဖြင့် အစ္စကိုကို ခေါ်ယူရေးနှင့်ပတ်သက်ပြီး အပူတပြင်းဆွေးနွေးမှုများ ပြုလုပ်နေသောကြောင့် ဇန်နဝါရီ ပထမအပတ်အတွင်း အစ္စကိုမှာ ချယ်လ်ဆီး အသင်းသို့ ရောက်ရှိရန်ရှိနေသည်။

အစ္စကိုသည် ၂၀၁၃ ခုနှစ်က မာလာဂါအသင်းမှ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး အသင်းနှင့်အတူပွဲပေါင်း ၁၆၅ ပွဲပါဝင်ကစားကာ ၃၃ ဂိုးသွင်းယူပေးထားသူဖြစ်သည်။




> **အသက် ၂၆ နှစ်အရွယ်ရှိ အစ္စကိုသည် လက်ရှိအချိန်တွင် ရီးရဲမက်ဒရစ် မန်နေဂျာ ဆန်တီယာဂိုဆိုလာရီ၏ လက်အောက်တွင် အရန်ကစားသမား အဖြစ်သာရှိနေသောကြောင့် ရီးရဲ မက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ်ကလည်း ရောင်းထုတ်သွားရန် သဘောတူညီ ထားခြင်းဖြစ်သည်။**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် စက္ကူများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် (၂၀၁၉-၂၀၂၀ ပညာ သင်နှစ်) ကျောင်းသုံးပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော ကုန်ကြမ်းစက္ကူ (၂)မျိုးဖြစ်သည့် Woodfree Paper (70gsm) နှင့် Art Card (210gsm)ကုန်ကြမ်းပစ္စည်းများဝယ်ယူရေးနှင့် စိစစ်ရေး ကော်မတီမှ ၁၁-၁၀-၂၀၁၈ရက်တွင် တင်ဒါဈေးနှုန်းစိစစ်ခဲ့ရာ City Master Co.,Ltd တစ်ခုတည်းမှ ဈေးနှုန်းအနည်းဆုံးဖြင့် တင်ဒါအောင်မြင်ပြီး ၂၉-၁၀- ၂၀၁၈ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ သို့သော်လည်း ကုမ္ပဏီအနေဖြင့် Performance Bank Guarantee ပေးသွင်းခြင်းအပါအဝင် လုပ်ငန်းစဉ်အဆင့်ဆင့်အား အချိန်မီဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် မူလတင်ဒါအောင်မြင်ထားသည့် ပမာဏများအစား Woodfree Paper (70gsm) 2000MT နှင့် Art Card (210gsm) 31" × 43"(500 Sht/Pkt)3000 Ream တို့ကိုသာ ဆက်လက်ဝယ်ယူရန် ဆုံးဖြတ်ခဲ့ပြီး ကျန်စက္ကူများကို တင်ဒါထပ်မံခေါ်ယူရန် ၂၆-၁၁-၂၀၁၈ ရက်နှင့် ၁၈-၁၂-၂၀၁၈ရက် အစည်းအဝေးများတွင် ဦးစီးကော်မတီမှ ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ထိုသို့ စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ခဲ့မှုကိုလည်း စာချုပ်ပါ စည်းကမ်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ သို့ဖြစ်ရာ တင်ဒါထပ်မံခေါ်ယူရန် Woodfree Paper (70gsm) 28 1/4"-7900 MT, 40"-1000MT၊ စုစုပေါင်း 8900MT နှင့် Art Card (210gsm) 31"×43"(500 Sht/Pkt)-9500 Ream တို့အတွက် ၁၁-၁၀-၂၀၁၈ရက်တွင် တင်ဒါဈေးဆစ်အစည်းအဝေးကျင်းပစဉ်ကနောက်ဆုံးဈေးနှုန်းတင်သွင်းခဲ့သည့် အောက်ပါကုမ္ပဏီများဖြင့် ဆက်လက်တင်ဒါ ခေါ်ယူခြင်းကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) Deco-Land Co.,Ltd
(ခ) Best Colour Co.,Ltd
(ဂ) Intelligent Print Solution Co.,Ltd
(ဃ) Taw Win Myint Mo Co.,Ltd

၄။ အဆိုပါ တင်ဒါအစည်းအဝေးကို မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (ရန်ကုန်တိုင်းဒေသကြီး/မန္တလေးတိုင်းဒေသကြီး)များမှ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်၍ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

၅။ အပိုဒ်(၃)ပါတင်ဒါတွင် ဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် မူလအောင်မြင်ခဲ့သည့် ဈေးနှုန်းများနှင့် သတ်မှတ်ထားသည့် ပစ္စည်းအရည်အသွေးများအတိုင်း ပေးသွင်းရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၆။ တင်ဒါအစည်းအဝေးပြုလုပ်မည့် အစီအစဉ်ကို အောက်ပါအတိုင်းဖြစ်ပါသည်-

**အစည်းအဝေးကျင်းပမည့်နေ့ရက်** - ၃-၁-၂၀၁၉ရက် (ကြာသပတေးနေ့)
**အစည်းအဝေးကျင်းပမည့်အချိန်** - နံနက် ၁၀ နာရီ
**အစည်းအဝေးကျင်းပမည့်နေရာ** - ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးစုဝေးခန်းမ၊ နေပြည်တော်

၇။ တင်ဒါဆောင်ရွက်မည့် အခြေအနေနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ် ၁၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ် လဆန်း ရက်တိုင်းပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto' Manual) ယာဉ်နှစ်မျိုးလုံး သင်ကြားပေးသည်။

**ဇန်နဝါရီလ ရုံးပိတ်ရက်သင်တန်း** - ၅-၁-၂၀၁၉ရက်ဖွင့်မည်။
**ဇန်နဝါရီလ ရုံးဖွင့်ရက်သင်တန်း** - ၁၀-၁-၂၀၁၉ရက်ဖွင့်မည်။

ဆက်သွယ်ရန် - ဖုန်း-၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၀၉-၇၆၅၀၇၃၉၇၀၊ ၀၉-၇၉၅၈၇၄၉၆၆၊ ၀၉-၇၉၅၆၃၀၉၇၀၊ ၀၉-၂၅၄၄၁၂၄၅၀ Ocean Super Market (ပုဇွန်တောင်)နှင့် မျက်နှာချင်းဆိုင် မဟာဗန္ဓုလတံတားအဆင်း (ဗိုလ်တထောင်ဘက်ခြမ်း)အနီး (လူဦးရေကန့်သတ်ထားသည်)

## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ဘတ်(စ်)ကားမှတ်တိုင်များတွင် ခေတ်မီခရီးသည်နားခိုဆောင် (Bus Shelter)များ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား တင်ဒါခေါ်ယူမည် ဖြစ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများကို ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ(ဒုတိယထပ်)၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)သို့ဖြစ်စေ၊ ဖုန်း-၀၉-၅၁၀၃၂၅၀သို့ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့် ရက်/အချိန်** - ၁-၂-၂၀၁၉ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီ

**တင်ဒါကော်မတီ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံချက်စက်ရုံများနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံများမှထုတ်လုပ်သည့် ရေနံထွက်ပစ္စည်းများအား တင်ဒါဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်းနှင့် အဆိုပြုလွှာအား မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ကြောင်းကို ၁၅-၁၂-၂၀၁၈ရက်တွင် ကြေးမုံသတင်းစာနှင့် ၁၆-၁၂-၂၀၁၈ရက်တွင် မြန်မာ့အလင်းသတင်းစာတို့တွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ အဆိုပါ သတင်းကြော်ငြာစာ အပိုဒ်(၂)တွင် ပါရှိသည့် သတ်မှတ်ထားသည့် တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website တွင် တင်ဒါဖွင့်လှစ်မည့်ရက်မတိုင်မီ(၁)ပတ်အလို Download ရယူလျှောက်ထားနိုင်သည်အစား တင်ဒါဖွင့်လှစ်မည့်ရက် မတိုင်မီ(၂)ပတ်အလို Download ရယူလျှောက်ထားနိုင်ပါကြောင်း ပြင်ဆင်အသိပေးအပ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ တန် | တင်ဒါဖွင့်မည့် နေ့ | တင်ဒါဖွင့်မည့် နာရီ | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် နေ့ | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် နာရီ |
|---|---|---|---|---|---|
| အမှတ်(၄)ဓာတ်မြေသြဇာ စက်ရုံ(မြောင်းတကာ) | ၂၅၀၀ | ၂၂-၁-၂၀၁၉ | ၁၄း၀၀ | ၂၂-၁-၂၀၁၉ | ၁၂း၀၀ |
| အမှတ်(၅)ဓာတ်မြေသြဇာ စက်ရုံ(ကန်ကြီးထောင့်) | ၂၀၀၀ | ၂၂-၁-၂၀၁၉ | ၁၄း၀၀ | ၂၂-၁-၂၀၁၉ | ၁၂း၀၀ |
| | ၂၀၀၀ | ၂၉-၁-၂၀၁၉ | ၁၄း၀၀ | ၂၉-၁-၂၀၁၉ | ၁၂း၀၀ |
| | ၂၀၀၀ | ၅-၂-၂၀၁၉ | ၁၄း၀၀ | ၅-၂-၂၀၁၉ | ၁၂း၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့်တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website (www.moee.gov.mm)တွင် တင်ဒါဖွင့်မည့်ရက်ထက် တစ်လကြိုတင်ကြေညာမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ(ထိန်းသိမ်းရေး)မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး ငွေလုံးငွေရင်း(စက်ပစ္စည်း) ရန်ပုံငွေဖြင့် လိုအပ်သော ရုံးသုံးစက်ကိရိယာများနှင့် လမ်းအရည်အသွေးထိန်းသိမ်းရေး စမ်းသပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် နေပြည်တော်အရောက် ဝယ်ယူလိုပါသည်။

၂။ အရည်အသွေးထိန်းသိမ်းရေးစမ်းသပ်ပစ္စည်းများ၏ စံချိန်စံညွှန်း၊ အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ(ထိန်းသိမ်းရေး)ရုံး၊ လမ်းဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၀၇၆၅၈ တွင် ၂၆-၁၂-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၁-၂၀၁၉ရက်၊ မွန်းတည့် ၁၂း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၂-၁-၂၀၁၉ရက်၊ မွန်းလွဲ ၁၃း၃၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီး(အစည်းအဝေးခန်းမ) စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ (ထိန်းသိမ်းရေး)ရုံး၊ လမ်းဦးစီးဌာန၊ ရုံးအမှတ် (၁၁)၊ နေပြည်တော်

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါ GNSS CORS (Continuously Operating Reference Station အား တည်ဆောက်တပ်ဆင်ပြီးသည်အထိ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | GNSS CORS (Continuously Operating Reference Station) | 1 Package |
| | (၁) GNSS CORS တည်ဆောက်တပ်ဆင်ခြင်း | 5 Sets |
| | (၂) Systems Software for 5 CORS | Complete Set |

၂။ အိတ်ဖွင့်တင်ဒါများအား ၁၄-၂-၂၀၁၉ ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး ၁၄း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ မြေကွက်အမှတ်(ဒ-၂၀၈၂)၊ ဧရိယာ ၀ဒသမ၂၂၉ ဧကရှိ ဒေါ်ဖြူပြာလှိုင်(ဘ)ဦးစံတင် ၉/ပမန(နိုင်)၂၁၁၁၀၆ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခိုင်နီဆန်း(ဘ)ဦးခင်မောင်ဆန်း ၉/မနမ(နိုင်)၀၁၉၉၄၂၀ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ (၂၅) ရက် ( အင်္ဂါနေ့ ) "ခရစ္စမတ်နေ့" သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေမြောင်းနှင့် မြေထိန်းနံရံလုပ်ငန်း (၁၁)ခုအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၁၂-၂၀၁၈ရက်
**တင်ဒါပုံစံပိတ်မည့်ရက်** - ၁၈-၁-၂၀၁၉ရက် ညနေ၄နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော် စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-
အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၆၈၂၅၄၅၂၉၄၊ ၀၉-၆၈၁၀၅၈၂၇၇

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပဲခူးတိုင်းဒေသကြီး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်-မန္တလေး အမြန်လမ်း၊ မိုင်တိုင် (၁၆၅/၁)နှင့် (၁၆၅/၃)ကြားရှိ ဆွာချောင်းတံတား (ရန်ကုန်-နေပြည်တော်)အသွားလမ်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား သတ်မှတ်လုပ်ငန်းခွင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂-၁-၂၀၁၉ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၀-၁-၂၀၁၉ရက်
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၁၁-၁-၂၀၁၉ရက် နံနက် ၁၀း၀၀နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူးမြို့ပြရုံး၊ လမ်းဦးစီးဌာန ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တောင်ဥက္ကလာပ(မြင်သာ)၊ ရန်ကုန်မြို့တွင် ၂-၁-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၈၅၀၀၇၅၈၊ ၀၉- ၅၀၀၅၃၄၁၊ ၀၉-၄၀၁၅၅၆၂၃၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်နှင့် နွားထိုးကြီးမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း (မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများဝယ်ယူခြင်းနှင့် တံတားတည်ဆောက်ခြင်းအတွက် လိုအပ်သော 0.8mØ Mini Bored Pile စက်ယန္တရားငှားရမ်းခြင်းများအား (လုပ်ငန်းခွင်အရောက်) မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့်ပစ္စည်းအမျိုးအမည်၊ အရေအတွက်အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြင်းခြံခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် စုံစမ်းမေးမြန်းနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံများကို ၂၁-၁၂-၂၀၁၈ ရက်မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၁-၁-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီ
**တင်ဒါလျှောက်လွှာဖွင့်မည့်ရက်/အချိန်** - ၂၂-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြား ရေးမှူး(မြို့ပြ)ရုံး၊ မြင်းခြံမြို့၊ ဖုန်း-၀၆၆-၂၀၂၂၁၈၁

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

စစ်တွေမြို့၊ သင်ပုန်းတန်းကျေးရွာနေ ဦးမောင်လှ၏သမီး မဇင်ထက် ၁၁/စတန(နိုင်)၁၀၆၆၇၁၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ ၁၁-၇-၁၉၉၇ ဖြစ်ပါကြောင်း။

၁၁-၇-၁၉၉၇

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက (ကျွန်းကုန်း) ကျောင်း နဝမတန်း(A)မှ မစုမြတ်နှင့် သတ္တမတန်း(A)မှ မအိအိထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုး ၁၄/ဝခမ(နိုင်) ၂၅၀၀၄၈ ဖြစ်ပါကြောင်း။ **ဦးမျိုး**

## အမည်ပြောင်း

အမ်းမြို့နယ်၊ အမှတ် ၅ ရပ်ကွက်၊ လခွဲကျောင်း KG တက်ရောက်နေသော (ဘ)ဦးမျိုးကိုကိုကျော်၏သမီး မယွန်းဝသနံအား မကြယ်စင်သန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မကြယ်စင်သန့်**

## တစ်ဦးတည်းဖြစ်ကြောင်း

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ၄၈ ရပ်ကွက်၊ အမှတ် ၂၃၇ နေ မရည်မွန်အောင် ၁၂/ဒဂမ(နိုင်)၀၂၇၄၁၄၏ဖခင်မှာ ဦးစန်းအောင်နှင့် ဦးသန်းအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးဖြိုးဟန်ဝင်း ၁၂/အစန(နိုင်)၁၇၅၂၈၀၏သား Moon Private Primary School Grade 1, တောင်ကြို့ကုန်း၊ အင်းစိန်မှ မောင်စစ်ပိုင်မျိုးဆက်အား မောင်စစ်ပိုင်မျိုးထက်ဟု ပြောင်းလဲခေါ်ပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ထွန်းငြိမ်း ၉/လဝန(နိုင်) ၂၅၉၉၈၄ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**မောင်ထွန်းငြိမ်း**
**ဖုန်း-၀၉-၇၆၄၉၁၆၉၈၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လှခင် ၁၁/မပတ(နိုင်) ၀၆၀၈၈၄၏ Passport No-M 301826 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၄၂၈၆၈၆၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုးမြင့်ရွှေ ၁၁/မပတ(နိုင်) ၀၇၁၆၂၆၏ Passport (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၄၂၈၆၈၆၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် နေမျိုးဝင်း ၁၁/မပတ(နိုင်) ၀၈၃၃၃၁၏ Passport (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၄၂၈၆၈၆၈**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၅ယ/၆၉၆၁၀ Kenbo-R M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟရမ်းလျန်ကုလ် ၄/ဖလန(နိုင်)၀၁၀၅၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဟားခါး)**


Glucerna®
ဆီးချိုသွေးချိုရှိသူများအတွက်
ထူးခြားကောင်းမွန်သောအာဟာရ^
ဆေးသုတေသနပေါင်း
၄၁
ပြုလုပ်ပြီး
Glucerna®
Abbott
No.1 Doctor Recommended Brand in USA*
ဆီးချိုသွေးချိုရှိသူများအနေဖြင့် သွေးအချိုဓါတ်၊ သွေးပေါင်ချိန်နှင့် ခန္ဓာကိုယ်အလေးချိန်တွေကို ပုံမှန် အနေအထား ရောက်အောင် ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ တက်ကြွလှုပ်ရှားသော ဘဝနေထိုင်မှုပုံစံ၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာ တို့ကို စားသုံးခြင်းတို့အပြင် Glucerna ကိုသောက်သုံးခြင်းက သင့်ရဲ့ဆီးချိုသွေးချိုကို အကောင်းဆုံးအနေအထားတွင် ထိန်းထားရန် ကူညီပေးပါသည်။
Glucerna သည် ဆီးချိုသွေးချိုရှိသူများအတွက် ထူးခြားကောင်းမွန်သော အာဟာရဖြစ်ပြီး Triple Care System ဖြင့် ထုတ်လုပ်ထားသောကြောင့် အောက်ပါအကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။
သွေးအတွင်းအချိုဓာတ်ကိုထိန်းပေးခြင်း+
နှလုံးကျန်းမာရေးအထောက်အကူပြုခြင်း#
ကိုယ်အလေးချိန် မတက်အောင်ထိန်းညှိပေးခြင်း**
*Market research by Rothstein-Tauber, Inc. 2015 **ထမင်းအစားထိုးအဖြစ် သောက်သုံးသည့်အခါတွင်
^American Diabetes Association.Diabetes Care 2004;27(Suppl 1):S36-S46. ~"Balk E, Tatsoni A, Lichtenstein, et al.Trials;2007;30:2154-2163."
GLU531218M
Abbott
life. to the fullest.®
Abbott Nutrition
Careline
09 260 35 62 62
abbottnutrition@pahtama.com
PAHTAMA
GROUP

STI MYANMAR UNIVERSITY

မြင့်မားတဲ့အောင်မြင်မှုတွေကို သက်သေထူနိုင်တဲ့ ဘွဲ့ရများစွာ နှစ်စဉ်မွေးထုတ်ပေးနေတဲ့ STIMU




*Congratulations!*

SUCCESSFUL GRADUATES OF THE 12th GRADUATION BATCH 2018

- MBA (General)
- MSc (Public Health)
- MSc (Nutrition and Dietetics)
- MEd
- BA (Hons) Business Administration
- BBA in Management
- BEng (Hons) Civil Engineering
- BEng (Hons) Architectural Engineering
- BEng (Hons) Civil Architectural Engineering

(၁၂) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ကမ္ဘာ့ထိပ်တန်းအဆင့်တက္ကသိုလ်ကြီးများမှ နိုင်ငံတကာအသိအမှတ်ပြုဘွဲ့လက်မှတ်များရရှိကြသော ကျောင်းသား/ကျောင်းသူများအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ယခုထက်ပိုမိုတိုးတက်အောင်မြင်သောဘဝကို ဆက်လက်လျှောက်လှမ်းနိုင်ပါစေကြောင်း STI Myanmar University မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်အမှတ် ၁၀၆/၂၀၁၈

University of Bedfordshire

STI MYANMAR UNIVERSITY

in partnership with

香港公開大學 THE OPEN UNIVERSITY OF HONG KONG

www.stiedu.net https://www.facebook.com/STIMyanmarUni admission@stiedu.net

စကြာမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ အသစ်ထပ်မံထုတ်လုပ်တဲ့
ဆရာမြင့်၏
စကြာမင်း
အမှတ်တံဆိပ်
သွက်ချာပါဒ လေငန်းဆေး
" လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါဖြစ်ခြင်း၊
လက်ခြေများ လှုပ်မရခြင်း၊ ခန္ဓာကိုယ်တစ်ခြမ်းလှုပ်မရခြင်း၊
ပါးရွဲ့ခြင်း၊ စကားမပီမသ ဖြစ်ခြင်း၊ စကားမပြောနိုင်ခြင်း၊
အကိုင်အတွယ်မမြဲခြင်း၊ ခြေလက်ထုံကျဉ်ခြင်းနှင့် လေငန်း၊
သွက်ချာပါဒရောဂါကိုကာကွယ်လိုသူများ သုံးစွဲနိုင်ပါသည်။ "


တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 014278 (0721)
Set Kyar Minn Pharmaceuticals - 09423148232, 09423148233.
ISO 9001:2015 BUREAU VERITAS Certification UKAS

အားလုံးအတွက် MCC
MCC.i
မိဘတိုင်းဟာ သားသမီးတွေအတွက်
ဘဝအာမခံချက် ရစေချင်တာအမှန်ပဲ. .
လူငယ်တွေဘဝ အာမခံချက်ရဖို့ အချိန် (၄)နှစ်ပေးရင်ရပါပြီ။
- ပထမနှစ် – ကွန်ပျူတာဒီပလိုမာ (Level - 4)
- ဒုတိယနှစ် – အဆင့်မြင့်ကွန်ပျူတာ ဒီပလိုမာ (Level - 5)
- တတိယနှစ် – B.Sc (Hons:) Business IT University of Greenwich, UK (ကွန်ပျူတာသိပ္ပံဒီဂရီ)
- စတုတ္ထနှစ် – MCC မှ အလုပ်ခန့်ထားပေးတဲ့အတွက် အလုပ်ရပါပြီ
– အလုပ်လုပ်ရင်း စနေ – တနင်္ဂနွေနေ့တွေမှာ MBA (Strategic IT) သင်တန်းကို တက်နိုင်အောင်လည်း စီစဉ်ပေးထားပါတယ်။

(၄) နှစ်ပြီးတဲ့အခါ ကွန်ပျူတာနဲ့ ပါတ်သက် တဲ့ B.Sc (Hons:) Business IT ဘွဲ့ ရော MBA ဘွဲ့ရောရပြီး အလုပ်ပါရလို့ ဘဝအာမခံချက် ရသွားပြီပေါ့ . .
ကဲ . . ဘာလိုသေးလဲ . . .
အချိန်ရှိသေးတယ် အမြန်ဆက်သွယ်ပါ
December Section Opening Date Dec (24)
HOT LINE 01-246634, 01-249152
MCC Institute (Ygn)Tel : 01-246634,01-249152, 01-652236
MCC Institute (Mdy)Tel : 09-402671562, 09-441034062
MCC Institute (NPT)Tel : 09-254148940, 09-31354842,09-457733191

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၀/စစ်ကဲကုန်း)၊ ဦးပိုင်အမှတ် (၆၄)၊ ဧရိယာ ၀ဒသမ၀၂၆ဧကရှိမြေသည် အခွန်အမှုတွဲအမှတ် (99)24D/12.7.60.Y to Y 1070D/18-10-1911 အရ မောင်ငွေသိန်းနှင့် မဖွားရှင်တို့နှစ်ဦးအမည်ဖြင့် နှစ်(၃၀)အငှားဂရန်ရရှိထားပြီး၊ အမည်ပေါက်ပိုင်ဆိုင်သူနှစ်ဦးအနက် ဒေါ်ဖွားရှင်ကွယ်လွန်သွားပြီး၊ ဦးငွေသိန်းမှာ ဒေါ်ထားထားနှင့် အိမ်ထောင်ပြုခဲ့ပြီး၊ ဦးငွေသိန်းမှာ ကွယ်လွန်သွားသည့်အတွက် ဒေါ်ထားထားမှ ၎င်း၏တူသားရင်းချာတော်စပ်သူ ဦးတင်ညွန့်အား စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၅၅/၁၉၈၈)ဖြင့် ပေးကမ်းပြီး၊ ဦးတင်ညွန့်၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၉၆/၂၀၀၅)ဖြင့် ဦးရဲမြင့်မှ စာချုပ်အမှတ် (၁၆၂/၂၀၀၈)ဖြင့် ဒေါ်ငွေညွန့်အား ရောင်းချခဲ့၍ ဒေါ်ငွေညွန့်မှ မွန်ပြည်နယ်တရားလွှတ်တော်ရုံးတွင် ကျမ်းကျိန်လွှာအမှတ် (၂၅၃/၂၀၁၇)ဖြင့် ကျမ်းကျိန်ဆိုပြီး စာချုပ်အမှတ် (၈၄/၂၀၁၇)ဖြင့် မှတ်ပုံတင်ထားရှိပြီးနောက် လျှောက်မြေနှင့်နေအိမ်အား စာချုပ်အမှတ် (၈၅/၂၀၁၇)ဖြင့် ဦးမြင့်သူအား ရောင်းချခဲ့သဖြင့် ဦးမြင့်သူမှ နှစ်ရှည်မြေငှားဂရန် ပထမအကြိမ်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ သခွတ်ချောင်းအုပ်စု၊ ဝဲဒေါင့်ကျေးရွာနေ ဦးခင်မောင်ဝင်း၏ သမီး မအိရွှေဇင်၏ အမည်မှန်မှာ မအိရွှေစင် ဖြစ်ပါကြောင်း။

**မအိရွှေစင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/7522 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ ၂၃ ရပ်ကွက်၊ သံတောင်လမ်းနေ သားဖြစ်သူ အောင်ဖြိုးဝေဦး ၇/တငန(နိုင်)၁၃၄၂၇၅ သည် မိဘ၏ဆိုဆုံးမမှုကို လုံးဝနာခံခြင်းမရှိသည့်အပြင် ခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုးပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ဆင်းသွားသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ (နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းမည်မဟုတ်ကြောင်း ကြေညာလိုက်သည်။)

**မိဘ ဦးဌေးနိုင်-ဒေါ်ကြည်ကြည်ဝင်း(တောင်ငူ)**

ATTOLLO TRAVEL အက်တို(လ်)လို အဆင့်မြင့်ခရီးသွားကုမ္ပဏီ

| | | |
|---|---|---|
| ချင်းပြည်နယ်–နတ်မတောင် (၄ည/၅ရက်) | | JAN 03 |
| မြိတ်ကျွန်းစု–ပရာကျော် (၄ည/၅ရက်) | VIP 2+1 | DEC 29 |
| စစ်တွေ–မြောက်ဦး (၅ည/၆ရက်) | | DEC 28 |
| လွိုင်ကော်–ဒီမောဆို့–ကလော (၄ည/၅ရက်) | | DEC 29 |
| တောင်ကြီး–အင်းလေး–ပင်းတယ (၄ည/၅ရက်) | | DEC 29 |
| မန္တလေး–ပြင်ဦးလွင်–မင်းကွန်း (၄ည/၅ရက်) | | DEC 29 |
| ပုဂံ–စဉ့်တော်လေးဆူ–ပုပ္ပါး (၃ည/၄ရက်) | | DEC 29 |
| မြဝတီ–မဲဆောက် (၃ည/၄ရက်) | | DEC 29 |

01-381067, 09-32109138, 09-795418474

## ကြော်ငြာစာ

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၅၇**
**ကွယ်လွန်သူ ဦးခင်မောင်အေး၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ ရန်ငြိမ်းအိမ်ရာ၊ အခန်းအမှတ် ၀၄၊ တိုက်အမှတ် (၉/၄)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးခင်မောင်အေး၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်သူဇာတင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ရက် (၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၆ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးခင်မောင်အေး၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၈ရက် (၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၆ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်သူဇာတင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(အောင်မြင့်)**

**တွဲဖက်ခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၈ ခုနှစ် တရားမအထွေထွေမှုအမှတ်-၄၄**

| | | |
|---|---|---|
| ဦးလှသိန်း | **နှင့်** | ၁။ ဒေါ်ချိုချိုလွင် |
| | | ၂။ ဒေါ်ဇန်ဟွိုင်း |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၃) ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၁၂၀၁)နေ လျှောက်ထားခံရသူ (၂) ဒေါ်ဇန်ဟွိုင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးလှသိန်းက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၅၄အရ ပညတ်ဝရမ်းစွဲကပ်ခြင်းအားတရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈အရ ဝရမ်းခွာပေးစေလိုမှု လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ရက် (၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၉၂**

| | | |
|---|---|---|
| ဒေါ်အိသဥ္ဇာနိုင် | **နှင့်** | ဦးမျိုးအောင်လွင် |
| **တရားလို** | | **တရားပြိုင်** |

အထက်ပါအမှုမှ တရားပြိုင် ဦးမျိုးအောင်လွင် ၁၂/ဥကတ(နိုင်)၀၀၅၉၂၂၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ ၄၀လမ်း၊ Mother Land၊ ငါးလွှာ(ဘယ်ခြမ်း)၊ အမှတ် ၂၄၅နေ (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်အိသဥ္ဇာနိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ခိုင်ကျော်စိုး)**

**တွဲဖက်မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level I+II & III စာရင်းကိုင် သင်တန်းများ
ခုံနံပါတ်ယူထားနိုင်ပြီ။ Dec - 22 (Sat) စမည်။
LCCI
(၂၅)နှစ်ကျော်အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎- 09 -776349905, 403090950, 01-371741, 240824

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၂)ရပ်ကွက်၊ အမှတ် ၃၇၁ ဟုခေါ်တွင်သော ဦးလှချစ်အမည်ပေါက်မြေချပါမစ်မြေအမျိုးအစားဖြစ်သည့် မြေဧရိယာအကျယ်အဝန်း (၄၀×၆၀)ပေမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အဆိုပြုသူ ဒေါ်မိုးမိုးအေး ၁၂/မရက(နိုင်)၀၀၅၀၃၅ထံမှ ကျွန်ုပ်ကဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းမင်းထွေး ၁၂/မဂတ(နိုင်)၀၂၈၇၉၂**
**အမှတ် ၆၀၂၊ သခင်ဗစိန်လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၉၄/ဈေးချိုအနောက်)၊ ဦးပိုင်အမှတ် (၃၂ဂ)၊ မြေချိန်ဧရိယာ ၀ဒသမ၇၈ဧကရှိမြေသည် အခွန်အမှုတွဲအမှတ် (V) ၃၇၃/၉၇-၉၈ အရ ဦးမိုးကျော်ဦးအမည်ဖြင့် နှစ်(၃၀) အငှားဂရန်ရရှိထားပြီး ဂရန်သက်တမ်းမှာ ၂-၈-၂၀၂၈ရက်တွင် ကုန်ဆုံးမည်ဖြစ်ပါသည်။ ဦးမိုးကျော်ဦးသည် ၂၁-၆-၂၀၁၈ ရက်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့၍ ၎င်း၏ဖခင်ဖြစ်သူ ဦးစိန်ဟော်သည် ၂၃-၁၁-၂၀၁၁ရက်၊ မိခင်ဖြစ်သူ ဒေါ်ကင်ဝှက်သည် ၉-၅-၂၀၀၄ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ၎င်း၏ အစ်ကိုအစ်မများဖြစ်ကြသော (၁) ဒေါ်ရင်ရင်စိန် (၂) ဦးမြင့်ဦး၊ (၃) ဒေါ်ရီရီစိန်၊ (၄) ဒေါ်လွင်လွင်စိန်၊ (၅) ဒေါ်ကြည်ကြည်စိန်၊ (၆) ဒေါ်ငွေငွေစိန်တို့ (၆)ဦးမှ ပိုင်ဆိုင်ကြောင်း မွန်ပြည်နယ်တရားလွှတ်တော်ရုံး၏ ကျမ်းကျိန်လွှာအမှတ်စဉ် (၂၁၁၅/၂၀၁၈)ဖြင့် ကျမ်းကျိန်ဆိုပြီး၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၉၂/၂၀၁၈)အရ မှတ်ပုံတင်ကာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၂၉၃/၂၀၁၈)အရ တရားဝင်ပိုင်ဆိုင်လာပါသည်။ ဒေါ်ကြည်ကြည်စိန်ကိုယ်စား ဆောင်ရွက်နိုင်ရန်အတွက် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၁/၁၅ ၀၂ ၁၀ အရ ဒေါ်ငွေငွေစိန်အား လွှဲအပ်ထားပြီး၊ (၁) ဒေါ်ရင်ရင်စိန်၊ (၂) ဦးမြင့်ဦး၊ (၃) ဒေါ်လွင်လွင်စိန်၊ (၄) ဒေါ်ကြည်ကြည်စိန်၊ (၅) ဒေါ်ငွေငွေစိန် တို့(၅)ဦးမှ ဒေါ်ရီရီစိန်အား အပြီးအပိုင် စွန့်လွှတ်ခြင်းစာချုပ်အမှတ် (၂၂၀/၂၀၁၈)အရ စွန့်လွှတ်ပေးကမ်းခဲ့သဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ အထက (ခွဲ) ကွမ်လှာ၊ ပဥ္စမတန်း(A) မှ မဖြူမွန်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ၁၀/မဒန(နိုင်)၀၄၅၉၆၆ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းဆိုင်အောင် ၁၃/ကဟန(နိုင်)၀၁၅၈၁၂၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၆၅၇၅၁၃**

## မွေးသက္ကရာဇ်အမှန်

မိုင်းဖြတ်မြို့နေ ဦးသိန်းဇော်ဦး ၁၂/လကန(နိုင်)၀၀၁၅၆၇၏သား မောင်သူရဖြိုး ၈/နမန(နိုင်) ၁၉၁၃၂၄ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၈-၆-၁၉၉၇) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ကုန်းသာ (၂) အခြေခံပညာမူလတန်းလွန်ကျောင်း၊ ပဥ္စမတန်းမှ မနီလာထွန်း(ခ) မတင်နီလာဟန်၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၅/ရဥန(နိုင်)၀၇၈၄၄၉ ဖြစ်ပါကြောင်း။

**ဦးမင်းဇော်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ ရပ်ကွက် (၁)၊ ယန္တရားဝင်းနေ ဦးခင်မောင်ဦး-ဒေါ်ညိုတို့၏ သမီး မသဲဆွေဇင် ၁၃/ကတန(နိုင်) ၁၃၇၁၂၂သည် မိဘ မောင်နှမများအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၎င်းဆန္ဒအရ ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား လုံးဝ(လုံးဝ) တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးခင်မောင်ဦး ၁၃/တကန(နိုင်)၀၄၉၀၁၃**
**ဒေါ်ညို ၁၃/ကတန(နိုင်)၀၀၄၀၅၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7M/6265 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၇၉၀၆၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၉၉၄၈၅ Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စံပယ် ၅/မရန(နိုင်)၁၂၈၇၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အိုက်လူ ၁၃/ခလန(နိုင်)၀၀၀၅၄၂၏ Passport No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၂၄၇၉၂၈**

## ကျေးဇူးတင်ရှိခြင်း

၁၄-၁၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားသော ဗိုလ်မှူးကြီး ဇေယျကျော်ထင်သန်းတင် (ငြိမ်း)၏ဈာပနကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးနှင့်ဇနီး၊ တပ်ဖွဲ့ဝင် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ရဲမေများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဝမ်းနည်းခြင်း သတင်းမေးမြန်းပြီး လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျန်ရစ်သူမိသားစုမှ ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်အိ

**အမေကြီးအုန်းပေါင်းတင်း**

**(ရွှေဘိုမြို့)**

**အသက်(၈၄)နှစ်**

ရွှေဘိုမြို့၊ ထူထောင်ရေးရပ်ကွက်နေ ဒေါ်မြင့်မြင့်စိန်၊ ဦးသန်းနိုင်-ဒေါ်ဝင်းမော်၊ ဦးသိန်းထွဋ်ဦး-ဒေါ်သန္တာ၊ ဦးသိန်းထွန်းဦး(ခ)ကိုထွန်း-ဒေါ်ခင်မျိုးအောင်(ခ) မငယ်မတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၉-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ဥသျှစ်ကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကြည်ကြည်ငွေ

**အသက်(၇၁)နှစ်**

သူငယ်ချင်း ဗိုလ်မှူးချုပ် ဝင်းဇော်မိုး-ဒေါ်ခင်မေမေသွင်တို့၏မိခင်ကြီး ဒေါ်ကြည်ကြည်ငွေသည် ၁၈-၁၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အမှတ်စဉ်(၃၅)**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာဒေါ်ရှင်မင်း၏ချစ်လှစွာသောခင်ပွန်း ဦးအောင်ကြည်ဦး အသက်(၆၄)နှစ်သည် ၁၄-၁၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1980-86 16th Batch B.D.S မှ**
**သွားဘက်ဆိုင်ရာ ဆရာဝန်များ**

## ဒေါ်မိမိကျော်ဇော

**အသက်(၅၆)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့၊ ရွှေသူဌေးရပ်နေ ဦးတင်ညို-ဒေါ်အေးတင် (ဦးမောင်ဆန်စက်)တို့၏မြေး၊ ရန်ကုန်တိုင်း ရဲမင်းကြီး (သူရဦးကျော်ဇော၊ လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်)-(ဒေါ်သန်းသန်း၊ ဦးမောင်ဆန်စက်)တို့၏သမီး၊ (ဒေါ်ပန်စီကျော်ဇော)၊ (ဒေါ်ဒေစီကျော်ဇော)၊ ဦးတင်မောင်မောင်တို့၏ညီမ၊ (မောင်နေလင်းအောင်)၊ ဗိုလ်မှူးချုပ်ခင်မောင်စိုး-မတင်စန္ဒီအေး၊ မောင်တင်ဇာနည်မောင်-ဒေါက်တာနော်ဖူးငုံကိုကိုတို့၏အဒေါ်၊ ဗိုလ်မှူးမောင်ထွေး(ငြိမ်း၊ ရေကြောင်းပြမှူးကြီး၊ ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏ ချစ်လှစွာသောဇနီး၊ မောင်ကောင်းကျော်ဇော BE(ME)(MMU)၊ Chief Development Officer Conceptx Co., Ltd.)၊ မခင်မြန်မာကျော်ဇော BE(MC)၊ Cabin Crew (Air KBZ)တို့၏ ချစ်လှစွာသောမိခင်သည် ၁၆-၁၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ကျန်ရစ်သောခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၁)သို့ လှူဒါန်းပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၂-၂၀၁၈ ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

**ဒေါ်ခင်နှင်းရီ (နီနီ-ကျုံပျော်)၊ အသက်(၅၉)နှစ်**

**နည်းပြချုပ်(ဒုတိယ-ညွှန်ကြားရေးမှူး-ငြိမ်း)**

**အခြေခံပညာဦးစီးဌာန၊အုပ်ချုပ်မှုသင်တန်းကျောင်း၊ထောက်ကြန့်၊ရန်ကုန်မြို့**

၁၅-၁၂-၂၀၁၈ရက် (စနေနေ့) နံနက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်ခင်နှင်းရီ နာမကျန်းဖြစ်စဉ် ဆေးရုံတက်ရောက်ကုသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြပါသော ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်(ညွှန်ကြားရေးမှူး-ပညာ)၊ ဒေါ်ခင်သန်းဦး (ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းကြီးကြပ်၊ အကဲဖြတ်)၊ ဒေါ်ဆွေဆွေလဲ့(ဒုတိယညွှန်ကြားရေးမှူး၊ ပညာ-ငြိမ်း)တို့အားလည်းကောင်း၊ ဆေးရုံတက်စဉ်နှင့် ဆေးကုသမှုခံယူနေစဉ် ဝိုင်းဝန်းကူညီအားပေးပြုစုပေးခဲ့ကြပါသော ရန်ကုန်တိုင်းဒေသကြီးမှ ဦးအေးမင်း (လ/ထ-ညွှန်/မှူး၊ကာယ၊ကျန်းမာ၊စာကြည့်တိုက်နှင့် ကာယပညာဆရာ ဆရာမများ၊ ပညာရေးမိသားစု ဆရာ၊ ဆရာမကြီးများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ နာရေးကိစ္စအား ရပ်နီးရပ်ဝေးမှ ဆက်သွယ်မေးမြန်းသူများအားလည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြပါသော ပညာရေးမိသားစု ဆရာကြီး၊ ဆရာမကြီးများနှင့် ကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု (ကျုံပျော်)**

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးဆလိုင်းအောင်ဝင်း

**အသက်(၈၇)နှစ်**

တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် ၃၄၆နေ (ဦးအောင်ပု- ဒေါ်အေးညို)တို့၏သား၊ (ဒေါ်ပဆစ်)၏မောင်၊ (ဒေါ်မိုင်တင်စု)၏ခင်ပွန်း၊ ဦးဆလိုင်းမိုးဇက်ဝင်း(ဓာတ်ခွဲမှူး၊ ဆာကူရာဆေးရုံ၊ ရန်ကုန်)၏ဖခင်၊ (ဦးဆလိုင်းယောလ)၊ ဒေါ်ချစ်ချစ်လွင်၊ ဒေါ်မိုင်အက်စတာ(ညွှန်မှူး၊ ပဲခူး၊ ECD)၊ ဒေါ်မိုင်အေးရီ(ကလေးအရာရှိတောင်ငူခရိုင်ကျန်းမာရေး)၊ ဒေါ်အမိုင်ငွေးရီ (လယ်-၁၊ အိုးကုန်း၊ လ-ခွဲ၊ တောင်ငူ)၊ ဆလိုင်းယောသ-ဆရာမမိုင်ယဉ်ယဉ်စိန်၊ (ဆလိုင်းအောင်စည်မိုး)-ဒေါ်မိုင်ချယ်ရီအေးတို့၏ဘကြီး၊ ဆလိုင်းမင်းမင်းခန့်၊ မိုင်မေလွင်ပွင့်၊ ဆလိုင်းနို၀ယ်ချစ်၊ ဆလိုင်းရှဲလ်မင်းခန့်၊ ဆလိုင်းအေဘယ်ချစ်၊ မိုင်အေမာချစ်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၈ရက် ည ၇း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၁၂-၂၀၁၈ရက် နံနက် ၉း၃၀နာရီတွင် နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး တောင်ငူမြို့၊ ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**တောင်တွင်းကြီးမြို့နယ်အသင်း**

**(ရန်ကုန်)**

## ဒေါ်သန်းသန်းဝင်း

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ (၈)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် ၈၂ နေ အသင်းဝင် ဒေါ်သန်းသန်းဝင်းသည် ၁၇-၁၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၈ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း။

အမှုဆောင်အဖွဲ့

## ဦးလှအောင်(ခ)ဦးတရုတ်

**(ရဲတပ်ကြပ်ကြီး-ငြိမ်း)**

**လ-၉၃၆၆၆**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ၁၅လမ်း(A)၊ တိုက် ၁၆၊ အမှတ် ၃၀၄နေ (ဦးထွန်းရင်-ဒေါ် မိမိကြီး)တို့၏သား၊ (ဦးသန်းဖေ-ဒေါ်ညွန့်ခင်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်အေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးမြင့်၊ ဦးအောင်ဆန်း-(ဒေါ်ဖြူဖြူ)၊ ဦးမျိုးဝင်း-ဒေါ်မြင့်မြင့်၊ (ဦးဝင်းကြည်)-ဒေါ်ညိုညိုတို့၏ညီ/မောင်၊ ဦးခင်စိန်-ဒေါ်စန်းစန်းမြင့်၊ ဦးအုန်းသိန်း-ဒေါ်တင်ညွန့်တို့၏ညီမောင်၊ (ဦးဘန်ဝင်း)-ဒေါ်မြင့်မြင့်ငွေးတို့၏အစ်ကို၊ ကိုတိမ်ယံမင်းဇော်-မသိမ့်သိမ့်အောင်၊ မဝင့်ရည်လှိုင်တို့၏ဖခင်၊ မောင်ရဲရင့်ပိုင်၏အဘိုးသည်၂၀-၁၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသန်းအောင် (သန်းအောင်ဖိနပ်လုပ်ငန်း)

**အသက်(၈၆)နှစ်**

စစ်ကိုင်းမြို့၊ တောင်ဘော်ဂါရပ်၊ သန်းအောင်ဖိနပ်လုပ်ငန်းမှ (ဒေါ်တင်တင်)၏ခင်ပွန်း၊ စစ်ကိုင်းမြို့၊ တောင်တော်ဂါရပ်နေ ဒေါ်ခိုင်ခိုင်ဝင်း၊ နန်းတော်ရာရပ်နေ ဦးကိုကိုအောင်-ဒေါ်စံပယ်၊ ဦးညီညီအောင်-ဒေါ်သီတာအောင်၊ နေပြည်တော် ကုံ့ကော်ရပ်ကွက်နေ ဦးဇော်နိုင်ဦး-ဒေါ်စန္ဒာအောင်၊ စစ်ကိုင်းမြို့၊ ပါရမီရပ်နေ ဦးကျော်ကျော်အောင်-ဒေါ်လွင်လွင်ကြည်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး ဦးသန်းအောင်သည် ၂၀-၁၂-၂၀၁၈ရက်(ကြာသပတေးနေ့) ည ၇ နာရီတွင် တောင်ဘော်ဂါရပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၈ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ယုန်ဖြူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အရာခံဗိုလ်ကြည်ဇင် (ငြိမ်း)

**ကပ-၂၁၄၉၀၀**

**အသက်(၈၃)နှစ်**

ဗိုလ်မှူးသန်းဌေး-(ဒေါ်မြတ်ဆုကြည်)၊ ကိုဖြိုးစည်သူ-မခင်သီတာဇင်တို့၏ဖခင်၊ မောင်သုတညီ၏အဘိုး၊ (ဒေါ်ညွန့်)၏ခင်ပွန်းသည် ၂၀-၁၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁း၁၀နာရီတွင် မကွေးမြို့ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲပိုင်းတွင် မကွေးမြို့၊ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးတင်ထွန်း B.A.,H.G.P,R.L

**အထက်တန်းရှေ့နေ(အငြိမ်းစား ကျန်းမာရေးမှူး)**

**အသက်(၈၁)နှစ်**

ကသာမြို့နေ (ဦးချစ်ဘွယ်-ဒေါ်အေးကြွယ်)တို့၏သား၊ (ဦးအောင်ကြည်-ဒေါ်ခင်ထွေးမြင့်)၊ (ဦးပေါ်ထွန်း)-ဒေါ်တိုးတိုးကြည်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၂၃လမ်း၊ အမှတ် ၈၃၅နေ ဦးမင်းထွဋ်-ဒေါ်ဆန်းဗွာလီ(Teacher at Brainworks International School)၊ ဒေါက်တာတိုးတိုးအောင်(သစ်တောဦးစီးဌာန)-ဒေါက်တာခင်မျိုးထွဋ်(Mega Life Sciences Ltd)တို့၏ဖခင်၊ မောင်အောင်ဇော်ထွဋ်(Secondary-3၊ Brainworks International School)၊ မောင်ကျော်ထွဋ်အောင်(P-6, NIEC)၊ မောင်နေဆန်းထွဋ်(Primary-5, Brainworks International School)၊ မောင်လင်းထွဋ်အောင်တို့၏အဘိုး၊ ဒေါ်ကြည်ကြည်ခင်၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၈ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်နန်းငွေစိန်

**အသက်(၇၇)နှစ်**

ဆရာတော်ဦးကလျာဏမွေ [သာသနဓဇဓမ္မာစရိယမဟာဂန္ထဝါစကပဏ္ဍိတ M.A(B.Dh)၊ တောင်ကြီးပရိယတ္တိစာသင် တိုက်အမှတ် ၇၁၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်]၏ ဒါယိကာမကြီး၊ လင်းခေးမြို့၊ ဝမ်းသာရွာနေ (ဦးလှ)၊ (ဒေါ်နန်းဆယ်)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံရပ်ကွက်၊ ကန်သာယာလမ်းသွယ်(၃)၊ အမှတ် ၁၁/ခနေ ဦးသန့်ဇင် (ငြိမ်း၊ စီမံကိန်းဒါရိုက်တာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၏ချစ်လှစွာသောဇနီး၊ ဒေါ်မြင့်မြင့်စိုး၊ ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်မြင့်မြင့်ဝေ၊ ဦးလှအောင်(Power-9)-ဒေါ်မီမီသန့်၊ ဒေါ်နန်းထွေးခမ်း၊ ဒေါ်နန်းမိုးခမ်း၊ (ဒေါ်နန်းဆိုင်ဟိန်း)တို့၏မိခင်၊ မြေး ငါးယောက်တို့၏အဘွား၊ ဒေါ်နန်းငွေစိန်သည် ၂၀-၁၂-၂၀၁၈ရက် မွန်းလွဲ ၁း၀၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ငွေကြာယံနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၈ရက် နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးငွမ်တိတ်

**(ပုလော/ရှပ်ပုံ/ကျောက္ကာ)**

**အသက်(၅၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ရှပ်ပုံရွာနေ (ဦးငွမ်ဘီး-ဒေါ်အုန်းရှင်)တို့၏သား၊ ကျောက္ကာရွာနေ (ဦးကြည်စိန်-ဒေါ်ယဉ်ကြည်)တို့၏သားသမက်၊ ဦးကျော်မြင့်-ဒေါ်တင်ရီ၊ ဦးမောင်လှ-ဒေါ်ရှုလိုင်၊ ဦးတင်ဟို-ဒေါ်ပိုရီ၊ ဦးကြည်ငွမ်-(ဒေါ်အင်ကြူ)၊ ဒေါ်အင်ရီ၊ ဦးတင်ငွမ်-ဒေါ်ယုယုလွင်၊ ဦးငွမ်ဟုန်၊ ဦးကြည်ဟုန်-ဒေါ်ခင်ကြိုင် တို့၏ညီ/မောင်၊ (ကိုပြည့်စုံ)-မယဉ်ယဉ်မိုးနွယ်၊ ကိုအောင်မျိုးမြတ်-မယဉ်ယဉ်ဆွေ၊ မကြူကြူဆွေ၊ ကိုမျိုးအေး-မသက်သက်မော်တို့၏အစ်ကို၊ [ဒေါ်စီငယ်မ(ခ)ဒေါ်မြင့်မြင့်စီ]၏ခင်ပွန်းသည် ၁၉-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှစက်တော်ရာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

## ဒေါ်အုန်းကြည်

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၃၁၆ နေ (ဦးကိုကိုကြီး-ဒေါ်ရှုမေ)တို့၏သမီး၊ (ဦးဟုန်ယု)၏ဇနီး၊ (ဦးထွန်းမြင့်)(သရုပ်ပြဆရာ၊ ဆေး-၁)၊ (ဦးမျိုးမြင့်)-ဒေါ်ဝါဝါ(ကိန်ကြည်စားပွဲရုံ)၊ (ဒေါ်ဒေစီ)(အထပြ၊ ကျောက်တံတား)၊ ဦးမျိုးသူရိန်(IT Manager, Strand Hotel)-ဒေါ်မိုးပုလဲ(General Manager, KMD Institute)၊ ဦးတင်မောင်မောင်တို့၏မိခင်သည် ၁၉-၁၂-၂၀၁၈ ရက် ည၉း၂၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တသုန္ဒရ

**ရွှေတောင်စားကျောင်း၊ ထားဝယ်မြို့**

**သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၆)ဝါ**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်၊ ရွှေတောင်စားကျောင်း ဆရာတော် ဘဒ္ဒန္တသုန္ဒရသည် (၁၃၈၀ပြည့်နှစ် နတ်တော်လဆန်း ၁၀ရက်) ၁၇-၁၂-၂၀၁၈ရက် (တနင်္လာနေ့) ည၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၂၃-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့၊ ဘုန်းကြီးပျံကုန်း၌ အန္တိမအဂ္ဂိဈာပန ပူဇော်ပွဲကို ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဈာပနကျင်းပရေးကော်မတီ
ရွှေတောင်စားကျောင်း၊ ထားဝယ်မြို့

## ဦးသိန်းရွှေ (ဝါးခယ်မ) အသက်(၈၂)နှစ်

**(ယခင် ရှုဘီအာကိတ်ကုမ္ပဏီ)**

ဝါးခယ်မမြို့နေ (ဦးဘခင်-ဒေါ်ကျော့)တို့၏သား၊ ရွှေလောင်းမြို့နေ(ဦးဖေတင်-ဒေါ်ထူး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၅၀နေ ဒေါ်ခင်သိန်းတင့်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းလှ-ဦးကျော်တို့၏အစ်ကို၊ ဒေါ်နီနီဦး(အလက-၄၊ သဃ်န်းကျွန်း)၊ ဦးလှမင်း၊ ဒေါ်သိန်းသိန်းနွယ်-ဦးသန်းငွေ၊ ဦးသန့်ဇော်တို့၏ဖခင်၊ ကိုပြည့်ဖြိုးဇော်(Branch Manager,ACLEDA MFI Myanmar Co.,Ltd)-မဝင်းသီရိ၊ ကိုရဲကျော် ဖြိုး(ACLEDA MFI Myanmar Co.,Ltd)၊ မဆုနဒီဝင်း(အထက-၂၊ တာမွေ)တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂း၁၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## အရာခံဗိုလ်အုန်းမောင် (ချောက်မြို့)

**၉၅၈ ဆ·လ·အ(ခွဲ) GE တပ်**

**အသက်(၈၂)နှစ်**

ချောက်မြို့နယ်၊ တုံရွာနေ (ဦးအောင်လှ-ဒေါ်ရွှေတုတ်)တို့၏သား၊ (ဒေါ်ခင်ရွှေ)၏ခင်ပွန်း၊ (ဦးဘသောင်း)၊(ဒေါ်စောမြ)၊ (ဦးအေးမောင်)၊ (ဒေါ်ပေါ်ငြိမ်း)တို့၏မောင်၊ ဦးဦးမောင်-ဒေါ်အုန်းမြင့်တို့၏အစ်ကို၊ ဒေါ်လှလှဝင်း(ကြယ်ငါးပွင့်၊ သဘော်လုပ်ငန်း)၊ ဒေါ်နီနီဝင်း(စိုက်ပျိုးရေးဦးစီးဌာန)-ဦးသိန်းထိုက်(စိုက်ပျိုးရေးဦးစီးဌာန)၊ ဒေါ်စန္ဒာဝင်း၊ ဦးအောင်သန်းဦး-ဒေါ်အိအိဟန်တို့၏ဖခင်၊ မနန်းရွှေသဥ္ဇာလီ၏အဘိုးသည် ၁၉-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၁၀၇၃နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း(ခ)ဦးကြီး

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းသစ်၊ မွန်ကျောင်းလမ်း၊ အမှတ် ၅၁၊ တိုက် ၃၊ (မြေညီထပ်)နေ (ဦးဉာဏ်-ဒေါ်စီစီ)တို့၏သား၊ ဦးသိန်းအောင်-အန်တီမြင့်၊ ဦးကျော်သိန်းညွန့်-ဒေါ်ဘေဘီတို့၏ညီ/မောင်၊ ဦးမြင့်ငြိမ်း-ဒေါ်လှကျင်တို့၏အစ်ကို၊ [ဒေါ်စန်းမြင့်(ခ)ဒေါ်စိန်စိန်]၏ခင်ပွန်း၊ ဦးလှိုင်မင်းဦး-ဒေါ်စန္ဒာကျော်၊ ဦးဇော်ခိုင်ဦး-ဒေါ်ခင်စန်း ဝင်း(ခ)မစု၊ ဦးအောင်မြင့်မြတ်(ခ)အောင်ကြီးတို့၏ဖခင်၊ မနန္ဒာစုနိုင်၊ မဖူးမြတ်သူ၊ မပွင့်မြတ်သူ၊ မောင်ကျော်သီဟစိုး၊ မချောစုယဉ်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၈ရက် မွန်းလွဲ ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ရက် (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၈ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးနေမျိုးထွန်း

**(B.Sc,Forestry 1993)**

**လက်ထောက်ညွှန်ကြားရေးမှူး**

**သစ်တောဦးစီးဌာန၊ တာချီလိတ်ခရိုင်**

**အသက်(၅၂)နှစ်**

ပန်းတနော်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၁၁၅နေ (ဦးလှမြင့်)-ဒေါ်ခင်ရီထွန်းတို့၏သား၊ ဦးကျော်မျိုးထွန်း-ဒေါ်ခင်စန်းအေး(မြန်မာ့စီးပွားရေးဘဏ်၊ ပန်းတနော်မြို့)တို့၏ညီ၊ ဒေါ်အေးအေးမျိုး(ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန၊ တာချီလိတ်ခရိုင်)၏ခင်ပွန်း၊ မခိုင်ဆုသွေး၊ မကြော့ဆွေဇင်သိမ်း၊ မခိုင်ဆွေဇင်သင်းတို့၏ဖခင်သည် ၂၀-၁၂-၂၀၁၈ရက် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၈ရက် မွန်းလွဲ ၁ နာရီတွင် တာချီလိတ်မြို့၊ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုသူရအောင်ဇော်

**M.D Diamond Heart Travel & Tour Co.,Ltd**

**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဋ)ရပ်ကွက်၊ အမှတ် ၈၄၊ နဝရတ်လမ်း၊ ရတနာကျွန်းရိပ်သာနေ ဦးကြည်ဝင်း- ဒေါ်သန်းသန်းလေးတို့၏သား၊ (ဦးခင်မောင်သန်း)-ဒေါ်မေစီတို့၏သားသမက်၊ ဒေါ်ထက်ထက်အောင်(SMART GRAPHICDESIGN)၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ထက်ဦး၏ဖခင်၊ ကိုစည်သူမောင်၏အစ်ကိုသည် ၁၉-၁၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၄၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်တို့ ခရစ္စမတ်အကြို ဝတ်ပြုဆုတောင်းခြင်းနှင့် မိတ်သဟာယ ညစာစားပွဲ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၀

**နေပြည်တော် ခရစ်ယာန်အသင်းတော်များကောင်စီက ကြီးမှူးကျင်းပသည့် ခရစ္စမတ်အကြို ဝတ်ပြုဆုတောင်းခြင်းနှင့် မိတ်သဟာယ ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွှေချီ ရပ်ကွက်ရှိ မြန်မာနှစ်ခြင်း ခရစ်ယာန်အသင်းတော်၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ နေပြည်တော် ခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌနှင့် သိက္ခာတော်ရ ဆရာတော်များ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်ခရစ်ယာန် အသင်းတော်များမှ အသင်းဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ယုံကြည်သူများ အသင်းတော်မှ သိက္ခာတော်ရဆရာတော် ဦးရွှန်မွန်းက အဖွင့်ဆုတောင်းပေးပြီး နေပြည်တော် ခရစ်ယာန်အသင်းတော် များကောင်စီဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာတော် ဒေါက်တာဦးတင်မောင် အေးက ခရစ္စမတ်အကြို နှုတ်ခွန်းဆက် စကားပြောကြားသည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ခရစ်တော်၏ ချစ်ခြင်းမေတ္တာတရားကို ဂုဏ်ပြု ဖော်ညွှန်းပြီး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ခရစ္စမတ်အကြို ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရ ဆရာတော် ဦးချမ်းခေါက ခရစ္စမတ် ဓမ္မဒေသနာတော်ကို ဟောကြားပြီး ချင်းနှစ်ခြင်းအသင်းတော် (နေပြည်တော်)မှ သိက္ခာတော်ရဆရာတော် တိမောသေပါဟရန်းက ဆုတောင်း မေတ္တာပို့သသည်။

ဆက်လက်၍ နေပြည်တော်ခရစ်ယာန်အသင်းတော်များ ကောင်စီအတွင်း ရေးမှူး သိက္ခာတော်ရဆရာတော် ဦးစောရှမိုအေးလက ကျေးဇူးတင်စကား ပြောကြားသည်။

**ဓမ္မတေးသီချင်း သီဆို**

ထို့နောက် အရှိုချင်းနှစ်ခြင်း ခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရ ဆရာတော် ဦးလုဒင် ဦးဆောင်၍ တက်ရောက်လာကြသူများက ခရစ္စမတ် အကြိုဓမ္မတေးသီချင်းများကို သီဆိုကြသည်။

ယင်းနောက် နေပြည်တော် ခရစ်ယာန်အသင်းတော်များကောင်စီ အမှုဆောင်များက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက် လာကြသူများကို ခရစ္စမတ်လက်ဆောင် များပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီးတို့သည် မြန်မာနှစ်ခြင်း ခရစ်ယာန်အသင်းတော် မေခန်းမ၌ ကျင်းပသည့် မိတ်သဟာယညစာစားပွဲ သို့ တက်ရောက်ကြသည်။ **သတင်းစဉ်**





**ခရစ္စမတ်အကြို ဝတ်ပြုဆုတောင်းခြင်းနှင့် မိတ်သဟာယ ညစာစားပွဲ အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**
သတင်းစဉ်

# မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများ ရာသီကြိုပြင်ဆင်မှုများ ပြုလုပ်

ရန်ကုန် ဒီဇင်ဘာ ၂၀

**၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီလ ဒုတိယပတ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ကလပ်အသင်းများအနေဖြင့် ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်လျက်ရှိသည်။ ပြည်တွင်းကစားသမားများအပြင် ပြည်ပကစားသမားများကိုလည်း ခေါ်ယူအားဖြည့်လျက်ရှိပြီး ရှမ်းယူနိုက်တက်၊ ရာဝတီတို့မှာ သွက်လက်စွာ လှုပ်ရှားနေပြီး ကျန်အသင်းများမှာလည်း လိုအပ်နေသည့် နေရာများတွင် အားဖြည့်လျက်ရှိသည်။**

ရန်ကုန်အသင်းသည် လာမည့် ရာသီတွင် ပြည်တွင်းပြိုင်ပွဲများအပြင် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲနှင့် AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တို့ကို ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပြင်ဆင်မှုများ စနစ်တကျပြုလုပ်လျက်ရှိသည်။ ပြိုင်ပွဲနှစ်ခု ချန်ပီယံဖြစ်ခဲ့သည့် ကစားသမားများကို အခြေခံကာ ပြည်တွင်းကစားသမားသစ်နှစ်ဦး၊ ပြည်ပကစားသမားသစ်တစ်ဦး အားဖြည့်ထားသည်။ ပြီးခဲ့သည့်ရာသီက အသုံးပြုခဲ့သည့် နိုင်ငံခြားသား ကစားသမားများအနက် တိုက်စစ်မှူး ဆယ်လာ၊ ကွင်းလယ်လူ ယာမာဇာကီ၊ နောက်ခံလူ မိုကာလူးတို့ကို သက်တမ်းတိုးခဲ့ပြီး ဘရာဇီး ကွင်းလယ် တိုက်စစ်ကစားသမား မီလာကို အသစ်ခေါ်ယူခဲ့သည်။ ပြည်တွင်းကစားသမား ခေါ်ယူမှုအဖြစ် မင်းကိုသူ (ဟံသာဝတီ) နှင့် သက်ပိုင်စိုး (Southern) တို့ကို ခေါ်ယူထားသည်။

ရှမ်းယူနိုက်တက် အသင်းမှာမူ ပြည်တွင်းကစားသမားအချို့နှင့် လမ်းခွဲခဲ့သလို နိုင်ငံခြားသားကစားသမား လေးဦးစလုံးကိုလည်း သက်တမ်းတိုးခြင်းမရှိဘဲ အသစ်ခေါ်ယူလျက်ရှိသည်။ ပြည်တွင်း ကစားသမားခေါ်ယူမှုအဖြစ် နန္ဒကျော်၊ ဆက်ဖြိုးဝေ(မကွေး)၊ ရဲရင့်ထွန်း (ရတနာပုံ)၊ ပြည့်စုံအောင် (Southern)တို့ကို ခေါ်ယူထားသလို ပြည်ပကစားသမားများအဖြစ် ဘရာဇီးနိုင်ငံသားဖြစ်သော နောက်ခံလူ ဒီဒီမာ၊ ကွင်းလယ် တိုက်စစ်ကစားသမား ဂူစတာဗို၊ တိုက်စစ်မှူး မေကွန်တို့ကို ခေါ်ယူထားသည်။ ဂူစတာဗိုသည် ၂၀၁၆ ရာသီတွင် ရှမ်းအသင်း၌ ကစားဖူးပြီး တစ်ကျော့ပြန် ရောက်ရှိလာခြင်းဖြစ်သည်။ ယခုရာသီတွင် အပြောင်းအလဲများစွာ ပြုလုပ်ထားသည့် အသင်းမှာ ရာဝတီအသင်းဖြစ်ပြီး တစ်သင်းလုံးနီးပါးနှင့် လမ်းခွဲကာ ကစားသမားသစ်များ ခေါ်ယူထားသည်။ ခေါ်ယူထားသည့် ပြည်တွင်းကစားသမားများတွင် ကျော်ဇင်ဖြိုး၊ ကျော်ဇင်လွင်၊ လွင်မိုးအောင်၊ စိုးမိုးကျော် စသည့်ကစားသမားများ ပါဝင်လျက်ရှိသည်။ မကွေးအသင်းမှာလည်း လက်ရွေးစင်အဆင့် ကစားသမားများ ထွက်ခွာသွားသောကြောင့် ကစားသမားသစ်များ အားဖြည့်ထားသည်။

လာမည့်ရာသီတွင် ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်မည့် အသင်း များပြားလာဖွယ်ရှိနေပြီး ချန်ပီယံဆု လေးကြိမ်ရဖူးသည့် ရတနာပုံအသင်းမှာလည်း မောင်မောင်စိုး၊ လှိုင်မျိုးအောင် စသည့်ပြည်တွင်း ကစားသမား အနည်းငယ်ကိုသာ ခေါ်ယူထားသည်။ MNL အမှတ်ပေး ပြိုင်ပွဲမှာ ဇန်နဝါရီ ၁၂ ရက်တွင် စတင်မည်ဖြစ်သော်လည်း ဒီဇင်ဘာ ၂၀ ရက်အထိ ပွဲစဉ်ထွက်ပေါ်လာခြင်း မရှိသေးကြောင်း သိရသည်။

**ညီမြတ်သော်တာ**

# ရာဝတီမြစ်အထက်ပိုင်း၌ မြစ်ရေမြင့်တက်ခဲ့သောကြောင့် မြစ်ကြောင်းအတွင်းသွား ရေယာဉ်၊ သင်္ဘောများနှင့် သဲသောင်ခုံတွင် စိုက်ပျိုးနေထိုင်သူများ ဂရုပြုနေထိုင်ရန်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရာဝတီမြစ်ရေသည် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၃၅၉ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး တစ်ရက်အတွင်း ငါးပေခွဲခန့် မြင့်တက်ခဲ့သည်။

ရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်ငါးရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် သုံးပေမှ လေးပေခန့်၊ နောက် ရှစ်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်သည်။ **မိုး/ဇလ**

